The **Commerce** Journal

http://www.commercejournal.com.mm

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

# စီးပွားရေးသတင်းဂျာနယ်

VOL. 25, NO. 4 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | April 7, 2025




မင်္ဂလာမြီအချိန်ကာလအတွင်း ကျရောက်တော့မည့် မြန်မာ့ရိုးရာ အတာသင်္ကြန်နှင့်အတူ မြန်မာပြည်သူ ပြည်သားတို့
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နှစ်သစ်ကို ကူးပြောင်းနိုင်ပါစေကြောင်းနှင့် ကောမတ်ဂျာနယ်တွင်
ပါဝင်ရေးသားကြသည့်စာရေးဆရာများ၊ စာဖတ်ပရိသတ်များနှင့် ကြော်ငြာများ ထည့်သွင်းပေးပါသော
လုပ်ငန်းရှင်အပေါင်းတို့ နှစ်သစ်တွင် စီးပွားလာဘ်လာဘများ ဆတိုးပွားပြီး
လိုအင်ဆန္ဒအဝဝတို့ဖြင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ကောမတ်ဂျာနယ် အယ်ဒီတာအဖွဲ့





စာမျက်နှာ - ၆ ➢

## အကောက်ခွန်သက်သာခွင့် ရရှိမည့် ပင်ရင်းထုတ်ကုန်

စာမျက်နှာ - ၁၀ ➢

## ၂၀၂၅ ခုနှစ်အတွက် အာဆီယံဆာ လျှော့ချထားနိုင်

စာမျက်နှာ - ၂၀ ➢

## စတုတ္ထစက်မှုတော်လှန်ရေးနှင့် ဒစ်ဂျစ်တယ်အသိပညာ မြင့်မားရေး

စာမျက်နှာ - ၂၆ ➢




# EMIN

Testing & Measuring Everything

## စမ်းသပ်တိုင်းတာရေးလုပ်ငန်းများအတွက် အရည်အသွေးပြည့်ဝသော
## Testing & Measuring Instruments များ




လျှပ်စစ်တိုင်းတာရေး ကိရိယာများ

စက်ပစ္စည်းတိုင်းတာရေး ကိရိယာများ

သဘာဝပတ်ဝန်းကျင် တိုင်းတာရေး ကိရိယာများ

ဓာတ်ခွဲခန်းသုံး တိုင်းတာရေး ကိရိယာများ

ဆောက်လုပ်ရေးသုံး တိုင်းတာရေး ကိရိယာများ

ရေစမ်းသပ်တိုင်းတာရေး ကိရိယာများ


ACCREDITATION CERTIFICATE

VERIFICATION & CALIBRATION CENTER

EMIN VIETNAM JOINT STOCK COMPANY

ISO/IEC 17025:2017

DIRECTOR

Vietnam နိုင်ငံ သိပ္ပံ နှင့် နည်းပညာ အဖွဲ့အစည်းမှ Calibration Center အဖြစ် အသိအမှတ်ပြု လက်မှတ်ရရှိထားပါသည် ။

**အစရှိသောပစ္စည်းအမျိုးမျိုးကို Emin Myanmar တွင် ဝယ်ယူရရှိနိုင်ပါသည် ။**

Scan me!


## Emin Myanmar

09-266 993 007

www.emin.com.mm

အမှတ် (၅၁၁/B)၊ ဝေဇယန္တာလမ်း၊ (၄) ရပ်ကွက် ၊ ပါရမီ မီးပွိုင့်အနီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

# အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၁၁) သင်တန်းဖွင့်လှစ်

မတ် ၂၂ ရက်နံနက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး ရန်ကုန်တိုင်းဒေသကြီးတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း (စနေ၊ တနင်္ဂနွေ) အမှတ်စဉ် (၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်ရွှေထွန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံ သင်တန်းမှ သင်တန်းသားဟောင်းများ၊ သင်တန်းနည်းပြများနှင့် အပြည်ပြည်




ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၁၁)မှ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းမှာ သင်တန်းကာလ လေးလကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၀၅ ဦး တက်ရောက်ကြောင်း သိရသည်။

**TTI**

# ပို့ကုန်အမယ်သစ် ခနိုခြောက်တင်ပို့မှု



မြန်မာနိုင်ငံတောင်ဘက်ပိုင်းတွင် တည်ရှိသည့် မြိတ်မြို့သည် တနင်္သာရီတိုင်းဒေသကြီး၌ တည်ရှိပြီး လူဦးရေအများဆုံးနှင့် အကြီးဆုံးမြို့လည်းဖြစ်သည်။ စီးပွားရေးအရ အချက်အချာကျပြီး ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းများနှင့် ဆက်သွယ်မှု ကောင်းမွန်သည့် ဒေသလည်းဖြစ်သည်။ လှပလွန်းသည့် ကျွန်းစုများ၊ ရှေးဟောင်း ပင်လယ်အမွေအနှစ်များနှင့် အဆောက်အအုံများကြောင့် သာယာလှပသည့် မြို့တစ်မြို့ဖြစ်သည်။

မြိတ်မြို့တွင် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံတို့အပြင် အဆိုပါနိုင်ငံများမှတစ်ဆင့် တရုတ်နိုင်ငံတို့နှင့် ကုန်သွယ်မှု ပြုလုပ်နိုင်ရေးအတွက် မြိတ်ကုန်သွယ်ရေးစခန်းကို ၁၉၉၉ ခုနှစ် ဇူလိုင် ၁ ရက်ကတည်းက စတင်ဖွင့်လှစ်ထားခြင်းဖြစ်ပြီး ယခုအခါ နှစ်ပေါင်း ၂၆ နှစ်တိုင်ခဲ့ပြီဖြစ်သည်။

မြိတ်ကုန်သွယ်ရေးစခန်းသည် ပြည်ပပို့ကုန်တင်ပို့နိုင်မှုအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပို့ကုန် အမေရိကန်ဒေါ်လာ ၃၄ သန်း တင်ပို့ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွက် ပို့ကုန် အမေရိကန်ဒေါ်လာ ၅၅ သန်း တင်ပို့နိုင်ခဲ့သဖြင့် အမေရိကန်ဒေါ်လာ သန်း ၂၀ ပိုမိုတင်ပို့နိုင်ခဲ့သည်။ ယခုဘဏ္ဍာနှစ် ၂၀၂၄-၂၀၂၅ တွင် ဧပြီလမှ ဖေဖော်ဝါရီလအထိ ၁၁လတာကာလအတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၆၃ သန်း ဆောင်ရွက်ခဲ့သဖြင့် လျာထားချက်အပေါ် ၆၇ ရာခိုင်နှုန်းကျော် အမှန်တင်ပို့ဆောင်ရွက်နိုင်ခဲ့သည်။ အဓိက ပို့ကုန်ပစ္စည်းများမှာ ရော်ဘာ၊ ကြက်သွန်နီ၊ ပြောင်း၊ သီဟိုဠ်စေ့၊ ကွမ်းသီး၊ ငါးအမှုန့်၊ ငါးကြိတ်သား၊ မုတ်ခွံနှင့် ကဏန်းပျော့တို့ဖြစ်သည်။

မြိတ်မြို့ရှိ ငါးအမှုန့်စက်ရုံများမှ ထွက်ရှိသည့် ငါးအမှုန့်များနှင့် ရော်ဘာကုန်ကြမ်းစက်ရုံမှ ရော်ဘာကုန်ကြမ်းများကို ထိုင်းနိုင်ငံ သို့ တင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိရာ ရော်ဘာကုန်ကြမ်းပစ္စည်းများကို မြိတ်မှ မလေးရှားနိုင်ငံ၊ ပီနံသို့လည်းကောင်း၊ ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ခြင်းဖြင့်လည်းကောင်း၊ ကျန်ပို့ကုန်များကို မြိတ်မှ ထိုင်းနိုင်ငံ ရနောင်းမြို့သို့လည်းကောင်း အသီးသီးတင်ပို့လျက်ရှိသည်။

ထို့ပြင် မြိတ်မြို့ မှ ရေထွက်ပစ္စည်းအများစုသည် ကော့သောင်းစခန်း၊ မော်တောင်စခန်းတို့၏ ပို့ကုန်အဖြစ်လည်းကောင်း၊ မြိတ်မြို့ရှိ ရော်ဘာစက်ရုံမှ ရော်ဘာကုန်ကြမ်းများ၊ ငါးအမှုန့်စက်ရုံမှ ငါးအမှုန့်များနှင့် အခြားရေထွက်ပစ္စည်းများသည် ရန်ကုန်မြို့သို့ ရေလမ်း၊ ကုန်းလမ်းဖြင့် သယ်ဆောင်၍ တရုတ်နိုင်ငံသို့ တင်ပို့ခြင်းဖြင့် ပင်လယ်ရေကြောင်း ပို့ကုန်အဖြစ်လည်းကောင်း တင်ပို့ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် မြိတ်ကုန်သွယ်ရေးစခန်းသည် မိမိ၏ ပို့ကုန်တိုးမြှင့်ရေးကို ဆောင်ရွက်ခြင်းဖြင့် ကော့သောင်း၊ မော်တောင်နှင့်ပင်လယ်ရေကြောင်း ပို့ကုန် တိုးမြှင့်ရေးအတွက်ပါ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည့် ကုန်သွယ်ရေးနယ်စပ်စခန်း တစ်ခုဖြစ်သည်။

ကော့သောင်း၊ မော်တောင်နှင့် ပင်လယ်ရေကြောင်း ပို့ကုန်တိုးမြှင့်ရေး အထောက်အပံ့ပြုလျက်ရှိသည့်အပြင် မိမိစခန်းပို့ကုန်တိုးမြှင့်ရေးအတွက် ယခင်နှစ်များက တင်ပို့မှုရှိခဲ့ပြီး ယခုအခါ တင်ပို့မှု ကွယ်ပျောက်လျက်ရှိသည့် ပို့ကုန်အမယ်များဖော်ထုတ်ခြင်း၊ ပို့ကုန်အမယ်သစ်အတွက် ဈေးကွက်ရရှိရေး ချိတ်ဆက်ပေးခြင်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

မြိတ်ကုန်သွယ်ရေးစခန်းက ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် ဒေသထွက် ခနိုခြောက်များ ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် တစ်ဖက်နိုင်ငံ ဝယ်လက်များ ရှာဖွေခြင်း၊ ဒေသလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးခြင်း၊ မိမိပို့ကုန်ဈေးကောင်းရရှိရေး ညှိနှိုင်းပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မြိတ်မြို့နယ် ပသောင်းရွာ၊ တောင်းရှည်ရွာ၊ တုံးပျောရွာများနှင့် ပုလောမြို့နယ်တို့မှ ထွက်ရှိသည့် ခနိုခြောက် ဒေသအခေါ် ဖက်ဖူးခြောက်များကို ထိုင်းနိုင်ငံတွင် ဖက်ဖူးဆေးလိပ်များ ပြုလုပ်ရန်အတွက် ဝယ်ယူခြင်းဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြိတ်မှ ရနောင်း ၊ ထိုင်းနိုင်ငံသို့ တန်ချိန် ၂၀၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၀၀၀ နီးပါး တင်ပို့နိုင်ခဲ့သည်။

လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဒေသထွက် ခနိုခြောက်များ ထိုင်းနိုင်ငံသို့ ပိုမိုတင်ပို့ နိုင်ရေးအတွက် ဒေသခံ ပို့ကုန်လုပ်ငန်းရှင်များ နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး မြိတ်ကုန်သွယ်ရေးစခန်းက ဆက်လက် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်သည်။

**မြိတ်ကုန်သွယ်ရေးစခန်း**

Commerce JOURNAL

အတိုင်ပင်ခံစာတည်း
သောင်းနိုင်၊ နီနီကျော်

စာတည်းမှူးချုပ်
ငွေစိုး

တာဝန်ခံစာတည်း
စိန်သံ

စာတည်းအဖွဲ့
ကျော်ကျော်

အုပ်ချုပ်ရေးမှူး
ဖြူဖြူဝင်း

လက်ထောက်စာတည်း
ယဉ်ယဉ်အေး

သတင်းထောက်များ
သဇင်(မအူပင်)
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သင်းသင်းအေး(မုံရွာ)
မျိုးဝင်းသန်း(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)

Proof & Layout Design ကြီးကြပ်
အိမ့်သဇင်ခိုင်

ကြော်ငြာတာဝန်ခံ
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

ထုတ်ဝေသူ
ဦးမျိုးခိုင်ဝင်း (၀၀၉၇၇)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

ဖြန့်ချိရေး
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

ကွန်ပျူတာ
အိမ့်သဇင်ခိုင်

Layout Design & Graphic Design
CJ Design Group

ပုံနှိပ်သူ
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

Email Address
commercejournal.editor@gmail.com


Myanmar Classic Group Co.,Ltd.
CHIGO
MCG
AUFIT
DAIKIN
Solar, Inverter, Battery နဲ့ အထူးအသင့်တော်ဆုံးအဲကွန်း
MCG Inverter QA Series
TMS-25V-1C QA (1HP)
234.5 V
0 1.69 A
00281 W
အမြို့မြို့ အနယ်နယ်ရှိ အီလက်ထရောနစ်ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။
No (202/A), Lower Kyeemyindaing Road, Ahlone Township, Yangon.
Phone - 01 822 70 34, 01 230 2083, 09 259 33 55 11, 09 259 33 55 66, 09 259 33 55 88
CHIGO
CHIGO Aircon Company
မှ တင်သွင်း ဖြန့်ဖြူး ရောင်းချ ပေးပါသည်။

# CAT CITY ALUMINIUM TECHNOLOGY


## Aluminium Door & Window



Thu Nandar (1) Street ,No (82,83,84), Myaytine No (28), Shwe Lin Ban(15) Quarter, Hlaing Tharyar Township, Yangon, Myanmar.

+959 77700 5721 / +959 77700 5744

bdd@cat-alu.com/ bdd2@cat-alu.com






အလူမီနီယမ်ပြတင်းပေါက်များသည် ယနေ့ခေတ်တွင် ရေပန်းစားသော ရွေးချယ်မှုတစ်ခု ဖြစ်လာပါသည်။ ၎င်းတို့၏ တာရှည်ခံမှု၊ သေသပ်မှု၊ ဆန်းသစ်သောဒီဇိုင်း၊ ရာသီဥတုဒဏ်ကို ထိရောက်စွာကာကွယ်နိုင်မှုနှင့် ခေတ်မီလှပမှုတို့ကြောင့် အိမ်ပိုင်ရှင်များနှင့် ဆောက်လုပ်ရေးသမားများအတွက် ပထမဦးစားပေး ရွေးချယ်မှုတစ်ခုဖြစ်ပါသည်။

## အကျိုးကျေးဇူးများ

✓ **တာရှည်ခံမှု** - အလူမီနီယမ်ဘောင်များသည် ခိုင်ခံ့ပြီးချေးစားမှုများ၊ ခြစားမှုများကိုခံနိုင်ရည် ရှိပြီး ပြင်းထန်သော ရာသီဥတုအခြေအနေများကို ခံနိုင်ရည်ရှိကာ တစ်သက်တာ ကြာရှည်ခံစေသည်။

✓ **ပြုပြင်ထိန်းသိမ်းမှုနည်းခြင်း** - သေသပ်လှပသော Coating ဆေးသားသည် ရာသီဥတုဒဏ်ခံနိုင်ပြီး ထိန်းသိမ်းရလွယ်ကူပါသည်။

✓ **စွမ်းအင်ထိရောက်မှု** - ခေတ်မီအလူမီနီယမ်ပြတင်းပေါက်များသည် အပူကူးနှေးသော ကြားခံ များပါရှိခြင်း/ မှန်အမျိုးအစားများစွာကို ရွေးချယ်နိုင်ခြင်းဟူသော ကောင်းကျိုးများကြောင့် မိမိတို့ အဆောက်အဦးတွင် တပ်ဆင်ထားသောခါ ဆောင်းရာသီ၌ ပြင်ပအအေးဒဏ်ကိုလျှော့ချနိုင်ပြီး အဆောက်အဦးအတွင်းအနွေးဓာတ်ကိုထိန်းပေးပြီး၊ နွေရာသီတွင် ပြင်ပအပူဒဏ်ကို အဆောက်အဦး အတွင်းဝင်ရောက်မှု နည်းအောင် ကာကွယ်ပေးခြင်းဖြင့် စွမ်းအင်ထိရောက်မှုကို မြှင့်တင်ပေးနိုင်ပါသည်။

✓ **သေသပ်လှပသော အလှတရား** - အလူမီနီယမ်ပြတင်းပေါက်များသည် ပုံမှန်အားဖြင့် ခိုင်မာ သေသပ်သောဘောင်တစ်ခုရှိပြီး မိမိတို့စိတ်တိုင်းကျ ပြတင်းပေါက် အကျယ်ကိုလိုအပ်သလို ဆုံးဖြတ် နိုင်၍ သဘာဝအလင်းရောင်ကို အများဆုံးရရှိစေသည့် ပိုမိုခေတ်မီပြီး စိတ်ကျေနပ်စေသော အသွင်အပြင်ကို ပေးဆောင်သည်။

✓ **ပြန်လည်အသုံးပြုနိုင်မှု** - အလူမီနီယမ်ပြတင်းပေါက်များသည် 100% ပြန်လည် အသုံးပြု နိုင်ပြီး အခြားပစ္စည်းများနှင့် နှိုင်းယှဉ်ပါက Eco-frendly ရွေးချယ်မှုတစ်ခုဖြစ်သည်။

✓ **ဘက်စုံသုံးနိုင်မှု** - စိတ်ကြိုက်ရွေးချယ်နိုင်သော စတိုင်အမျိုးမျိုးကြောင့်တံခါး/ ပြတင်းပေါက်များကို လိုအပ်သလိုပုံဖော် အသုံးပြုနိုင်ပါသည်။

✓ **လုံခြုံရေး** - အလူမီနီယံဘောင်များသည် ခိုင်ခံ့ပြီးပျက်စီးမှုကို ခံနိုင်ရည်ရှိသောကြောင့်၊ သင့်အိမ်အတွက် သဘာဝဘေးမှလည်း ကောင်းမွန်သော လုံခြုံရေးကို ပေးဆောင်နိုင်ပါသည်။

# ဒြပ်မဲ့ယဉ်ကျေးမှုနှင့် မြန်မာ့ရိုးရာသနပ်ခါး

စန္ဒာစိုးလွင် (မကွေး)



မြန်မာ့ရိုးရာသနပ်ခါးကို မြန်မာပြည်၌ ကလေးအရွယ်မှစ၍ ဘိုးဘွားများအထိ နှစ်သက်မြတ်နိုးစွာ လိမ်းခြယ်လေ့ရှိကြသည်။ အမျိုးသမီးများသာမက မြန်မာအမျိုးသားများပါ လိမ်းခြယ်ကြသည်။ သနပ်ခါးသည် မြန်မာ့နံ့သာ ဆယ်မျိုးတွင် အခေါက်နံ့ သာတစ်မျိုးဖြစ်သည်။ မြန်မာ့သနပ်ခါးသည် သနခါပဟူသော စကားမှ ဆင်းသက်လာပြီး သနဆိုသည်မှာ မြန်မာ့အဘိဓာန်တွင် မသန့်မရှင်းဖြစ်သည်။ ယုတ်ညံ့သွားသည်ဟုဆိုသည်။ ခါ ကမူ စွန့်ထုတ်ခြင်းဟု အဓိပ္ပာယ်ရသည်။ အဓိပ္ပာယ်မှာ မကောင်းသော အညစ်အကြေးများကို စွန့်ထုတ်ပေးသောအရာဟု ဆိုလိုသည်။ သနခါမှ ကာလ ရွေ့လျားလာသည့်အခါ သနပ်ခါးဟု ပြောင်းလဲလာခြင်းဖြစ်သည်ဟု လေ့လာမှတ်သားရပါသည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့များစွာ ရှိသည့်အနက်မှ မြန်မာ့ရိုးရာသနပ်ခါး ယဉ်ကျေးမှုမှာ ယနေ့တိုင် တည်ရှိနေဆဲပင်ဖြစ်သည်။

### မြန်မာ့သနပ်ခါး

မြန်မာအမျိုးသမီးများသည် သနပ်ခါးကို လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းက လိမ်းကျံအလှခြယ်သကြသော ပစ္စည်းအဖြစ် အသုံးပြုခဲ့ကြသည်။ သနပ်ခါးသည် စိတ်ကြည် လင်လန်းဆန်းဖွယ်ရာ သင်းပျံ့သောရနံ့နှင့် ပြည့်စုံခြင်း၊ အသားအရေကို အေးမြစေခြင်း၊ အသားအရေချောမွေ့စေခြင်း၊ သနပ်ခါး လိမ်းကျံထားသူအား လှပစေခြင်း အစရှိသည့် ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသည်။ ကျေးလက်နေလုံမေများသာမက အမျိုးသမီးအများစုတို့သည် သနပ်ခါးကို နေ့စဉ်နေ့တိုင်း နှစ်ခြိုက်စွာလိမ်းခြယ်လေ့ရှိကြသည်။ သနပ်ခါးသည် မြန်မာနိုင်ငံ ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသည့်အပြင် နေပူဒဏ်ကို ခံနိုင်ရည် သတ္တိရှိသည့်အတွက် တောသူ လုံမပျိုတို့သည် လယ်တော၊ ယာတောထဲဆင်းသည့်အခါ သနပ်ခါးပါးကွက်ကျားကို ထူထူ လိမ်းခြယ်လေ့ရှိကြသည်။ ယခုလို ပူပြင်းသည့် နွေရာသီကာလ တွင် ခရမ်းလွန်ရောင်ခြည်ဒဏ်မှ ကာကွယ်နိုင်ရန် သနပ်ခါးကို ထူထူလိမ်းခြယ်သင့်သည်။

### သနပ်ခါးစိုက်ပျိုးခြင်း

သနပ်ခါးပင်ကို မြန်မာနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် တွေ့ရှိရသည်။ မြန်မာ့သနပ်ခါးသည် မြန်မာတစ်မျိုးသားလုံးနှင့် သက်ဆိုင်သော ရိုးရာယဉ်ကျေးမှု အမွေအနှစ် တစ်ခုဖြစ်သည့်အပြင် အပူပိုင်းဒေသ၏ ရတနာ တစ်ပါးလည်းဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးတွင် သနပ်ခါးစိုက်ပျိုးမှု ဧရိယာ သုံးသိန်းမှ လေးသိန်းကြားရှိသောကြောင့် အပူပိုင်းဒေသ၏ စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုပြောင်းလဲမှု ကာကွယ်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည်။

သနပ်ခါးသည် မြန်မာနိုင်ငံ အပူပိုင်းဒေသများရှိ ချောက်ကြို ချောက်ကြား၊ တောင်ကတုံးများတွင် သဘာဝအတိုင်း ဖြစ်ထွန်းအောင်မြင် ပေါက်ရောက်လျက်ရှိသည့်အပြင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ ယာမြေများတွင်လည်း စီးပွားဖြစ်စိုက်ပျိုးကြပြီး အိမ်ခြံဝင်းထဲတွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးလေ့ရှိကြသည်။ သနပ်ခါးပင်သည် (၂၀ ပေမှ ၃၀)ပေအထိ မြင့်သည့် အပင်လတ်တစ်မျိုးလည်းဖြစ်သည်။ သနပ်ခါးပင်ကို ပထမတစ်ကြိမ်ခုတ်ပြီး မြေကြီးထဲမှ အမြစ်များကို တစ်ထွာခန့် တူးယူပြီးနောက် အသစ်ထွက်ရှိလာသည့် သားတက်များမှ သန်မာသည့် အသားတက်တစ်ခုနှစ်ခုကို ချန်၍ ဆက်လက်ထားရှိခြင်းဖြင့် ထပ်မံစိုက်ပျိုးရန် မလိုသောကြောင့် အပူပိုင်းဒေသ၏ ပဒေသာပင်ဟု တင်စားခေါ်ဝေါ်လေ့ရှိသည်။ သနပ်ခါးပင်များကို ပခုက္ကူ၊ မြိုင်၊ ရေစကြို၊ ပေါက်၊ ဆိပ်ဖြူ၊ မြင်းခြံ၊ ပြည်၊ ရွှေဘို၊ ကျောက်ကာ၊ စစ်ကိုင်း၊ မြင်းမူ၊ ကနီစသည့် အပူပိုင်းဒေသများတွင် အများဆုံး တွေ့ရသည်။

မြန်မာနိုင်ငံတွင် သနပ်ခါးကိုအပူပိုင်းဒေသများတွင် အများဆုံး စိုက်ပျိုးကြရာ သနပ်ခါး အမျိုးအမည်များစွာရှိသည့်အနက် ရှင်မတောင်သနပ်ခါးမှာ အထူးနာမည်ကျော်ကြားလှပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာအဖြစ် သနပ်ခါးစိုက်ဧက လေးသိန်းခန့်ရှိကြောင်း လေ့လာသိရှိရသည်။

သနပ်ခါးဈေးကွက်အနေဖြင့် ပခုက္ကူမြို့သည် သနပ်ခါးများဆုံစည်းရာ စီးပွားရေးမြို့တော်ဖြစ်သည့် အားလျော်စွာ နေ့စဉ်သနပ်ခါးအပင် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မြန်မာနိုင်ငံအနှံ့ အပြားသို့ တင်ပို့ဖြန့်ဖြူးလျက်ရှိကြောင်း လေ့လာသိရှိရသည်။ အရည်အသွေးကောင်းပြီး သင်းပျံ့မွှေးကြိုင်သော မြန်မာ့သနပ်ခါးကို စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ပြီး သနပ်ခါးစစ်စစ်ကို ရရှိစေရန် ပခုက္ကူခရိုင်၌ ရှင်မတောင်သနပ်ခါး စိုက်ပျိုးရောင်းချသူများအသင်းကိုလည်း ဖွဲ့စည်းထားရှိပြီး သဘာဝအော်ဂဲနစ်ထွက်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ(၁၉)သို့

## ဘုရင့်နောင် ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ပြည်တွင်း တစ်တန် ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၏ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန် ဈေးနှုန်းများ နှိုင်းယှဉ်ရာ၌ မတ်ပဲတစ်တန် ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ၂၉၁၂၀၀၀ ကျပ်ရှိရာမှ ၂၀၂၅တွင် ၃၀၀၈၀၀၀ ကျပ်သို့လည်းကောင်း၊ ပဲတီစိမ်း တစ်တန်ဈေးနှုန်းမှာ ၂၀၂၄တွင် ၁၉၉၀၃၀၀ ကျပ်ရှိရာမှ ၂၀၂၅တွင် ၃၂၇၆၃၀၀ ကျပ်သို့လည်းကောင်း၊ ပဲလွန်းဖြူ တစ်တန်ဈေးနှုန်းမှာ ၂၀၂၄တွင် ၂၀၉၄၄၀၀ ကျပ်ရှိရာမှ ၂၀၂၅တွင် ၂၄၃၁၂၀၀ ကျပ်သို့လည်း ကောင်း အသီးသီးဈေးမြင့်တက်သွားပြီး ပဲစင်းငုံအနေဖြင့် ၂၀၂၄တွင် ၃၆၇၂၀၀၀ ကျပ်ရှိရာမှ ၂၀၂၅တွင် ၂၉၉၅၀၀၀ ကျပ်သို့လည်းကောင်း ဈေးကျဆင်းသွားသည်ကိုတွေ့ရှိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ပဲစင်းငုံနှင့် မတ်ပဲကို လွတ်လပ်စွာတင်သွင်းခွင့် မူဝါဒကို ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ သက်တမ်းတိုးမြှင့်လိုက်သည့်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ပဲစင်းငုံနှင့် မတ်ပဲအတွက် ဈေးကွက်အခွင့်အလမ်းများ ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် ပဲစင်းငုံနှင့် မတ်ပဲအား စီးပွားဖြစ်ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။


**ဇာစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ်တို့၏ မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူ နှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**

**ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းကာလတူနှိုင်းယှဉ်ချက်**

ရေတွက်ပုံ- တန်/ကျပ်

| စဉ် | လအမည် | မတ်ပဲ | ပဲတီစိမ်း | ပဲလွန်းဖြူ | ပဲစင်းငုံ |
|---|---|---|---|---|---|
| ၁ | ၂၀၂၄( မတ်လ) | ၂၉၁၂၀၀၀ | ၁၉၉၀၃၀၀ | ၂၀၉၄၄၀၀ | ၃၆၇၂၀၀၀ |
| ၂ | ၂၀၂၅(မတ်လ) | ၃၀၀၈၀၀၀ | ၃၂၇၆၃၀၀ | ၂၄၃၁၂၀၀ | ၂၉၉၅၀၀၀ |

ဇစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ် တို့၏ မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။



# ပခုက္ကူ ပဲ၊ ပြောင်း၊ နှမ်းဈေးကွက်

**အစေ့ထုတ်ပြောင်း**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်တွင် အစေ့ထုတ်ပြောင်း (CP) သီးနှံကိုလည်း စီးပွားဖြစ် စိုက်ပျိုးလျက်ရှိသည်။

အစေ့ထုတ်ပြောင်း(CP)ကို ပြည်တွင်းမွေးမြူရေးလုပ်ငန်းများတွင် ကုန်ကြမ်းတိရစ္ဆာန် အစာအဖြစ်အသုံးပြုပြီး အပင်များကို ကျွဲနွားများအစာအဖြစ် အသုံးပြုကြသည်။ ပြည်ပပို့ကုန်အဖြစ် ထိုင်း၊ တရုတ်နိုင်ငံများသို့လည်း နှစ်စဉ်တင်ပို့နိုင်၍ ပြည်တွင်း ဈေးကွက်ခိုင်မာပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ဧပြီလဆန်းပိုင်းတွင် အစေ့ထုတ်ပြောင်း (CP)ဝင်ရောက်မှုအနေဖြင့် နေ့စဉ်တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၃၀၀-၅၀၀ တစ်ပတ်အတွင်း အိတ်ရေ ၃၀၀၀ ခန့် ဝင်ရောက်အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ယခုအချိန်တွင် ဒေသတွင်း သီးနှံပေါ်ချိန်ဖြစ်၍ ဈေးကွက်သို့ ကုန်ဝင်ရောက်မှုများ၍ ဈေးအေးနေကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် သီးနှံပေါ်စ ဖေဖော်ဝါရီလတွင် ဒေသပေါက်ဈေး အစေ့ထုတ်ပြောင်း(CP) တစ်တင်းလျှင် ကျပ် ၂၅၀၀၀-၂၆၀၀၀ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာမှ မတ်လ (ပထမ)ပတ်တွင် ပြည်ပဝယ်လိုအားကောင်း၍ တစ်တင်းလျှင် ကျပ် ၂၇၀၀၀ သို့ ဈေးတက်ပြီး ဧပြီလဆန်းတွင် တစ်တင်းလျှင် ကျပ် ၂၅၀၀၀ သို့ ဈေးပြန်လည်ကျဆင်းခဲ့သည်။ အစေ့ထုတ်ပြောင်း (CP)ကို ပြည်တွင်းသုံးစွဲမှုနည်းသော်လည်း ပြည်ပပို့ကုန်အဖြစ် အများဆုံးတင်ပို့ပြီး ထိုင်း၊ တရုတ်နိုင်ငံမှ တိရစ္ဆာန်အစားအစာကုန်ကြမ်းအဖြစ် ဝယ်ယူမှုများ၍ ဈေးကွက်ခိုင်မာမှုရှိကြောင်း သိရှိရသည်။

**ကုလားပဲ**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့သည် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ မတ်လစတုတ္ထပတ်၌ ပခုက္ကူမြို့ ပဲဈေးကွက်တွင် ဒေသတွင်းစိုက်ခင်းများမှ ကုလားပဲသီးနှံများ ရိတ်သိမ်းချိန်ဖြစ်၍ ဈေးကွက်သို့ ကုလားပဲ(အသစ်)များ ဝင်ရောက်ပြီး သီးနှံ(အသစ်) ပေါ်ချိန်ဖြစ်၍ ဈေးအနည်းငယ်ကျဆင်းလျက်ရှိသည်။

**ကျွန်းစားတော်ပဲ**

ယခုနှစ် ဖေဖော်ဝါရီလ စတုတ္ထပတ်မှစ၍ ယောနယ်ဒေသထွက် ကျွန်းစားတော်ပဲ(အသစ်)များ ပွဲရုံဈေးကွက်တွင်



စတင်ဝင်ရောက်လျက်ရှိကြောင်း၊ ဈေးကွက်သို့ ကျွန်းစားတော်ပဲ စိုက်ပျိုးမှုများသော ပခုက္ကူ၊ မြစ်ခြေ၊ ကမ္မ၊ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထု၊ လောင်းရှည်ဒေသများနှင့် ပေါက်၊ ဆိပ်ဖြူမြို့မှထွက်ရှိသော စားတော်ပဲများ ပွဲရုံများသို့ နေ့စဉ်ဝင်ရောက်ကြောင်း၊ သီးနှံ(အသစ်) ပေါ်ချိန်ဖြစ်၍ ဈေးအေး၍ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ဧပြီလဆန်းတွင် သီးနှံပေါ်စ ကျွန်းစားတော်ပဲ တစ်တင်းလျှင် ကျပ် ၁၂၀၀၀၀ ဖြစ်ပြီး ယခင်နှစ် သီးနှံပေါ်ချိန်က စားတော်ပဲတစ်တင်း ကျပ် ၁၀၀၀၀၀ ဖြစ်ခဲ့၍ ယခုနှစ်တွင် ကျပ် ၂၀၀၀၀ ဈေးတက်လာခဲ့သည်။ ပွဲရုံဈေးကွက်သို့ တစ်ရက်လျှင် ကျွန်းစားတော်ပဲ (အသစ်) ပိဿာ ၃၀ ဝင်အိတ် ၁၀၀ မှ ၂၀၀ ထိ ဝင်ရောက်ကြောင်း သိရသည်။

**မြေပဲ**

ပခုက္ကူပွဲရုံဈေးကွက်တွင် ဖြစ်ပေါ်နေသော မြေပဲဈေးနှုန်းများမှာ ဧပြီလဆန်းတွင် မြေပဲအတောင့်(အခြောက်) တစ်ပိဿာလျှင် ကျပ် ၅၀၀၀ - ၄၅၀၀ - ၃၀၀၀၊ မြေပဲလုံးဆန်နီ တစ်ပိဿာလျှင် ကျပ် ၉၂၀၀-၉၁၅၀-၉၀၀၀၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာလျှင် ကျပ် ၉၁၅၀-၉၀၀၀၊ ဆီဆန်တစ်ပိဿာလျှင် ကျပ် ၈၆၀၀-၇၀၀၀၊ ဆုံမြေပဲဖတ်တစ်ပိဿာလျှင် ကျပ် ၅၆၀၀-၅၅၀၀-၅၃၀၀၊ စက်ပဲဖတ် တစ်ပိဿာလျှင် ကျပ် ၅၇၀၀-၅၆၀၀ ဈေးဖြင့်အရောင်းအဝယ်ဖြစ်ပြီး ယခင်မတ်(ပထမပတ်)နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက ဈေးငြိမ်၍ အရောင်းအဝယ်ဖြစ်ကြောင်း၊ ပခုက္ကူမြေပဲဈေးကွက်သို့ ဆောင်း မြေပဲ (အသစ်)များ ပခုက္ကူ /မြိုင်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ယောနယ်(ထီးလင်း၊ ဂန့်ဂေါ) ဒေသများမှ ဝင်ရောက်လျက်ရှိပြီး ကုန်ဝင်သလောက် အရောင်းအဝယ်ဖြစ်ကြောင်း၊ မြို့ပေါ်ရှိ ဆီစက်လုပ်ငန်းရှင်များမှ ဝယ်ယူမှုများခြင်းအပြင် မန္တလေးဈေးကွက်သို့ တင်ပို့လျက်ရှိပြီး ထိုမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိ၍ မြေပဲဈေးနှုန်း သိသိသာသာကျဆင်းခြင်းမရှိဘဲ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**နှမ်း**

ယခုအချိန်သည် နှမ်းရာသီပေါ်ချိန်မဟုတ်၍ ဈေးကွက်သို့ ကုန်ဝင်ရောက်မှုနည်းပြီး အဟောင်းများသာ အရောင်းအဝယ်ဖြစ်ကြောင်း၊ မြိုင်မြို့နယ်ဒေသထွက် နှမ်းနက် (စမုန်)များ ကုန်ချိန်အများဆုံး ဝင်ရောက်ကြောင်း၊ တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၁၀၀-၁၅၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း၊ ပြည်တွင်းသုံးစွဲမှုအပြင် ပြည်ပအဝယ်လိုက်၍ ကုန်ဝင်သလောက် အရောင်း အဝယ်ဖြစ်ကြောင်း ဈေးကွက်မှ သိရသည်။

ဈေးနှုန်းအနေဖြင့် နှမ်းအမျိုးအစား နှင့်အရည်အသွေးလိုက်၍ နှမ်းနက်(စမုန်)တစ်တင်းလျှင် ကျပ် ၂၃၅၀၀၀-၂၁၀၀၀၀၊ နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၁၂၄၀၀၀-၁၁၉၀၀၀၊ နှမ်းဝါတစ်တင်းလျှင် ကျပ် ၁၀၅၀၀၀-၁၀၃၀၀၀ အရောင်းအဝယ်ဖြစ်ပြီး နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၂၆၀၀၀-၁၂၁၀၀၀၊ နှမ်းဝါ တစ်တင်းလျှင် ကျပ် ၁၁၁၀၀၀-၁၀၉၀၀၀-၁၀၆၀၀၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး နှမ်းဈေးငြိမ်နေကြောင်း သိရသည်။

**ပဲလွမ်းပြာ**

ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ မြစ်ခြေ၊ ကမ္မဒေသရှိ ကျွန်းရွာများနှင့် ထီးလင်း၊ ဂန့်ဂေါမြို့ ယောနယ်ဒေသများမှ ထွက်ရှိသော ပဲလွမ်းပြာသီးနှံများ ဈေးကွက်သို့ စတင်ဝင်ရောက်လာပြီး ဈေးနှုန်းအနေဖြင့် သီးနှံပေါ်စ တစ်တင်းလျှင် ကျပ် ၆၅၀၀၀၊ ဧပြီလဆန်းပိုင်းတွင် ကျပ် ၇၂၀၀၀ ဈေးဖြင့် ပဲလွမ်းပြာ တစ်တင်းလျှင် ကျပ် ၇၀၀၀ ခန့် ဈေးတက်လာခဲ့သည်။ ဈေးကွက်သို့ တစ်ရက်လျှင် ပဲလွမ်းပြာပိဿာ ၃၀ ဝင်အိတ် ၅၀၀ မှ ၇၀၀ ထိ ဝင်ရောက်ကြောင်း၊ ပဲလွမ်းပြာသီးနှံသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး စားသုံးမှုအနေဖြင့် မြန်မာ့ရိုးရာမုန့်မျိုးစုံတွင် ထည့်သွင်းအသုံးပြုမှုများ၍ ပြည်တွင်းစားသုံးမှုများသော သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။ **မြင့်မြင့်သန်း (ပခုက္ကူ)**

# ပြည်ပဲဈေးကွက်ရှိ ဆောင်းပဲသီးနှံများ၏ နှစ်အလိုက်ကာလတူ ဈေးနှုန်းနှိုင်းယှဉ်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲဈေးကွက်တွင် ဆောင်းပဲသီးနှံများ ပဲအဝင်များချိန်ဖြစ်ပြီး နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ကြရာ ပြည်ပဝယ်လက်ရှိသော ပဲများနှင့် ပြည်တွင်းဝယ်လက်ရှိသော ပဲများ လက်လီ/လက်ကားရောင်းဝယ်လျက်ရှိသည်။

မတ်ပဲ၊ ပဲစင်းငုံ၊ ပဲကြီး၊ ကုလားပဲ စသည့် သီးနှံများမှာ ပဲအားလုံးနီးပါး ရိတ်သိမ်းပြီးချိန်ဖြစ်သဖြင့် နေ့စဉ် အိတ်အများအပြား ဝင်ရောက်လျက်ရှိပြီး ပြည်ပဝယ်လိုအားရှိသော ပဲများနှင့် ပြည်တွင်း အဓိကဝယ်ယူစားသုံးမှုရှိသည့်ပဲများ၏ နှစ်အလိုက်ဈေးနှုန်းများအား အောက်ပါအတိုင်း လေ့လာသိရသည်။

**တင်း/ကျပ်**

| စဉ် | ပဲအမျိုးအစား | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|
| ၁။ | မတ်ပဲ | ၂၇၀၀၀ | ၄၇၅၀၀ | ၆၁၅၀၀ | ၉၅၀၀၀ | ၉၃၀၀၀ |
| ၂။ | ပဲစင်းငုံ | ၂၄၀၀၀ | ၄၄၅၀၀ | ၆၉၀၀၀ | ၁၁၆၅၀၀ | ၉၃၅၀၀ |
| ၃။ | ကုလားပဲ | ၂၅၅၀၀ | ၄၃၅၀၀ | ၆၇၅၀၀ | ၉၇၀၀၀ | ၉၀၀၀၀ |
| ၄။ | ပဲကြီး | ၃၀၀၀၀ | ၆၀၅၀၀ | ၈၁၀၀၀ | ၁၁၀၅၀၀ | ၇၈၀၀၀ |
| ၅။ | ဗိုလ်ကိတ် | ၃၆၀၀၀ | ၃၅၅၀၀ | ၄၈၀၀၀ | ၆၆၀၀၀ | ၇၃၀၀၀ |

မတ်ပဲသီးနှံအနေဖြင့် ပြည်ခရိုင်တွင် ဆောင်းပဲအဖြစ်စိုက်ပျိုးမှုများရှိကာ ဇန်နဝါရီလဆန်းပိုင်းမှစ၍ ဝင်ရောက်မှုရှိလာပြီး ပဲဈေးမှာ တစ်တင်း ကျပ် ၁၁၀၀၀၀ ရရှိခဲ့သည်။ ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ ပဲဈေးနှုန်း ဈေးပြန်လျော့ကျသွားသည့်အတွက် ကျပ်တစ်သိန်းအောက် လျော့နည်းသွားခဲ့သည်။

ပဲအထွက်လှိုင်ချိန်ဖြစ်လာသည့်အတွက် ဈေးကွက်အတွင်း နေ့စဉ်ပဲသစ်များ ပြည်အနီး တစ်ဝိုက်ဒေသများမှဝင်ရောက်မှုရှိခဲ့သည့်အတွက် တစ်ရက်လျှင် အိတ် ၉၀၀ ကျော်အထိ ဝင်ရောက်လာခဲ့သည်။ မတ်ပဲတစ်တင်း ကျပ် ၉၃၀၀၀ ဖြင့်သာ ရောင်းဝယ်နေရသည့်အတွက် ယခုနှစ် ပဲဈေးအေးနေခဲ့သည်ကို တွေ့ရသည်။ ယခင်နှစ်က ယခုကာလပဲတစ်တင်း ကျပ် ၉၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည့်အတွက် ယခုနှစ်ပဲဈေးမှာ ယခင်နှစ်ကထက်ပင် ဈေးလျော့နည်းနေခဲ့သည်။

ပဲစင်းငုံ သီးနှံအနေဖြင့် ပဲသစ်များဝင်ရောက်လာပြီး အိတ် ၄၀၀ ကျော် ၅၀၀ ခန့် ပြည် တစ်ဖက်ကမ်းဒေသများဖြစ်သော ပန်းတောင်း၊ ဥသျှစ်ပင်၊ကံမ ဘက်မှ နေ့စဉ်ဝင်ရောက်နေခဲ့သည်။ ပဲဈေးနှုန်းမှာ တစ်တင်း ကျပ် ၉၃၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေခဲ့သည့်အတွက် မတ်ပဲနှင့် ဈေးပြိုင်ရနေသည်။

ကုလားပဲသီးနှံသည် ယခုကာလတွင် ပဲသစ်များ ဝင်ရောက်မှုရှိလာသည့်အတွက် ပဲဟောင်းလက်ကျန်ရော ပဲသစ်များပါ အရောင်းအဝယ်ဖြစ်နေသည်။ ပဲဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၉၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

ပဲကြီးသီးနှံမှာ ပဲဈေးကွက်အတွင်းနေ့စဉ် လက်လီ/လက်ကား ရောင်းဝယ်မှုရှိကြပြီး ပဲကြော်ဖိုလုပ်ငန်းသမားများ အဓိက ဝယ်ယူမှုရှိကြကာ ပဲဟောင်းအပြင် ပဲသစ် အနည်းငယ်ဝင်ရောက်မှုအပေါ် ပဲဟောင်း/ပဲသစ် နှစ်မျိုး အရောင်းအဝယ် နေ့စဉ်ဖြစ်နေသည်။ ပဲဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၇၈၀၀၀ ဖြစ်သည်။

ဗိုလ်ကိတ်ပဲသီးနှံမှာ ပြည်ပဲဈေးကွက်၌ ပဲအဝင်များချိန်တွင်သာ လက်လီ/လက်ကား ရောင်းဝယ်နေကြပြီး ကျန်ကာလများတွင် လက်လီသမားများဖြင့် အရောင်းအဝယ်ပုံမှန်ဖြစ်သည့် ပဲသီးနှံဖြစ်သည်။ ယခုကာလတွင် ပဲသစ်များ အဝင်များနေသည့်အတွက် လက်လီ လက်ကား ရောင်းဝယ်နေကြရပြီး အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ ပဲဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၇၃၀၀၀ ဖြင့် ရောင်းဝယ်နေကြသည်။

**ခင်ဆွေဝင်း (ပြည်)**

# ၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အခမ်းအနားကျင်းပ

စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးက ၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အခမ်းအနားကို မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမတွင် မတ် ၁၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း ၄၀၀ ဦး တက်ရောက်ခဲ့သည်။

အခမ်းအနားကို အစီအစဉ်နှစ်ရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ပထမပိုင်းအခမ်းအနား စတင်ချိန်တွင် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့နှင့်ပတ်သက်သည့် Video clip အား ဖွင့်လှစ်ပြသခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းသမီးပျိုများက ကပြဖျော်ဖြေတင်ဆက်ခဲ့သည်။ ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကို ၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အထိမ်းအမှတ် ကျောက်စိပန်းချီကားအား ဂါရဝပြုပေးအပ်ခဲ့ပြီး ဧည့်သည်တော်ကြီးများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့ဝင်ဝန်ကြီးများက ပြခန်းများအားလှည့်လည်ကြည့်ရှုပြီး အခမ်းအနား တက်ရောက်လာကြသူများအား လန်းဆန်းစာဖြင့် တည်ခင်းဧည့်ခံခဲ့ကာ ပထမပိုင်းအခမ်းအနားအောင်မြင်ပြီးမြောက်ခဲ့သည်။ ဒုတိယပိုင်း အခမ်းအနား စတင်ချိန်တွင် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးက ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ စတင်ပေါ်ပေါက်လာခဲ့သည့် အခြေအနေများ၊ အခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများအား ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစုစုပိုင်က အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သိကောင်းများ၊ အစာအာဟာရဆိုင်ရာသိပ္ပံနှင့် နည်းပညာအသင်းမှ ဘဏ္ဍာရေးမှူး ဒေါက်တာရီရီမြင့်က စားသုံးသူများအတွက် ဓာတုဆိုးဆေးများ အသုံးဝင်ပုံနှင့် အန္တရာယ်များခေါင်းစဉ်တို့ဖြင့် ဟောပြောဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ပြောကြားခဲ့သည့် အဖွင့်မိန့်ခွန်းများ အပါအဝင် ဟောပြောဆွေးနွေးခဲ့သည့် အကြောင်းအရာများထဲမှ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ၍ ဆုလက်ဆောင်များ ချီးမြှင့်ခဲ့ပြီး ဧည့်သည်တော်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကာ ဒုတိယပိုင်း အခမ်းအနား အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။

**မြသူ (DOCA-YGN)**

# ပခုက္ကူမြို့မှ ဆေးဖက်ဝင် နေလဲစေ့ ဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်သည် အပူပိုင်းဒေသဖြစ်၍ အပူပိုင်းဒေသ ပေါက်ရောက်သော အပင်များမှာ မန်ကျည်း၊ ကုက္ကိုလ်၊ တမာ၊ ထနောင်း၊ရှားပင်နှင့် အခြားဆေးဖက်ဝင်အပင်များဖြစ်သော ဆင်တုန်းမနွယ်၊ ကြက်ဟင်းခါး၊ ကင်းပုံလက်ချားအပင်များလည်း အလေ့ကျပေါက်ရောက်လျက်ရှိသည်။ ထိုအပင်များအနက်မှ ဆေးဖက်ဝင် အပင်တစ်မျိုးဖြစ်သည့် နေလဲပင်သည် အလေ့ကျပေါက်သော ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်သည်။

နေလဲပင်သည် အညာဒေသတွင် လယ်စိုက်ခင်းများ၏ ကန်သင်းရိုးများနှင့် စိုက်ပျိုးမှုမရှိသော လယ်ကွက်များတွင် အလေ့ကျပေါက်ရောက်လျက်ရှိပြီး ဒီဇင်ဘာလ လယ်မှစ၍ အပွင့်များ စတင်ပွင့်ကြပြီး ဇန်နဝါရီလတွင် အသီးများရင့်မှည့်ကာ စတင်ဆွတ်ခူးကြောင်း သိရသည်။

နေလဲစေ့များကို ဇန်နဝါရီလမှစ၍ ဈေးကွက်အတွင်းတွင် ဝင်ရောက်ရောင်းဝယ်မှုရှိကြပြီး နေလဲစေ့ဈေးနှုန်းမှာ ဇန်နဝါရီလတွင် တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀၊ ဖေဖော်ဝါရီလတွင် တစ်ပိဿာလျှင် ကျပ် ၉၇၀၀ ဖြစ်၍ မတ်လ စတုတ္ထပတ်တွင် နေလဲစေ့ တစ်ပိဿာလျှင်ကျပ် ၉၄၅၀ ဖြစ်ပြီး တစ်ပိဿာလျှင် ကျပ် ၃၀၀ ခန့် ဈေးကျကြောင်းသိရသည်။

နေ့စဉ်အရောင်းအဝယ်ဖြစ်မှုမှာ ပိဿာချိန်မှာ ၂၀၀၀ မှ ၃၀၀၀ အထိဖြစ်ကြောင်း၊ နေလဲစေ့ကို တိုင်းရင်းဆေးများတွင်လည်း အသုံးပြုမှုများခြင်းကြောင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်မှ သိရသည်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

စားသုံးဆီတင်သွင်းသည့်လျောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၂၄-၃-၂၀၂၅)ရက်နေ့မှ (၃၀-၃-၂၀၂၅)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1218 |
| ငွေလဲနှုန်း | 3081 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 4,690,823 | 7.66 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ငွေလဲနှုန်း | 18,763,290 | 30.64 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 20 | 12,247,800 | 20.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 127,890,000 | 208.84 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 9,705,150 | 15.85 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 45 | 27,557,550 | 45.00 |
| ၁၂ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 70 | 42,867,300 | 70.00 |
| ၁၃ | ဘဏ်အတိုးနှုန်း | 1000 MTx CIF x ငွေလဲနှုန်း x 1.333% | 50,022,931 | 81.68 |
| | **အထွေထွေစရိတ်ပေါင်း** | | **295,728,444** | **482.91** |
| ၁၄ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **3,752,658,000** | **6,127.89** |
| | **စရိတ်စုစုပေါင်း** | | **4,048,386,444** | **6,610.80** |

## မြန်မာ့ဆိပ်ကမ်းတွင် ၂၈ . ၃ . ၂၀၂၅ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | MT.AU GEMINI | P'Oil(In Bulk) ၂၇၅၀ ချဆဲ |
| မြန်မာနိုင်ဂရု(ပ်)ဆိပ်ကမ်း | MT.AU GEMINI | P'Oil(In Bulk) ၁၆၀၀ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၁) | MSC ANDREA F | ကုန်သေတ္တာ ၅၈၆ တင် ၄၆၁ချဆဲ |
| | KOTA DUNIA | ကုန်သေတ္တာ ၂၃၈ တင် ၂၄ ချရန်(အသင့်စောင့်ဆိုင်း) |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၂) | SOL PIONEER | ကုန်သေတ္တာ၅၁၆တင် ၇၀၉ချဆဲ(ပူးတွဲလုပ်ဆောင်) |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | DANU BHUM | ကုန်သေတ္တာ ၆၅၀ တင် ၈၄၅ ချဆဲ |
| | MSC SUPARNA F | ကုန်သေတ္တာ ၅၉၅ တင် ၅၆၂ ချဆဲ(အသင့်စောင့်ဆိုင်း) |
| | PADIAN-3 | ကုန်သေတ္တာ ၄၈၀တင် ၄၆၇ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | SOL PRIME | ကုန်သေတ္တာ ၈၂၀ တင် ၇၅၆ ချဆဲ(အသင့်စောင့်ဆိုင်း) |
| | UNI ACTIVE | ကုန်သေတ္တာ၆၅၀ တင် ၈၁၄ ချဆဲ |
| | SITC CHENMING | ကုန်သေတ္တာ ၇၂၈ တင် ၂၅၀ ချဆဲ(အသင့်စောင့်ဆိုင်း) |
| | SITC ZHENGDE | ကုန်သေတ္တာ၅၄၀ တင် ၄၂၀ ချဆဲ(အသင့်စောင့်ဆိုင်း) |
| အလုံဆိပ်ကမ်းအမှတ်(၁) | PIONEER KIRA | ပြောင်းဖူးဝါတန်ချိန် ၂၃၆၀၀ တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| Yangon International Gatewayဆိပ်ကမ်း | LONG TAN-88 | ပြောင်းဖူးဝါတန်ချိန် ၆၆၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | ALS SUMIRE | ကုန်သေတ္တာ ၈၃၅တင် ၉၅၂ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| ဆူးလေဆိပ်ကမ်းအမှတ်(၅) | RIVA | ဆန်(In Bulk)တန်ချိန် ၃၁၇၀၀တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| ဆူးလေဆိပ်ကမ်းအမှတ်(၇) | REK ELITE | ဆန်တန်ချိန် ၈၀၀၀တန်တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၂) | MV MCL-4 | ကုန်သေတ္တာ ၇၂ တင် ၅၇ ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၃) | SPRING SYMPHONY | ပြောင်းဖူးဝါတန်ချိန် ၈၇၀၀ တင်ဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၃) | NEWSEAS AMBER | Steel& Equipment တန်ချိန် ၄၀၁၄၄ တန်ချဆဲ |
| WILMAR JETTY | MT.THERESA SINGAPORE | P'Oil(In Bulk)၉၂၀၀ချဆဲ |
| | HONG LINH-1 | ပြောင်းဖူးဝါတန်ချိန် ၁၂၃၀၀ တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| International Bulk Terminal Thilawa | ASPEN TRADER | ဂျုံတန်ချိန် ၂၇၁၀၉ တန်ချဆဲ(ပူးတွဲလုပ်ဆောင်) |
| မြန်မာကြယ်ငါးပွင့်ဆိပ်ကမ်း | CITRA | G/C ၂၃၂၀ တန်ချဆဲ |
| မင်းထက်မင်းဆိပ်ကမ်း | MV.MCL-8 | ပြောင်းဖူးဝါတန်ချိန်၂၇၀၀ တန်တင်ဆဲ(ပူးတွဲလုပ်ဆောင်) |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| PIONEER ELITE | ပြောင်းဖူးဝါတန်ချိန် ၁၀၈၀၀ တင်ရန် | THAI | ၂၈· ၂၀၂၅ |
| THAI BINH-68 | ပြောင်းဖူးဝါတန်ချိန် ၁၂၀၀၀ တင်ရန် | THAI | ၃၀·၃· ၂၀၂၅ |
| LIMCO GOLD | Steel တန်ချိန် ၇၀၀၀ ချရန် | VIETNAM | ၃၀·၃· ၂၀၂၅ |
| YANGTZE DIGNITY | Steel တန်ချိန် ၂၃၀၀၀ ချရန် | CHINA | ၂·၄· ၂၀၂၅ |
| KANGO YAO | Steel&Equipment တန်ချိန် ၃၃၇၂၀ ချရန် | THAI | ၈·၄· ၂၀၂၅ |
| NAGUAL | ဂျုံတန်ချိန် ၂၆၀၀၀ ချရန် | USA | ၂၀·၄· ၂၀၂၅ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀·၃· ၂၀၂၅ |
| SITC ZHI | SINGAPORE | သီလဝါဆိပ်ကမ်း | ၃၀·၃· ၂၀၂၅ |
| XO LUCKY | SINGAPORE | စက်မှုဆိပ်ကမ်း | ၃၀·၃· ၂၀၂၅ |
| SITC WENDE | SINGAPORE | သီလဝါဆိပ်ကမ်း | ၃၁·၃· ၂၀၂၅ |
| MAERSK VALENCIA | SINGAPORE | စက်မှုဆိပ်ကမ်း | ၁·၄· ၂၀၂၅ |
| HONG JIA 21 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁·၄· ၂၀၂၅ |
| CAPE FELTON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁·၄· ၂၀၂၅ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁·၄· ၂၀၂၅ |
| BANGKOK | SINGAPORE | စက်မှုဆိပ်ကမ်း | ၂·၄· ၂၀၂၅ |
| T12 APPLE | SINGAPORE | စက်မှုဆိပ်ကမ်း | ၃·၄· ၂၀၂၅ |
| BL PL BLESSING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄·၄· ၂၀၂၅ |
| ALS SUMIRE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄·၄· ၂၀၂၅ |
| SITC CHENMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄·၄· ၂၀၂၅ |
| MSC ANDREA F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄·၄· ၂၀၂၅ |
| DANU BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅·၄· ၂၀၂၅ |
| ASIAN ACE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၅·၄· ၂၀၂၅ |
| UNI ACTIVE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇·၄· ၂၀၂၅ |
| SITC ZHI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇·၄· ၂၀၂၅ |

အာရှ နိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ ၂၈-၃-၂၀၂၅

တန်ဖိုး- ဒေါ်လာ.

| စဉ် | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၄၇ | ၄၃၈ | ↓ | | | | | | | | | |
| ဆန်ဖြူ ၅% | ၄၃၁ | ၄၂၃ | ↑ | ၃၉၃ | ၄၀၃ | ↑ | ၄၁၀ | ၃၉၈ | ↑ | ၃၈၆ | ၃၉၆ | ↑ |
| ဆန်ဖြူ ၁၀% | | | | | | | | | | | | |
| ဆန်ဖြူ ၂၅ % | ၄၁၈ | ၄၀၇ | ↓ | ၃၇၁ | ၃၇၃ | ↑ | ၃၉၃ | ၃၈၂ | ↓ | ၃၆၃ | ၃၆၇ | ↑ |
| ပေါင်းဆန် | ၄၅၂ | ၄၄၄ | ↓ | | | | ၄၀၄ | ၃၉၇ | ↓ | ၄၁၂ | ၄၁၈ | ↑ |

# မွန်ပြည်နယ်၏ ပဲမျိုးစုံနှင့် နှမ်းအသစ် ဈေးနှုန်းဈေးကွက် အခြေအနေ

မွန်ပြည်နယ်သည် ယခုနှစ်အတွင်း ပဲအထွက်နှုန်းကောင်းပြီး ဈေးနှုန်းဈေးကွက်ကောင်းများလည်း ရရှိနေသည်။ မော်လမြိုင်ရှိ ကုန်စည်ဒိုင်တွင် နေ့စဉ်အရောင်းအဝယ် ပြုလုပ်လျက်ရှိသည်။

၂၀၂၄-၂၀၂၅ ခုနှစ်တွင် အထွက်နှုန်းကောင်း၍ လာမည့် ၂၀၂၆-၂၀၂၇ ခုနှစ်တို့တွင်လည်း ပဲစိုက်ပျိုးမှုကို ပိုမိုတိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ပဲနှမ်းစိုက်ပျိုးသူတောင်သူများ၏ ပြောကြားချက်အရ သိရသည်။

၂၀၂၅ ခုနှစ် မတ်လအတွင်း ပဲမျိုးစုံနှင့် နှမ်းဈေးနှုန်းများ အခြေအနေများအား ယခင်လနှင့် နှိုင်းယှဉ်ဖော်ပြလိုက်သည်-

တစ်တင်း (၂၀ပိဿာ)ဈေးနှုန်း/ကျပ်

| စဉ် | ပဲ၊ နှမ်း | ၂၀၂၅ခုနှစ် ဖေဖော်ဝါရီလ စတုတ္ထပတ် | ၂၀၂၅ခုနှစ် မတ်လ စတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|---|
| ၁ | ပဲတီစိမ်း | ၁၀၅၀၀၀ | ၁၀၇၀၀၀ | (+)၂၀၀၀ |
| ၂ | မတ်ပဲ | ၉၄၅၀၀ | ၉၆၂၀၀ | (+)၁၇၀၀ |
| ၃ | ပဲလွန်းဖြူ | ၈၁၀၀၀ | ၇၈၀၀၀ | (-)၃၀၀၀ |
| ၄ | ဗိုလ်ကိတ် | ၈၃၀၀၀ | ၇၈၀၀၀ | (-)၅၀၀၀ |
| ၅ | ပဲပုပ် | ၁၃၀၀၀၀ | ၁၂၅၀၀၀ | (-)၅၀၀၀ |
| ၆ | မြေပဲ | ၁၅၆၀၀၀ | ၁၅၈၀၀၀ | (+)၂၀၀၀ |
| ၇ | နှမ်း စမုံကြီး(အသစ်) | ၂၉၁၀၀၀ | ၂၉၀၀၀၀ | (-)၁၀၀၀ |
| ၈ | နှမ်းစမုံသေး(အသစ်) | ၃၀၅၀၀၀ | ၃၀၅၀၀၀ | - |
| ၉ | ဆောင်းနှမ်း | ၂၂၁၀၀၀ | ၂၂၀၀၀၀ | (-)၁၀၀၀ |

မွန်ပြည်နယ် ပဲနှမ်းစိုက်တောင်သူများအနေဖြင့် ပြည်တွင်းဈေးကွက်၊ ပြည်ပဈေးကွက်ရရှိသည့် ပဲမျိုးစုံကို စီးပွားဖြစ်စိုက်ပျိုးကြရာ ဒေသနှင့်ပိုမိုကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲလွန်းဖြူတို့ကို စိုက်ပျိုးပြီး ၎င်းပဲမျိုးစုံများကို ဒေသအတွင်း စားသုံးဖူလုံမှုအပြင် ပိုလျှံသည့်ပဲများကို ရန်ကုန်တိုင်းဒေသကြီးနှင့် အခြားမြို့များသို့လည်းကောင်း၊ ပဲမျိုးစုံကို နိုင်ငံခြား(ပြည်ပ)သို့လည်းကောင်း တင်ပို့လျက်ရှိကြောင်း သိရသည်။

မွန်ပြည်နယ်ဒေသထွက် ပဲမျိုးစုံမှာ ယခင်နှစ်ထက် ယခုနှစ်တွင် ဈေးနှုန်းပိုမိုရရှိခြင်း၊ စိုက်ပျိုးသူတောင်သူများ အကျိုးအမြတ်ရရှိခြင်း၊ ကုန်သည်များအနေဖြင့် အရောင်း အဝယ်ကောင်းခြင်း၊ ပဲဈေးနှုန်းဈေးကွက် ခိုင်မာမှုရှိခြင်း၊ စားသုံးသူများ လူမျိုးဘာသာမရွေး စားသုံးကြခြင်း၊ စားသုံးသူများအတွက်ဈေးကွက်၌ ပြတ်လပ်မှုမရှိ ဝယ်ယူစားသုံးနိုင်ခြင်းတို့ကြောင့် ပဲဈေးကွက်ခိုင်မာမှုရှိကြောင်း သိရသည်။

**ခင်ကြည် (မွန်ပြည်နယ်)**

# အရောင်းသွက်နေသော စပါးခွံ မီးသွေးတောင့်

ဖျာပုံမြို့တွင် ဆန်စက်များမှ ဆန်စပါးကြိတ်ခွဲထုတ်လုပ်ခြင်းမှ ထွက်ရှိလာသည့် စပါးခွံများအား ထင်းအစားထိုးလောင်စာများအဖြစ် ထုတ်လုပ်လျက်ရှိသည်။ ပုဂ္ဂလိကဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေး၊ ထုတ်ကုန်များ ဈေးကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ဖြန့်ဖြူးနိုင်စေရန် နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိကာ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ဆန်စက်များမှ ထွက်ရှိလာသော စပါးခွံများအား ထင်းအစားထိုး လောင်စာတောင့်အဖြစ် စပါးခွံ မီးသွေးတောင့်လောင်စာများ ထုတ်လုပ်လျက်ရှိသည်။

ဖျာပုံမြို့နယ်တွင် စပါးခွံလောင်စာတောင့် ထုတ်လုပ်သည့်စက်ရုံလေးရုံရှိသည်။ လောင်စာတောင့် စက်ရုံတစ်ရုံတွင် စပါးခွံ ၁၇ ပိဿာ ၅၀ ကျပ်သားမှ မီးသွေးတောင့် ၁၆ ပိဿာထွက်ရှိပြီး တစ်ရက်လျှင် ၂၀ ပိဿာဝင်အိတ် ၇၀ အိတ်ခန့်ထွက်ရှိသည်။ ပိဿာ ၂၀ အိတ် တစ်အိတ်လျှင် ယခင်နှစ်ဈေးနှုန်းမှာ ကျပ် ၅၅၀၀ ဈေးရှိပြီး ယခုနှစ်တွင် ကျပ် ၈၅၀၀ ဖြင့် ရောင်းချလျက်ရှိသည်။

စက်ရုံတစ်ရုံလျှင် လုပ်သားအင်အား ခြောက်ဦးခန့်ရှိသည်။ တစ်ဦးလျှင် တစ်လ ကျပ် ၁၅၀၀၀၀ မှ ကျပ် ၂၀၀၀၀၀ ခန့်အထိရရှိသည်။ ဈေးကွက်အနေဖြင့် ဒေသအတွင်းနှင့် ပင်လယ် ပိုင်းဒေသဖြစ်သော ဒေါ်ညိမ်း၊ နောက်မီး၊ ကပြတ်၊ ကုလားထိပ် စသည့်ကျေးရွာများသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ ယခုကာလသည် ပင်လယ်ငါးဖမ်းရေယာဉ်များက အဝယ်လိုက်သော ကာလဖြစ်သဖြင့် အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

**မင်းဇော်မွန် (ဖျာပုံ)**

## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၂၆-၃-၂၀၂၅ မှ ၁-၄-၂၀၂၅) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 380 - 390 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 375 - 380 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 370 - 375 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 360 - 370 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 350 - 360 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 385 - 395 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 380 - 385 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 375 - 380 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 365 - 375 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 380 - 390 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 375 - 380 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 370 - 375 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 360 - 370 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 380 - 395 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 375 - 380 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 370 - 375 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 365 - 370 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 400 - 405 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 395 - 400 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 390 - 395 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 365 - 370 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 595 - 605 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 585 - 595 | |
| 24 | A-1 , 2 (Sortexed) | 350 - 360 | |
| 25 | B-1 , 2 (Sortexed) | 320 - 330 | |
| 26 | B-1,2 (Non-Sortexed) | 300 - 310 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# ဖူးစားပြောင်း(ဆောင်း) ရိတ်သိမ်းမှုနှင့် ဈေးနှုန်းဈေးကွက် အခြေအနေ

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်သည် ဆည်ရေသောက်ဒေသဖြစ်သည့်အလျောက် သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ ဖူးစားပြောင်းသီးနှံကို ၅၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအချိန်တွင် စဉ့်ကိုင်မြို့နယ်၌ စိုက်ပျိုးပြီးဧကအားလုံးရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

ဖူးစားပြောင်း စိုက်ပျိုးရာတွင် ထိုင်ဝမ်သကြား ပြောင်း၊ ထောပတ်ပြောင်းနှင့် ရှမ်းပြောင်းမျိုးများကိုသာ အများဆုံး စိုက်ပျိုးကြသည်။ တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ကျပ် ၅၀၀၀၀၀ ကျော် ကုန်ကျကြောင်း၊ တစ်ဧကအထွက်နှုန်းအနေဖြင့် ပြောင်းဖူး ၆၀၀၀ ခန့်ထွက်ရှိပြီး ထိုင်ဝမ်သကြားပြောင်းဖူးသည် လူကြိုက်များသောကြောင့် အရောင်းသွက်ပြီး ဈေးကောင်းရကြောင်း၊ ဈေးနှုန်းအနေဖြင့် ပြောင်းဖူးအရွယ်အစားပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားမှုရှိ၍ ယခင်နှစ် ပြောင်းဖူးပေါ်ချိန်တွင် ဖောက်သည်ဈေး လက်ကားဈေးအနေဖြင့် ပြောင်းဖူး တစ်ဖူးလျှင် ကျပ် ၃၀၀ နှင့် ရောင်းချခဲ့ရပြီး ယခုနှစ် ဖောက်သည်ဈေးအနေဖြင့် ထိုင်ဝမ်သကြားပြောင်းဖူးတစ်ဖူးလျှင် ကျပ် ၅၀၀၊ လက်လီဈေးအနေဖြင့် တစ်ဖူးလျှင် ကျပ် ၆၀၀ ဖြင့်ရောင်းချရကြောင်းသိရသည်။

ဈေးကွက်အနေဖြင့် မန္တလေးမြို့သို့ တိုက်ရိုက်ရောင်းချကြသည့်အပြင် ပွဲစားများမှလည်း စိုက်ခင်းအထိ လာရောက်ဝယ်ယူကြသည်။ ကျောက်ဆည်မြို့ပေါ်ရှိ ဈေးများသည် ရန်ကုန်-မန္တလေး ကားလမ်းဘေးများတွင်လည်း လက်လီ ရောင်းချသည်။ အကျိုးအမြတ်အနေဖြင့် အထွက်နှုန်းနှင့် ဈေးနှုန်းပေါ်မူတည်ပြီး ကျပ် ၂၀-၂၅ သိန်းကျပ်ဝန်းကျင်ခန့်မြတ်ကြောင်း၊ ယခုနှစ် ပြောင်းဖူးဈေးနှုန်းသည် ယခင်နှစ်ထက် ဈေးပိုမိုကောင်းမွန်သောကြောင့် ဖူးစားပြောင်း သီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ရေးသားလိုက်ပါသည်။

**စိုးလွင်**

# အကောက်ခွန် သက်သာခွင့် ရရှိမည့် ပင်ရင်းထုတ်ကုန်

နိုင်ငံတကာကုန်သွယ်မှုပြုလုပ်ရာတွင် နိုင်ငံအများစုက မိမိနိုင်ငံဝင်ငွေရရှိရန် အဓိကအားဖြင့်သွင်းကုန် အခွန်နှုန်းထားဟုခေါ်သည့် အကောက်ခွန်နှုန်းထားများ ကောက်ခံလေ့ရှိသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သွင်းကုန်အခွန်နှုန်းထားများ ကောက်ခံရာ၌ ယေဘုယျအားဖြင့် မြင့်မားသည့် အကောက်ခွန်နှုန်းထားများနှင့် စည်းကြပ်ကောက်ခံကြခြင်းများရှိသလို အချို့နိုင်ငံ အနည်းစုဖြစ်သည့် ဥပမာ- စင်ကာပူ၊ ဟောင်ကောင် (တရုတ်) ကဲ့သို့ နိုင်ငံများက ကုန်စည် အားလုံးနီးပါးအတွက် သွင်းကုန်အခွန်နှုန်းထားကို ပယ်ဖျက်ပေးထားခြင်းများလည်းရှိပါတယ်။ နိုင်ငံအများစုမှာ နိုင်ငံ့ဝင်ငွေ၏ ရေသောက်မြစ်တစ်ခုဖြစ်သည့် သွင်းကုန်အခွန်နှုန်းထားများကို စည်းကြပ်ကောက်ခံမှုများကြောင့် နိုင်ငံတကာကုန်သွယ်မှုတွင် ကုန်တင်သွင်းနိုင်ငံ၏ သွင်းကုန် အခွန်နှုန်းထားများက အဓိကအတားအဆီးများဖြစ်လာပါတယ်။

### GSP ပေါ်ပေါက်လာပုံ

၁၉၆၄ ခုနှစ်တွင် ကျင်းပခဲ့သည့် ပထမအကြိမ်ကမ္ဘာ့ကုလသမဂ္ဂကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုး တက်မှုညီလာခံ (UNCTAD) မှစတင်ကာ ဖွံ့ဖြိုးဆဲနိုင်ငံ (ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ အပါအဝင်) များ၏ ပို့ကုန်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်သို့ အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ဈေးကွက်များသို့ အလွယ်တကူဝင်ရောက်နိုင်စေရန်နှင့် အကောက်ခွန်သက်သာခွင့် အခွင့်အရေးများပေးရန် အလေးထားဆွေးနွေးခဲ့ကြပါတယ်။ ၁၉၈၆ ခုနှစ်တွင် ကျင်းပခဲ့သည့် ဒုတိယကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ UNCTAD ညီလာခံ ဆုံးဖြတ်ချက်နှင့် အကောက်ခွန်ဆိုင်ရာ အခွင့်အရေးပေးမှုစနစ် (Generalized System of Preferences-GSP) ကို ပြဋ္ဌာန်းအတည်ပြုနိုင်ခဲ့ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ဈေးကွက်ဝင်ရောက်ရာတွင် အဓိက အတားအဆီးဖြစ်တဲ့ သွင်းကုန်အခွန်နှုန်းထားများကို လျှော့ချ၊ ပယ်ဖျက်ပေးသည့် ကုန်သွယ်မှုဆိုင်ရာ အစီအစဉ် စတင်ပေါ်ထွန်းလာခဲ့ပါတယ်။ GSP အခွင့်အရေးပေးတဲ့ နိုင်ငံများ (Donor Countries) ကလည်း ၎င်းတို့ရဲ့ ဈေးကွက်ထဲသို့ ဝင်ရောက်လာမည့် အခွင့်အရေးခံစားခွင့်ရှိသည့် နိုင်ငံများ (Beneficiary Countries)နှင့် ကုန်စည်များအပေါ် သတ်မှတ်ချက်များကို ချမှတ်ကျင့်သုံးလာခဲ့ပါတယ်။

### GSP အစီအစဉ်

GSP ၏ ပင်ကိုသဘောအရ အခြေခံပို့ကုန်၊ ကုန်စည်များ ကို အားပြုနေရသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ ၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ များ၏ စီးပွားရေးအခြေခံကို စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်ပြောင်းလဲစေရန် ရည်ရွယ်ချက်နှင့် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် စက်မှုထုတ်ကုန်ပစ္စည်းများ၏ အကောက်ခွန်သက်သာခွင့်ကို ပိုမိုအခွင့်အရေး ပေးထားကြောင်း တွေ့ရပါတယ်။

GSP အခွင့်အရေးပေးသည့် နိုင်ငံများ၏ အမျိုးသားအဆင့် အစီအစဉ်များအရ ယေဘူယျအားဖြင့် အကောက်ခွန် ကင်းလွတ်ခွင့်ပြုသော ပစ္စည်းများသည် စက်မှုထုတ်ကုန်ပစ္စည်းများ (Manufactured and Semi-manufactured Products)၊ လယ်ယာထွက်ကုန်ပစ္စည်းများ (Agricultural Products) နှင့် လက်မှုအနုပညာပစ္စည်းများ (Handicrafts)ဖြစ်ပါတယ်။ အဆိုပါကုန်စည်အမျိုးအစားများအနက်မှ လက်မှုအနုပညာ ပစ္စည်းများကို နိုင်ငံတိုင်းက အကောက်ခွန်ကင်းလွတ်ခွင့် ပေးထားသည်ကို တွေ့ရပါတယ်။

အကောက်ခွန် သက်သာခွင့်ပေးသည် ဆိုရာတွင်လည်း အကောက်ခွန်လုံးဝကင်းလွတ်ခွင့် (Duty Free) ပေးခြင်းရှိသကဲ့သို့ သက်သာခွင့်ပေးခြင်းလည်း ရှိပါတယ်။ ဆိုလိုသည်မှာ ကုန်စည်အပေါ် Duty Free ပေးခြင်းမှာ အကောက်ခွန်လုံးဝ ပေးဆောင်စရာမလိုခြင်းမျိုးဖြစ်ပြီး အကောက်ခွန်သက်သာခွင့်ပေးခြင်းမှာ ကုန်စည်အပေါ် WTO အဖွဲ့ဝင်နိုင်ငံများအကြား ကောက်ခံနေတဲ့ Most-favored Nation Rate ဆိုသည့် MFN နှုန်းထားအောက် လျှော့နည်းသည့် အကောက်ခွန်နှုန်းထားတစ်ခုကို သက်သာခွင့်ပေးလိုက်ခြင်းဖြစ်ပါတယ်။

ဒါ့ကြောင့် ကုန်စည်အပေါ် အကောက်ခွန်သက်သာခွင့်ပေးခြင်းသို့မဟုတ် ကင်းလွတ်ခွင့်ပေးခြင်းမှာ ခံစားခွင့်ရှိသည့် နိုင်ငံအတွက် အရေးပါသည့်အချက်ဖြစ်ပါတယ်။ ဝင်လာမည့် ကုန်စည်အပေါ် အရေအတွက်ကန့်သတ်ချက် (Quantitative Restriction)၊ နိုင်ငံများက တင်သွင်းမှုကြောင့် Donor Country ၏ ပြည်တွင်းထုတ်လုပ်မှုများအပေါ် ထိခိုက်မှုများကိုမည်သို့ အကာအကွယ်ပေးနိုင်သည်ဆိုတဲ့ သတ်မှတ်ချက်များလည်း မိမိနိုင်ငံ၏ အစီအစဉ်တွင် ထည့်သွင်းပြဋ္ဌာန်းလေ့ရှိပါတယ်။ ကုန်စည် ၁၀၀ ရာခိုင်နှုန်းအတွက် Duty free, Quota free ပေးခြင်းမှာ အရက်ရောဆုံး အစီအစဉ်ဟုဆိုနိုင်ပြီး GSP အစီအစဉ်များသည် တစ်ဖက်သတ် အခွင့်အရေးပေးသည့်စနစ်ဖြစ်၍ အခွင့်အရေးပေးသည့်နိုင်ငံများက စိတ်ကြိုက်စည်းကမ်းချက်များကို သတ်မှတ်ဆောင်ရွက်ခွင့်ရှိခြင်းလည်း ဖြစ်ပါတယ်။

အောက်ဖော်ပြပါဇယားသည် ၂၀၂၃ ခုနှစ်ရှိ WTO အဖွဲ့ဝင်နိုင်ငံများအလိုက် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများကို ပေးထားသည့် အကောက်ခွန်သက်သာခွင့် အစီအစဉ်များ၏ ကုန်စည်အကျုံးဝင်မှုများဖြစ်ပါတယ်။-

| Preference-granting member | Duty-free tariff line coverage |
|---|---|
| Armenia (2016) | 43.9% (excludes electrical machinery, chemicals, iron and steel products, alcoholic beverages) |
| Australia | 100% |
| Canada | 98.5% (excludes dairy and other animal products, meat, meat preparations, cereal products) |
| Chile (2022) | 99.5% (excludes cereals, sugar, milling products) |
| China | 96.3% (excludes chemicals, transport vehicles, machinery and mechanical appliances, electrical machinery, paper) |
| European Union | 99.8% (excludes arms and ammunition) |
| Iceland | 96.7% (excludes meat, food preparations, vegetables, dairy and other animal products, plants and trees) |
| India (2021) | 94.1% (excludes plastics, coffee and tea, alcoholic beverages, tobacco, food residues) |
| Japan | 97.8% (excludes fish and crustaceans, footwear, milling products, cereal products, sugar) |
| Kazakhstan (2022) | 63.4% (excludes vehicles, machinery, beverages, articles of iron and steel) |
| Kyrgyz Republic (2020) | 57.6f% (excludes meat, fruits, chemicals, wood and paper, machinery) |
| Montenegro | 93.6% (excludes fish and crustaceans, alcoholic beverages, meat and dairy products) |
| New Zealand | 100% |
| Norway | 100% |
| Republic of Korea | 89.4% (excludes fish and crustaceans, mineral fuels, oil seeds and oleaginous fruits, wood products, vegetables) |
| Russian Federation (2021) | 61.2% (excludes transport vehicles, machinery and mechanical appliances, beverages, iron and steel products, electrical machinery, meat product, articles of wood) |
| Switzerland | 100% |
| Taiwan Province of China | 32.2% (excludes machinery and mechanical appliances, chemicals, electrical machinery, fish and crustaceans, plastics) |
| Tajikistan (2019) | 11.7% (includes duty-free access for machinery, glass products, petroleum products) |
| Thailand (2022) | 67.8% (excludes transport vehicles, electrical machinery, glass products, petroleum products) |
| Türkiye | 78.2% (excludes iron and steel products, fish and crustaceans, food preparations, meat, oil seeds and oleaginous fruits) |
| United Kingdom | 99.7% (excludes some arms and ammunition) |
| United States | 82.8% (excludes apparel and clothing, cotton, fibers, footwear, dairy and other animal products) |

### GSP ၏ အဓိကအစိတ်အပိုင်း

ထင်ရှားသည့်အချက်မှာ ကုန်စည် အကျုံးဝင်မှု (Product Coverage)၊ ကုန်စည်ကို မည်ကဲ့သို့ ရယူထုတ်လုပ်ထားသည်။ ကုန်စည်သတ်မှတ်သည့် ပင်ရင်းမှတ်ကျောက် (Origin Criteria) နှင့် ကုန်စည်သည် သတ်မှတ်ချက်နှင့်အညီ ရယူထုတ်လုပ်ထားသည့် ကုန်စည်ဖြစ်ကြောင်း ဖော်ပြသည့် စာရွက်စာတမ်း အထောက်အထား (Documentary Evidence) များသည် အစီအစဉ်၏ အဓိက အစိတ်အပိုင်းများအဖြစ် ပါရှိခြင်းဖြစ်ပါတယ်။

GSP အစီအစဉ်သည် ကမ္ဘာတွင် သက်တမ်းအရှည်ကြာဆုံး ကုန်သွယ်မှု အစီအစဉ်ဟုလည်း ပြော၍ရပါတယ်။ GSP ကဲ့သို့ အခြားကုန်သွယ်မှုအစီအစဉ်များလည်းရှိပါတယ်။ ၎င်းတို့မှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ အတွက်ပေးသည့် အကောက်ခွန်သက်သာခွင့် အစီအစဉ်များပင်ဖြစ်ပါတယ်။ WTO အဖွဲ့ဝင်ဖွံ့ဖြိုးဆဲ(Developing) နှင့် ဖွံ့ဖြိုးပြီး (Developed) နိုင်ငံများကလည်း ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများ (Least Developing Countries-LDCs) မှတင်ပို့သည့် ပို့ကုန်များအတွက် သီးခြားအကောက်ခွန် သက်သာခွင့်အစီအစဉ်များကို ပေးပါတယ်။ ထိုအစီအစဉ်များမှာ LDCs အစီအစဉ်များဟု လူသိများပါတယ်။

ရှင်စောသု (ဒေသတွင်း)

### သတ်မှတ်ချက်များ

ယေဘုယျအားဖြင့် ကမ္ဘာ့ဘဏ် (သို့) ကုလသမဂ္ဂက သတ်မှတ်ထားသည့် LDCs နိုင်ငံများကို ပေးခြင်းဖြစ်သော်လည်း LDCs နိုင်ငံတိုင်းကို ပေးခြင်းမဟုတ်ဘဲ နိုင်ငံအကျုံးဝင်မှုတွင်လည်း သတ်မှတ်ချက်များရှိနေသည်။ GSP အခွင့်အရေးရရှိသည့် နိုင်ငံများမှ တင်ပို့သည့် ပို့ကုန်ပစ္စည်းများသည် တင်သွင်းနိုင်ငံက သတ်မှတ်ထားသည့် GSP ပင်ရင်းနိုင်ငံ စည်းမျဉ်းနှင့်ကိုက်ညီရမည်။ ပင်ရင်းနိုင်ငံစည်းမျဉ်းဆိုသည်မှာ GSP အစီအစဉ်များ၏ အဓိကအရေးပါသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး အကောက်ခွန် အခွင့်အရေးပေးရာတွင် အခွင့်အရေးရရှိသည့် နိုင်ငံ၏ပိုင်နက် နယ်မြေအတွင်း အပြည့်အဝထုတ်လုပ်ရပါတယ်။ သို့မဟုတ် အခြားနိုင်ငံမှ တင်သွင်းသည့် ကုန်ကြမ်းများအား သိသာထင်ရှားစွာ ပြောင်းလဲမှုရှိအောင် လုံလောက်စွာ ပြုပြင်ထုတ်လုပ်ထားသည့် ကုန်စည် ဖြစ် ကြောင်း သေချာမှုရှိအောင် သတ်မှတ်ထားခြင်းပင်ဖြစ်ပါတယ်။ ထိုသတ်မှတ်ချက်များနှင့် ကိုက်ညီစွာ ထုတ်လုပ်ရရှိသည့် ကုန်စည်ဖြစ်မှ ပင်ရင်းထုတ်ကုန် (Originating Good) အဖြစ် အကောက်ခွန်သက်သာခွင့် ရရှိမည်ဖြစ်ပါတယ်။

### မြန်မာနိုင်ငံက ဘယ်အစီအစဉ်တွေမှာ ပါဝင်အကောင်အထည်ဖော်နေလဲ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးပြီးနိုင်ငံများကပေးသော ကုန်သွယ်မှု ဆိုင်ရာ အစီအစဉ်တွေကို ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကုန်သွယ်မှုဆိုင်ရာ အစီအစဉ်တွေထဲက Generalized System of Preferences (GSP) နဲ့ ကိုရီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့က ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက်ပေးတဲ့ တစ်ဖက်သတ် အကောက်ခွန်သက်သာခွင့်အစီအစဉ်(၃)ခုကိုအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

WTO အဖွဲ့ဝင်နိုင်ငံများရဲ့ GSP အစီအစဉ်တွေမှာ မြန်မာနိုင်ငံရဲ့ ပါဝင်အကောင်အထည် ဖော်ဆောင်မှုအခြေအနေကို ကြည့်မယ်ဆိုရင် နိုင်ငံပေါင်း (၃၉) ရဲ့ အစီအစဉ် (၁၃) ခုနဲ့ပေးတဲ့ GSP အစီအစဉ်ကို ပါဝင်အကောင်အထည်ဖော်နေတာကို တွေ့ရပါတယ်။ အခွင့်အရေးပေးတဲ့ နိုင်ငံတွေထဲမှာ အီးယူ (၂၇) နိုင်ငံက အစီအစဉ်တစ်ခုထဲကို တစ်ပေါင်းတည်း သတ်မှတ်ပြဋ္ဌာန်းပါတယ်။ ကျန်တဲ့ အမေရိကန်၊ ဂျပန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ ကနေဒါ၊ နော်ဝေ၊ ဆွစ်ဇာလန်၊ ရုရှား၊ ဘီလာရုစ် စတဲ့နိုင်ငံတွေကတော့ သီးခြားအစီအစဉ်တွေနဲ့ သတ်မှတ်ပြဋ္ဌာန်းတာကို တွေ့ ရမှာဖြစ်ပါတယ်။ အမျိုးသားအဆင့် GSP အစီအစဉ်တွေထဲကမှ မြန်မာနိုင်ငံက ပို့ကုန်လုပ်ငန်းရှင်တွေကြားမှာ လူသိအများဆုံး အစီအစဉ်က အီးယူ (၂၇) နိုင်ငံကနေ စုပေါင်းပြဋ္ဌာန်းထားတဲ့ အီးယူ GSP အစီအစဉ်ပဲဖြစ်ပါတယ်။

### ဘယ်နိုင်ငံတွေက GSP အခွင့်အရေးတွေပေးနေလဲ

Generalized System of Preferences (GSP) အစီအစဉ်တွေနဲ့ စပ်လျဉ်းပြီး UNCTAD Website မှာ ဖော်ပြချက်အရ GSP အခွင့်အရေးပေးနေတဲ့ နိုင်ငံတွေကတော့ ဩစတြေးလျ၊ အာမေးနီးယား၊ ဘီလာရုစ်၊ ကနေဒါ၊ အီးယူ၊ အိုက်စလန်၊ ဂျပန်၊ ကာဇက်စတန်၊ နယူးဇီလန်၊ နော်ဝေ၊ ရုရှား၊ ဆွစ်ဇာလန်၊ တူရကီ၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတွေဖြစ်ပါတယ်။

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှအဆက်

### အီးယူ GSP အစီအစဉ်

အီးယူအဖွဲ့ဝင်နိုင်ငံတွေက ၁၉၇၁ ခုနှစ်မှာ အီးယူ GSP အစီအစဉ်ကို ပထမဆုံး စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ အီးယူ GSP စည်းမျဉ်း၊ စည်းကမ်းများအရ အီးယူအဖွဲ့ဝင်နိုင်ငံတွေက GSP အစီအစဉ်နဲ့ အကောက်ခွန်သက်သာခွင့်ပေးရာမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် GSP Standard နဲ့ GSP+၊ ပြီးတော့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် GSP (LDCs) EBA ဆိုပြီး အမျိုးအစား (၃) မျိုးခွဲခြားကာ အကောက်ခွန်သက်သာ/ ကင်းလွတ်ခွင့်ပေးပါတယ်။

နိုင်ငံစုံကုန်သွယ်မှုစနစ် (Multilateral Trading System) ရဲ့ ပြောင်းလဲနေတဲ့ ပတ်ဝန်း ကျင်နဲ့ချိန်ညှိပြီးတော့GSP အစီအစဉ်ကို သုံးသပ်လေ့ရှိပြီးတော့ အသေးစား ပြင်ဆင်ချက်တွေရှိပါက ထုတ်ပြန်လေ့ရှိသော်လည်း GSP Regulations ရဲ့ သက်တမ်းကိုတော့ (၁၀) နှစ် သတ်မှတ်ထားပါတယ်။

အီးယူ GSP အစီအစဉ်ကို အမျိုးအစား သုံးမျိုးခွဲခြားတဲ့ နေရာမှာ့ဇာ အညီမေမိ ဆိုတာကတော့ ဝင်ငွေနိမ့်(သို့) အလယ်အလတ်ရှိတဲ့ နိုင်ငံတွေကနေ တင်ပို့တဲ့ ပို့ကုန်တွေအတွက် အခွင့်အရေးပေးတဲ့ အစီအစဉ်ဖြစ်ပါတယ်။ GSP Standard ရဲ့ ကုန်စည်အကျုံးဝင်မှုကို ကြည့်မယ်ဆိုရင် ကုန်စည်လိုင်း စုစုပေါင်းရဲ့ သုံးပုံနှစ်ပုံအပေါ် အကောက်ခွန်ကင်းလွတ်ခွင့် ဒါမှမဟုတ် သက်သာခွင့်ပေးခြင်းဖြစ်ပါတယ်။

ဒုတိယအမျိုးအစားဖြစ်တဲ့ GSP + ကတော့ နိုင်ငံတကာ အဓိကကွန်ဗန်းရှင်းတွေဖြစ်တဲ့ လူ့အခွင့်အရေး၊ အလုပ်သမား၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်နဲ့ ရာသီဥတု ကာကွယ်ခြင်းဆိုင်ရာ ကွန်ဗန်းရှင်း ၂၇ ခုကို လိုက်ပါအကောင်အထည်ဖော်နေတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် အရေးကြီး ကုန်စည်များအပါအဝင် ကုန်စည် ၆၆ ရာခိုင်နှုန်းအပေါ် အကောက်ခွန်ကင်းလွတ်ခွင့်ပေးခြင်းဖြစ်ပါတယ်။

တတိယအမျိုးအစားဖြစ်တဲ့ GSP-EBA အစီအစဉ်ကတော့ Everything But Arms (EBA) ဆိုတဲ့ လက်နက်ခဲယမ်းမှအပကျန်ကုန်စည်အားလုံးအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပေးတဲ့ အစီအစဉ်ဖြစ်ပါတယ်။ GSP-EBA ကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေက ခံစားခွင့်ရှိတာ ဖြစ်ပါတယ်။

အီးယူက ၎င်းရဲ့ GSP အခွင့်အရေးကို လိုက်နာဆောင်ရွက်မှုနဲ့ ကာကွယ်မှုအတွက် ယန္တရားတွေ ဘယ်လိုချမှတ်ထားသလဲဆိုရင် လူနှင့် အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုများ၊ အကျဉ်းထောင် အလုပ်သမားအသုံးပြုမှု၊ အကောက်ခွန်ထိန်းချုပ်မှုဆိုင်ရာ ချို့ယွင်းချက်များ၊ အကြမ်းဖက်မှုဆန့်ကျင်ရေးနှင့် ငွေကြေးခဝါချမှုဆိုင်ရာ သဘောတူညီချက်များကို မလိုက်နာခြင်း၊ တရားမျှတမှုမရှိသော ကုန်သွယ်မှုအလေ့အထများ သို့မဟုတ် ငါးဖမ်းအဖွဲ့အစည်းများရဲ့ ချိုးဖောက်မှုများကဲ့သို့သော ပြင်းထန်သောချိုးဖောက်မှုများအတွက် GSP အခွင့်အရေးကို ယာယီ ရုပ်သိမ်းတာတွေ ဆောင်ရွက်ပါတယ်။ အကာအကွယ်ပေးမှု ယန္တရား (Safeguard Mechanism) အနေနဲ့ အရေးတကြီးကိစ္စရပ်တွေမှာ ကော်မရှင်ရဲ့ အခွင့်အာဏာနဲ့ GSP အရတင်သွင်းမှုများကြောင့် အီးယူက ထုတ်လုပ်သူတွေ စိန်ခေါ်မှုတွေဖြစ်လာရင်လည်း အကာအကွယ်ပေးပါတယ်။ သီးခြားအကာအကွယ်ပေးမှု ယန္တရားအနေနဲ့ အထည်အလိပ်၊ စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းတွေအတွက် EBA အကျိုးခံစားခွင့် ဒါမှမဟုတ် GSP တင်သွင်းမှု၏ ၆ % အောက်ရှိတဲ့နိုင်ငံတွေအတွက် GSP ခံစားခြင်းမှ ခြွင်းချက်တွေကို ချမှတ်ကျင့်သုံးပါတယ်။

### မြန်မာနိုင်ငံရဲ့ အီးယူ GSP အစီအစဉ်မှာ ပါဝင်အကောင်အထည်ဖော်ဆောင်မှု

အီးယူ GSP အစီအစဉ်မှာ မြန်မာနိုင်ငံရဲ့ ပါဝင်အကောင်အထည်ဖော်ဆောင်မှုကို ကြည့် မယ်ဆိုရင် မြန်မာနိုင်ငံက forced labor အသုံးပြုတယ်ဆိုတဲ့ ILO ရဲ့ ဆုံးဖြတ်ချက်အရ ၁၉၉၇ ခုနှစ်က စတင်ပြီး EU ၏ တစ်ဖက်သတ်ပေးသော GSP အကျိုးခံစားခွင့်မှ ယာယီဖယ်ရှားခံခဲ့ရပါတယ်။ ၂၀၁၂ ခုနှစ်မှာ ကျင်းပခဲ့သော ကမ္ဘာ့အလုပ်သမားသမဂ္ဂအဖွဲ့ညီလာခံကြီးက မြန်မာနိုင်ငံ အပေါ် ပိတ်ဆို့မှုများကို ဖယ်ရှားရန် ဆုံးဖြတ်ချက်နဲ့အတူ EU အဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများကို ဖြေလျှော့ပေးတဲ့အနေနဲ့ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်မှာ GSP အခွင့်အရေးအား ခံစားခွင့်ပြန်လည်ပေးအပ်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်မှစတင်ပြီး တင်ပို့ကုန်စည်တွေအတွက်နောက်ကြောင်းပြန်အကောက်ခွန်ကင်းလွတ်ခံစားခွင့်ပေးအပ်ခဲ့တာလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ တစ်နိုင်ငံအနေဖြင့် EU GSP အစီအစဉ်အရ အကောက်ခွန်သက်သာခွင့် အများဆုံးရရှိသည့် လက်နက်ခဲယမ်းမှအပ (Everything But Arms-EBA) ကျန်ကုန်စည်အားလုံးကို အကောက်ခွန်ကင်းလွတ်ခွင့်နှင့် အရေအတွက်ကန့်သတ် ခြင်းမှကင်းလွတ်ခွင့် (Duty Free and Quota Free) ကို ပြန်လည်ရရှိခံစားလျက်ရှိပါတယ်။ မြန်မာနိုင်ငံက LDC နိုင်ငံကနေ လွတ်မြောက်ပါကလည်း ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့် အီးယူ၏ GSP Standard ဒါမှမဟုတ် GSP+ အစီအစဉ်များကို ဆက်လက်ခံစားနိုင်မှာဖြစ်ပါတယ်။

အီးယူအဖွဲ့ဝင်နိုင်ငံများ၏ GSP အစီအစဉ်အရ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ အနေဖြင့် Everything But Arms (EBA) အစီအစဉ်အရ မြန်မာ့ပင်ရင်းထုတ်ကုန်များသည် အီးယူဈေးကွက်သို့အပြည့်အဝဝင်ရောက်ခွင့်ရရှိခဲ့ပြီး၊ အီးယူသည် မြန်မာနိုင်ငံ၏ အရေးပါသော ကုန်သွယ်ဖက်နိုင်ငံဖြစ်လာခဲ့ပါတယ်။ လက်ရှိမှာ EBA အစီအစဉ်အရ မြန်မာနိုင်ငံကနေ အီးယူနိုင်ငံတွေကို တင်ပို့တဲ့ လက်နက်ခဲယမ်းမီးမှအပ ကျန်ပို့ကုန်အားလုံးမှာ Duty free, Quota free အခွင့်အရေးရရှိမှာဖြစ်ပါတယ်။ အီးယူက GSP အခွင့်အရေး ပြန်လည်ပေးအပ်ပြီးတဲ့ နောက်ပိုင်းမှာ အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ရေထွက်ကုန်နှင့်အဝတ်အထည်များ တင်ပို့မှုပမာဏမှာမြင့်မားစွာ တိုးတက်ခဲ့ပြီးတော့ အီးယူဟာ မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံစာရင်းထဲမှာ ပါဝင်ရပ်တည်လာခဲ့ပါတယ်။

### အီးယူကို GSP အစီအစဉ်အောက်ကနေ ဘာတွေတင်ပို့နေလဲ

မြန်မာနိုင်ငံအနေနဲ့ GSP အစီအစဉ်အောက်ကနေ အီးယူဈေးကွက်သို့ ငါး၊ ပုစွန်စသည့် ရေထွက်ကုန်စည်များ၊ ဆန်၊ ပဲစတဲ့ လယ်ယာထွက်ကုန်စည်များ၊ ကြိမ်ထည်၊ သစ်အချောထည် စတဲ့ သစ်တောထွက် ပစ္စည်းများ၊ အဝတ်အထည်၊ ဖိနပ်စတဲ့ စက်မှုထုတ်ကုန်စည် တင်ပို့မှုတွေအတွက် အကောက်ခွန်ကင်းလွတ်ခွင့်တွေ ရရှိခံစားလျက်ရှိပါတယ်။

### GSP Form A အစားထိုးတဲ့ မှတ်ပုံတင်ပို့ကုန်တင်ပို့သူစနစ်

အီးယူအဖွဲ့ဝင်နိုင်ငံတွေက GSP အခွင့်အရေးခံစားခွင့်ရှိတဲ့ နိုင်ငံတွေကနေ တင်ပို့တဲ့ ပို့ကုန် တွေကို အီးယူနိုင်ငံတွေအတွင်း တင်သွင်းရာတွင် လုပ်ငန်းစဉ်လွယ်ကူချောမွေ့စေရန် ရည်ရွယ်ပြီးတော့ သတ်မှတ်ချက်နဲ့ ကိုက်ညီတဲ့ ပင်ရင်းထုတ်ကုန်တွေဖြစ်ကြောင်း အထောက်အထား စာရွက်စာတမ်းအဖြစ် GSP Form A တင်ပြရတဲ့ လုပ်ထုံးလုပ်နည်းကို ၂၀၁၇ ခုနှစ်က စတင်ပြီး ဖြေလျှော့လိုက်ပါတယ်။ ကုန်ပစ္စည်းတင်သွင်းချိန်မှာ သက်ဆိုင်ရာ ကုန်တင်ပို့အာဏာပိုင်က စိစစ်ခွင့်ပြုထုတ်ပေးလိုက်တဲ့ GSP Form A တင်ပြရမဲ့အစား ထုတ်လုပ်တင်ပို့သူကိုယ် တိုင်က မိမိတင်ပို့တဲ့ ကုန်စည်ကို အကောက်ခွန်သက်သာခွင့်ခံစားဖို့အတွက် ပင်ရင်းထုတ်ကုန်အဖြစ် ကြေညာခွင့်ရှိတဲ့ မှတ်ပုံတင်ပို့ကုန်တင်ပို့သူစနစ် (Registered Exporter (REX) System) ကို ၂၀၁၇ ခုနှစ်၊ နှစ်ဦးပိုင်းမှာ စတင်အကောင်အထည်ဖော်ဆောင်ခဲ့ပါတယ်။

အကောင်အထည်ဖော်ဆောင်မှုစနစ်အရ ပို့ကုန်တင်ပို့သူတွေဟာ ကုန်တင်ပို့နိုင်ငံ ရဲ့ သက်ဆိုင်ရာ အာဏာပိုင်ဆီမှာ ပို့ကုန်တင်ပို့သူမှတ်ပုံတင်ရမှာဖြစ်ပါတယ်။အီးယူကတော့ ဗဟို Database ကို ထူထောင်ထားရှိကာ သက်ဆိုင်ရာ အခွင့်အရေးရရှိတဲ့ နိုင်ငံတွေရဲ့ Database တွေနဲ့ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။အဲဒီ Database မှာ ပို့ကုန်တင်ပို့သူဆိုင်ရာ အချက် အလက်တွေဖြစ်တဲ့ ကုမ္ပဏီအမည်၊ လိပ်စာ၊ တင်ပို့မဲ့ ကုန်စည်စတာတွေကို စုသင်ိ တင်ထား ပါတယ်။

### မြန်မာနိုင်ငံရဲ့ REX System အကောင်အထည်ဖော်ဆောင်မှု

မြန်မာနိုင်ငံအနေနဲ့လည်း အီးယူက အသစ် စတင် အကောင်အထည်ဖော်ဆောင်မဲ့ REX System မှာ ပါဝင်အကောင်အထည်ဖော်ဆောင်နိုင်ဖို့ အီးယူကနေ စေလွှတ်လိုက်တဲ့ ကိုယ်စားလှယ် (၄) ဦးပါဝင်တဲ့ Monitoring Mission က မြန်မာနိုင်ငံကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ အတွင်း လာရောက်လည်ပတ်ပြီး လိုအပ်သည်တာတွေကို စိစစ်ဆောင်ရွက်ခဲ့ပါတယ်။ အီးယူ ကိုယ်စားလှယ်တွေ လာရောက်စဉ်ကာလအတွင်း သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနတွေ၊ အဖွဲ့ အစည်းတွေက တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။

မြန်မာနိုင်ငံအနေဖြင့် လိုက်ပါအကောင်အထည်ဖော်နိုင်စေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ကုန်သွယ်ရေးဦးစီးဌာနက Focal Point (2) ဦးရဲ့ အမည်စာရင်းကိုလည်း European Commission သို့ ပေးပို့အကြောင်းကြားပြီးနောက် မှာအီးယူကသက်ဆိုင်ရာနိုင်ငံများမှတာဝန်ရှိသူတွေကို သင်တန်းတွေ ပို့ချပေးခဲ့ပါတယ်။ ဒ့်အပြင် GIZ ရဲ့ ငွေကြေးအကူအညီနဲ့ ကုန်သွယ်ရေးဦးစီးဌာနက ဘာသာရပ်တာဝန်ခံတွေက ရန်ကုန်မြို့ မှာ အီးယူ GSP ရဲ့ပင်ရင်းနိုင်ငံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ မှတ်ပုံတင်ပို့ကုန်တင်ပို့သူ စနစ် ဆိုင်ရာအချက်အလက်တွေ၊ လိုက်နာဆောင်ရွက်ရမယ့် ပြည်တွင်းလုပ်ထုံးလုပ်နည်းတွေကို သင်တန်း (၁၀) ကြိမ်အထိ ပို့ချပေးခဲ့ပါတယ်။

ဆက်လက်ပြီး UMFCCI မှာလည်း မှတ်ပုံတင် ပို့ကုန်တင်ပို့သူစနစ် အသိပညာပေးဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပပေးခဲ့ပါတယ်။ ကိုယ့်နိုင်ငံရဲ့ ပို့ကုန်လုပ်ငန်းရှင်တွေအတွက် အသိပညာပေးအစီအစဉ်တွေပြုလုပ်ပေးသလို နိုင်ငံအနေနဲ့ လိုက်ပါဆောင်ရွက်ရမဲ့ ကိစ္စတွေကိုလည်း အမြန်ဆုံးလိုက်ပါ ဆောင်ရွက်ခဲ့ပါတယ်။ အကောင်အထည်ဖော်ဆောင်ရမဲ့ ကိစ္စရပ်တွေကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး၊ ပြည်တွင်းလုပ်ထုံး လုပ်နည်းတွေ ဆောင်ရွက်ကာ မြန်မာနိုင်ငံက EU REX System ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၃ ရက်မှာ အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၈) ထုတ်ပြန်ခြင်းဖြင့် စတင်အကောင်အထည်ဖော်ဆောင်ခဲ့ပါတယ်။

အဆိုပါစနစ်အရ EU နိုင်ငံများသို့ တင်ပို့သော မြန်မာ့ပင်ရင်းထုတ်ကုန်များအတွက် ကုန်သွယ်ရေးဦးစီးဌာနတွင် GSP Form-A လာရောက်လျှောက်ထားရန် မလိုအပ်ဘဲ မှတ်ပုံတင် ပို့ကုန်တင်ပို့သူစနစ်အရ မှတ်ပုံတင်နံပါတ်ရရှိပြီးသော ပို့ကုန်တင်ပို့သူများသည် “ပင်ရင်းနိုင်ငံ ဖော်ပြချက်”ကို မည်သည့်အရောင်းအဝယ်ဆိုင်ရာ စာရွက်စာတမ်းတစ်ခုခုပေါ်မှာမဆို ကြေညာနိုင်တဲ့ အခွင့်အာဏာ ရရှိခြင်းဖြစ်ပါတယ်။

အဆိုပါပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကိုယ်တိုင်ကြေညာသည့်စနစ်သည် ယခင် ကျင့်သုံး ခဲ့သည့် Form-A လျှောက်ထားခြင်း၊ ရယူခြင်းနှင့်ဆက်စပ်သည့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ ဝန်ထုတ် ဝန်ပိုးကို လျှော့ချပေးနိုင်သည့်အတွက် LDC နိုင်ငံများမှ တင်ပို့မှုများကို ပိုမိုလွယ်ကူချောမွေ့စေပါတယ်။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်အထိ မြန်မာနိုင်ငံမှ မှတ်ပုံတင် ပို့ကုန်တင်ပို့သူ စုစုပေါင်း (၁၁၂၂) ဦးအား မှတ်ပုံတင်လက်မှတ်များ စိစစ်ခွင့်ပြုထုတ်ပေးပြီးဖြစ်ပါတယ်။ မှတ်ပုံတင်ထားပြီး Registered Exporter တွေကတော့ တင်ပို့သူကိုယ်တိုင်ပင်ရင်းထုတ်ကုန်ကြေညာတဲ့စနစ်နဲ့ အီးယူဈေးကွက်မှာ အကောက်ခွန်ကင်းလွတ်ခွင့်များ ရရှိခံစားနေပါတယ်။ မြန်မာ နိုင်ငံအနေနဲ့ REX System ကို ပါဝင်အကောင်အထည်ဖော်ဆောင်ရာမှာ ပို့ကုန်တင်ပို့သူအဖြစ် မှတ်ပုံတင်ထားတဲ့ Registered Exporter တွေက မိမိတင်ပို့တဲ့ ပို့ကုန်ကို တာဝန်ယူကြေညာရ တာဖြစ်တဲ့အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုအပြင် စီးပွားရေးကျင့်ဝတ်နဲ့အညီ ဆောက်ရွက်ဖို့ အထူးလိုအပ်ပါတယ်။

UNCTAD Website မှာ ဖော်ပြချက်ထားတဲ့ EU GSP အစီအစဉ်နဲ့ မြန်မာ့မှတ်ပုံတင် ပို့ကုန်တင်ပို့သူတွေရဲ့ နှစ်အလိုက်ပင်ရင်းကြေညာချက်တန်ဖိုးစာရင်းကို အောက်ပါဇယားမှာ ဖော်ပြထားပါတယ်-

**မြန်မာ့မှတ်ပုံတင်ပို့ကုန်တင်ပို့သူများ၏ ပင်ရင်းကြေညာချက်တန်ဖိုးများ**

| စဉ် | ခုနှစ် | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
|---|---|---|
| ၁ | ၂၀၂၃ | ၃၂၃၀. ၅၃ |
| ၂ | ၂၀၂၂ | ၄၀၆၃. ၄၅ |
| ၃ | ၂၀၂၁ | ၂၄၁၆. ၃၆ |
| ၄ | ၂၀၂၀ | ၂၈၆၃. ၂၄ |
| ၅ | ၂၀၁၉ | ၃၁၅၅. ၀၀ |

(ဆက်လက်ဖော်ပြပါမည်။)

# မကွေးတိုင်းဒေသကြီးတွင် ဖြစ်ပေါ်လျက်ရှိသော စပါး၊ ဆန်ဈေးနှုန်းနှင့် စီးဝင်မှုအခြေအနေ

မကွေးတိုင်းဒေသကြီးသည် ဆန်လိုတိုင်းဒေသကြီးဖြစ်၍ စပါးအဓိကစိုက်ပျိုးထွက်ရှိရာ အခြား တိုင်းဒေသကြီး/ပြည်နယ်များမှ တင်သွင်းရသည်။ ဧရာဝတီမြစ်အနောက်ဘက်ရှိ မင်းဘူး၊ ပွင့်ဖြူ၊ စလင်းနှင့် စပါးကို ဆည်ရေရရှိသော တောင်တွင်း၊ မြို့သစ်တို့တွင် ဧရာပဒေသာ စပါးကို အဓိကထား စိုက်ပျိုးကြသည်။

ယခုနှစ် မတ်လတွင် ယခင်လထက် မကွေးခရိုင်၌ ပေါ်ဆန်းမွှေး ကျပ် ၄၀၀၀၊ မင်းဘူးခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၀၀၀၀၊ အောင်လံခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၁၀၀၀၊ ဧရာပဒေသာ ကျပ် ၃၈၀၀၀၊ ပခုက္ကူခရိုင်တွင် ဧရာပဒေသာ ကျပ် ၄၀၀၀ ဈေးနှုန်းလျော့ကျခဲ့ပြီး ချောက်ခရိုင်တွင် ဧရာပဒေသာ ကျပ်၂၄၀၀၀၊ မနောသုခ ကျပ်၁၀၀၀၀၊ သရက်ခရိုင်တွင် ဧရာပဒေသာ ကျပ် ၁၀၀၀၀၊ မနောသုခ ကျပ် ၅၀၀၀၊ ပခုက္ကူ ခရိုင်တွင် မနောသုခ ကျပ် ၇၀၀၀၊ ရတနာတိုး ကျပ် ၂၀၀၀၊ အောင်လံခရိုင်တွင် ရတနာတိုး ကျပ် ၂၅၀၀ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

ဧပြီလဆန်းပိုင်းတွင် ဖြစ်ပေါ်နေသောစပါးဈေးနှုန်းများမှ ညော့်မထ (မိုး) တစ်တင်းလျှင် ကျပ် ၁၈၅၀၀ - ၁၇၀၀၀၊ ဆန်ဈေးနှုန်းများမှာ မကွေးခရိုင်တွင် ပေါ်ဆန်းမွှေး ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၄၈၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၅၀၀၀၊ မနောသုခ ကျပ် ၉၇၀၀၀၊ ရတနာတိုး ကျပ် ၇၂၀၀၀၊ မင်းဘူးခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၃၅၀၀၀၊ ဧရာ ပဒေသာ ကျပ် ၁၃၃၀၀၀၊ မနောသုခ ကျပ် ၉၇၀၀၀၊ ရတနာတိုး ကျပ် ၇၅၀၀၀၊ သရက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၀၀၀၀၊ မနောသုခ ကျပ် ၉၀၀၀၀၊ အောင်လံခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၄၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၅၀၀၀၊ မနောသုခ ကျပ် ၁၀၀၀၀၀၊ ရတနာတိုး ကျပ် ၈၄၀၀၀၊ ချောက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၉၀၀၀ ၊ မနောသုခ ကျပ် ၁၀၀၀၀၀၊ ရတနာတိုး ကျပ် ၇၈၀၀၀၊ ပခုက္ကူခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၉၀၀၀ ၊ မနောသုခ ကျပ် ၉၃၀၀၀ ၊ ရတနာတိုး ကျပ် ၈၀၀၀၀၊ ဂန့်ဂေါခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၉၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၅၀၀၀ ၊ မနောသုခ ကျပ် ၁၁၀၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

မတ်လအတွင်း မကွေးတိုင်းဒေသကြီးသို့ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များမှ ဆန်စီးဝင်မှုမှာ စပါးအဓိကစိုက်ပျိုးထွက်ရှိသည့် ဧရာဝတီတိုင်း ဒေသကြီးမှ ဆန်အိတ် ၉၃၀၀၉ အိတ်၊ မန္တလေးတိုင်းဒေသကြီးမှ ဆန်အိတ် ၇၃၃၀ အိတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆန်အိတ် ၁၅၅၀၊ ပဲခူးတိုင်းဒေသကြီးမှ ဆန်အိတ် ၆၆၈၅ အိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဆန်အိတ် ၈၁၀၁၊ စုစုပေါင်း ဆန်အိတ်ရေ ၁၁၆၆၇၅ အိတ်၊ တန်ချိန် ၅၈၃၃ ဒသမ ၇၅ တန် စီးဝင်ခဲ့ကြောင်း သိရသည်။

**ရဲမင်းသာ (မကွေး)**

# မအူပင်ခရိုင်၏ ပြည်ပပို့ကုန် ဆန်နှင့် ဆန်ကွဲ

မြန်မာနိုင်ငံမှ ပြည်ပတင်ပို့လျက်ရှိသော လယ်ယာထွက်ကုန်၊ ရေထွက်ကုန်၊ တိရစ္ဆာန်ထွက်၊ သတ္တုတွင်းထွက်၊ စက်မှုကုန်ချောနှင့် အခြားပို့ကုန်ပစ္စည်းများအနက်မှ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်မှ တင်ပို့သော ဆန်၊ ဆန်ကွဲများ၏ တင်ပို့မှု အခြေအနေများကို ဖော်ပြလိုက်သည်။

၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်တွင် မိုးစပါး ၆၁၁၄၀၉ဧက၊ နွေစပါး ၃၉၁၉၇၅ ဧက၊ မတ်ပဲ ၆၁၃၀၇ဧက၊ ပဲတီစိမ်း ၂၁၅၉ဧက စိုက်ပျိုးထားကြောင်း သိရသည်။ မအူပင်ခရိုင်အတွင်းတွင် ဆန်စက် ၁၀၇ လုံးရှိပြီး ညောင်တုန်းမြို့နယ်တွင် ဆန်စက်ကြီးများ အများအပြားရှိသဖြင့် ညောင်တုန်းမြို့နယ်မှ ဆန်နှင့် ဆန်ကွဲကို ကုမ္ပဏီများနှင့် ဆန်စက်များမှ ပြည်ပတင်ပို့နိုင်ကြောင်း သိရသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း မတ်လအထိ ဆန်အိတ်ရေ ၁၇၉၀၈၄ အိတ်နှင့် ဆန်ကွဲအိတ်ရေ ၁၃၅၁၇၇ အိတ် တင်ပို့ခဲ့ပြီး ဆန်ကွဲအိတ်ရေ ၁၆၀၀၀ ဆက်လက်တင်ပို့သွားရန်ရှိကြောင်း သိရသည်။




ပေါင်းဆန်တင်ပို့မှုအနေဖြင့် ယခုဘဏ္ဍာနှစ် ဖေဖော်ဝါရီလ အထိ ၆၇၆၈ အိတ် တင်ပို့ခဲ့ပြီး အိတ်ရေ ၉၇၆၈ အိတ် ဆက်လက် တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းသုံးစွဲမှုအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ တစ်လအတွင်း မအူပင်မှ ဆန်တင်ပို့မှု အိတ် ၁၁၂၁၁အိတ်၊ ပန်းတနော်မှ ဆန်တင်ပို့မှု ၁၉၅၇၈ အိတ်၊ ညောင်တုန်းမှ ဆန်တင်ပို့မှု ၂၈၀၃၉၈ အိတ်၊ ဓနုဖြူ မှ ဆန်တင်ပို့မှု ၆၅၆၆၂ အိတ်နှင့် စုစုပေါင်း ၃၇၆၈၄၉ အိတ်တင်ပို့ပြီး တန်အားဖြင့် ၁၈၈၄၂ တန်တင်ပို့နိုင်ခဲ့ပြီး အခြား မြို့နယ်များမှ ၄၀၂၅၂၂ အိတ်၊ တန်အားဖြင့် ၂၀၁၂၆ တန်ကို တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

ပွင့်လင်းရာသီကာလအတွင်း ပြည်ပသို့ ဆန်နှင့် ကောက်ပဲသီးနှံများတင်ပို့ရာတွင် သင်္ဘောကြီးများ နှောင့်နှေးကြန့်ကြာခြင်းမရှိ ဝင်/ထွက်နိုင်ရေး၊ သတ်မှတ်ချိန်အတိုင်း သင်္ဘောတင်ပြီးစီးနိုင်ရေး၊ အလေအလွင့် အနည်းဆုံးဖြင့် အရည်အသွေးနှင့်အရေအတွက် ပြည့်မီ စွာ တင်ပို့နိုင်ရေးတို့အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လိုအပ်သည့် ကြီးကြပ်စီမံခန့်ခွဲမှုများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်နှင့် ဆန်၊ ပဲ၊ ပြောင်း ပို့ကုန်လုပ်ငန်းရှင်ကြီးများနှင့်လည်း အခါအားလျော်စွာတွေ့ဆုံ၍ ၎င်းတို့၏ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင်ကုန်သေတ္တာလိုအပ်ချက် မရှိစေရေးအတွက် အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ UMFCCI နှင့် MIFFA တို့မှ တာဝန်ရှိသူများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ ဆိပ်ကမ်းတံတားများ၊ သင်္ဘောလိုင်းများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံ၍လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မသဇင် (မအူပင်)**

# ပြည်ခရိုင်အတွင်း စပါး/ဆန်ဈေးနှုန်းများ

ပြည်ခရိုင်အတွင်းတွင် ပြီးခဲ့သည့်၂၀၂၄ ခုနှစ် မတ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် စပါးအမျိုးအစားအလိုက် ဈေးနှုန်းမှာ မော်ဘီ (၄၆)ပေါင် တင်း ၁၀၀ ဈေးမှာ ကျပ် ၂၁၅၀၀၀၀ ၊ ကရင်စပါးဈေးမှာ ကျပ် ၂၀၀၀၀၀၀ ၊ ရတနာတိုးစပါးမှာ ကျပ် ၁၇၃၀၀၀၀၊ ဗီယက်နမ်စပါးမှာ ကျပ် ၁၆၅၀၀၀၀၊ GW 11 မှာ ကျပ် ၁၆၅၀၀၀၀ ၊ ထိုင်းနှံကောက်စပါးမှာ ကျပ် ၁၇၀၀၀၀၀ နှင့် ဆင်းသုခစပါးဈေးမှာ ကျပ် ၁၇၀၀၀၀၀ ဖြင့် အရောင်းအဝယ်ရှိခဲ့သည်။ ဆန်ဈေးများမှာ မော်ဘီ၁၀၈ပေါင် တစ်အိတ် လျှင် ကျပ် ၈၀၀၀၀၊ ရတနာတိုးဆန်တစ်အိတ်လျှင် ကျပ် ၆၈၀၀၀၊ ကရင်မဆန်တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ၂၀၂၅ ခုနှစ်၊ မတ်လတွင် မော်ဘီစပါးတင်း ၁၀၀ လျှင် ကျပ် ၁၇၄၈၀၀၀ ၊ ရတနာတိုးစပါးမှာ ကျပ် ၁၆၅၆၀၀၀၊ ထိုင်းနှံကောက်စပါးမှာ ကျပ် ၁၇၄၀၀၀၀ ၊ ကရင်မစပါးမှာ ကျပ် ၁၅၆၄၀၀၀ ဈေးဖြင့် အရောင်းအဝယ်ရှိပြီး ဆန်ဈေးမှာ မော်ဘီ တစ်အိတ်လျှင် ကျပ် ၇၅၀၀၀၊ နှံကောက် ဆန်တစ်အိတ်လျှင် ကျပ် ၇၀၀၀၀၊ ကရင်မဆန် တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ ဈေးဖြင့် အရောင်းအဝယ်ရှိသည်။

**လွင်လွင်ဆန်း (ပြည်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများ အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မတ်လ စတုတ္ထပတ်တွင် ဖြစ်ပေါ်နေသော စပါး/ ဆန်ဈေးနှုန်းများမှာ ရွှေဘိုခရိုင်နှင့် ရေဦးခရိုင်တွင် ရွှေဘိုပေါ်ဆန်း (စပါး)(သစ်) တင်း ၁၀၀လျှင် ကျပ် ၃၆၀၀၀၀၀၊ ပေါ်ဆန်း(ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ ဧရာမင်း (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၃၀၀၀၀၀ ဧရာမင်း ဆန် (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင်တွင် ညော့်မထ(စပါး)(ဟောင်း) တင်း၁၀၀ လျှင် ကျပ် ၂၇၀၀၀၀၀၊ညော့်မထ (ဆန်)(ဟောင်း) ၂၄ပြည်ပါတစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ညော့်မထ(စပါး)(သစ်) တင်း၁၀၀ လျှင် ကျပ် ၁၇၀၀၀၀၀၊ ညော့်မထ (ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၈၀၀၀၊ ငစိန်(စပါး)(ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀၀၀၊ ငစိန် (ဆန်)(ဟောင်း) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၅၀၀၀၊ ဧရာမင်း(စပါး)(ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၃၀၀၀၀၀၀၊ ဧရာမင်း(ဆန်)(ဟောင်း) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ဧရာမင်း(စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၁၀၀၀၀၀၊ ဧရာမင်း(ဆန်)(သစ်) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၃၀၀၀ ဖြင့် အရောင်း အဝယ်ဖြစ်နေကြောင်း သိရ သည်။

ကသာခရိုင်၊ အင်းတော်မြို့နယ်တွင် ဆင်းကေရီ(၃)(စပါး)(ဟောင်း) တင်း၁၀၀ လျှင် ကျပ် ၂၀၀၀၀၀၀၊ ဆင်းကေရီ-၃ ဆန် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၁၀၀၀၊ ဆင်းကေရီ(၃)(စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၁၆၀၀၀၀၀၊ ဆင်းကေရီ-၃ ဆန်(သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ ဧရာမင်း(စပါး) (ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၂၈၀၀၀၀၀၊ ဧရာမင်း (ဆန်)(ဟောင်း) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင် မုံရွာမြို့တွင် ဧရာမင်း(စပါး)(ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၂၈၅၀၀၀၀၊ ဧရာမင်း (ဆန်)(ဟောင်း) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ ဧရာမင်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၄၅၀၀၀၀၊ ဧရာမင်း ဆန် (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ရွှေဘိုပေါ်ဆန်း (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၃၆၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်း(ဆန်)(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ မနောသုခ (စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ မနောသုခ (ဆန်)(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ ရွှေဝါထွန်း (စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၂၁၀၀၀၀၀၊ ရွှေဝါထွန်း (ဆန်)(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ရွှေသွယ်ရင် (စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ ရွှေသွယ်ရင် (ဆန်)(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၇၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်သည့် စိုက်ပျိုးသူ တောင်သူ များအပါအဝင် ကုန်သွယ်ရောင်းဝယ်သိုလှောင်ကြသူများအထိ သင့်တင့်မျှတသော ရည်ညွှန်းဈေးနှုန်းများအပေါ် မူတည်၍ ယခု မတ်လ စတုတ္ထပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စပါး/ ဆန်ဈေးနှုန်းများမှာ ယခင်တစ်ပတ်အတိုင်း ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း သိရသည်။



**ခင်မို့မို့ငြိမ်း(မုံရွာ)**



# ကြက်သွန်နီဈေးကွက်

**မန္တလေး**

မန္တလေးဈေးကွက်အတွင်းသို့ ကျောက်ဆည်၊ မြစ်သား၊ စဥ့်ကိုင်၊ တံတားဦး၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ပျော်ဘွယ်၊ ရမည်းသင်း စသည့် ဒေသများနှင့် အခြားဒေသများမှ ထွက်ရှိသည့် ကြက်သွန်နီများ မတ်လကုန်ပိုင်းတွင် ဖြိုင်ဖြိုင်ဝင်ရောက်လျက်ရှိသည်။ ဆောင်းကြက်သွန်နီသည် ကြက်သွန်မျိုးစေ့ကို ပျိုးထောင်၍ အပင်ကလေးများ တစ်လခွဲသားအရွယ်တွင် ပျိုးပင်ကိုနုတ်၍ နေရာရွှေ့ပြောင်း စိုက်ပျိုးကြရသည်။

ကြက်သွန်နီကို မိုးကုန်ရာသီ တန်ဆောင်မုန်းလနှင့် နတ်တော်လတွင် စိုက်ပျိုးခဲ့ကြပြီး တပို့တွဲ၊ တပေါင်းလများတွင် ဖြိုင်ဖြိုင်ထွက်ပေါ်လာသည်။ ကြက်သွန်မြိတ်ခြောက်မှသာ တူးဖော်ရောင်းချကြသောကြောင့် ကြာရှည်စွာ တစ်နှစ်ပတ်လုံးအထားခံသည်။ ကျောက်ဆည်၊ မြစ်သားမျိုး (ရွှေဖလား)ကြက်သွန်ဥသည် ဥဝိုင်းမျိုးဖြစ်ပြီး အခွံပါး၍ အသားနုသည်။ ယခုအခါ ဈေးကွက်အတွင်း၌ ဆောင်းကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်လာပြီဖြစ်၍ ကြက်သွန်နီဈေးနှုန်းများ ကျဆင်းလျက်ရှိသည်။

ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် ကြက်သွန်နီထိပ်စ တစ်ပိဿာလျှင် ကျပ် ၃၅၀၀-၄၀၀၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၂၅၀၀-၃၀၀၀ ဈေးနှုန်းများဖြင့် မတ်လ နောက်ဆုံးပတ်တွင် ကြက်သွန်နီထိပ်စ တစ်ပိဿာလျှင် ကျပ် ၂၅၀၀-၃၀၀၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၂၀၀၀-၂၅၀၀ ဈေးနှုန်းများဖြင့် လက်လီရောင်းချလျက်ရှိပြီး ကြက်သွန်နီအသစ်များ လှိုင်လှိုင်ဝင်ရောင်လာခြင်းကြောင့် ကြက်သွန်နီဈေးနှုန်း ကျဆင်းသွားကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

**ပခုက္ကူ**

မတ်လ ပထမပတ်တွင် ပခုက္ကူ ကြက်သွန်နီကုန်စည်ဒိုင်သို့ ဆောင်းစိုက် (ပင်စိုက်) ကြက်သွန်နီများ စတင်ဝင်ရောက်လာခဲ့သည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ ကြက်သွန်နီ စိုက်ပျိုးရာဒေသများဖြစ်သော ပေါက်၊ ရေပြာ၊ ဆိပ်ဖြူ ရေစကြိုနှင့် ပခုက္ကူကျွန်းများတွင် ဆောင်းစိုက် (ပင်စိုက်) များကို အဓိက စိုက်ပျိုးသည်။ ကုန်စည်ဒိုင်သို့ ပခုက္ကူဒေသထွက် ကြက်သွန်နီများသာမက ပေါက်၊ ရေပြာ၊ ကမ္မနှင့် ပုလဲဒေသမှထွက်ရှိသော ကြက်သွန်နီများလည်း ဝင်ရောက်လျက်ရှိသည်။

ကြက်သွန်နီဈေးနှုန်းများအနေဖြင့် ဧပြီလဆန်းတွင် ဆောင်းစိုက် (ပင်စိုက်) ထိပ်စ တစ်ပိဿာလျှင် ကျပ် ၁၅၀၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၁၃၀၀၊ အနိမ့်စ တစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြစ်ပြီး၊ မတ်လနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ကျပ် ၄၀၀ ခန့် ဈေးကျနေကြောင်း သိရသည်။

**ဆိပ်ဖြူ**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်သည် ကြက်သွန်နီသီးနှံကို အဓိကစိုက်ပျိုးကြသည်။ ယခုနှစ် မတ်လကုန်တွင် ကြက်သွန်နီပင်စိုက်များ တူးဖော်ချိန်ဖြစ်၍ ကြက်သွန်နီ ကုန်စည်ဒိုင်ဈေးကွက်သို့ ကုန်ချိန်ဝင်ရောက်မှုများပြီး ဈေးကျဆင်းလျက်ရှိသည်။ စိုက်ပျိုးမှုများသော ရွာသစ်ရပ်ကွက်နှင့် ကိုးတောင့်၊ အောက်ဆိပ်၊ မြင်ကဝ၊ ငွေးပင်၊ ချောင်းမကြီးကျေးရွာများမှ အများဆုံးဝင်ရောက်ပြီး တစ်ရက်လျှင် ကြက်သွန်နီ ပျမ်းမျှ ကုန်ချိန် ပိဿာခုနစ်သောင်းခန့် ဝင်ရောက်ကြောင်း သိရှိရသည်။

ဈေးနှုန်းအနေဖြင့် ဧပြီလဆန်းပိုင်းတွင် ကြက်သွန်နီ ဈေးနှုန်းမှာ သီးနှံအရည်အသွေးလိုက်၍ တောဈေး(ဂွန်) တစ်ပိဿာလျှင် ကျပ် ၁၄၅၀-၁၃၀၀-၁၂၀၀ ဈေးအသီးသီးရှိပြီး မတ်လအတွင်း ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၁၅၀ ခန့် ဈေးကျဆင်းကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ဆိပ်ဖြူဒေသထွက် ကြက်သွန်နီများကို ရန်ကုန်ဘုရင့်နောင်ပွဲရုံသို့ ကုန်ချိန်အများဆုံးတင်ပို့ပြီး ပြည်ပ ပို့ကုန်အဖြစ် ထိုင်း၊ ဗီယက်နမ်နိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း၊ မတ်လနောက်ဆုံးပတ်တွင် ကြက်သွန်နီ ကုန်ချိန်ပိဿာ သုံးသိန်းခွဲခန့်၊ တန်ချိန် အားဖြင့် ၅၇၂တန်ခန့် ကုန်စည်စီးဆင်းခဲ့ကြောင်း ဈေးကွက်မှ သိရသည်။

**နှင်းဖြူစိုး (မန္တလေး)၊ လှိုင်ဥမ္မာဦး၊ မြင့်မြင့်သန်း (ပခုက္ကူ)**

## ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဘီလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ

ယခုအချိန်သည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ နိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ထိုသို့ တည်ဆောက်မှုလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့် ပြည်တွင်း ဘီလပ်မြေလိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုကို အင်အားဖြည့်တင်းပေးနိုင်ရန်အတွက် ပြည်ပမှ ဘီလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်သွင်းလာသော ဘီလပ်မြေ ရေယာဉ်များ စဉ်ဆက်မပြတ် ရောက်ရှိလျက်ရှိပြီး တန်ချိန် ၁၅၀၀ တင်ဆောင်လာ သည့် ရေယာဉ်သည် ရန်ကုန်မြို့၊ ရွှေပြည်သာ ရွှေမဲဆိပ်ကမ်းသို့ မတ် ၂၂ ရက်တွင် ထပ်မံရောက်ရှိခဲ့၍ ဈေးကွက်အတွင်း ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်း ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သော ဘီလပ်မြေကို တင်သွင်းခွင့်ပြုထားပြီး ယခု ရေယာဉ်အပြင် ကျန်ဘီလပ်မြေ တင်ဆောင်လာသည့် ရေယာဉ်များပါ အပတ်စဉ် ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်းသိရသည်။

\-

## ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းလုပ်ငန်းလိုင်စင် လျှောက်ထားခြင်းမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူခြင်းခံရမည်

ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသူများအနေဖြင့် လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းမရှိသူများကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ (၅) နှင့် အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသူများအနေဖြင့် လုပ်ငန်းလိုင်စင် လျှောက်ထားမှုကို ၂၀၂၅ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်ထိ နောက်ဆုံးထား လျှောက်ရန် ညွှန်ကြားခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းမရှိသည့် ရွှေဆိုင်များကို အရေးကြီးကုန်စည် နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ (၅) နှင့်အညီ အရေးယူသွားမည် ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု အစိုးရအဖွဲ့သည် အောက်တိုဘာ ၂၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၁၅/ ၂၀၂၄ ဖြင့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ)အရ ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ကြေညာပြီး ယင်းဝန်ဆောင်မှုနှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တားမြစ်မိန့်၊ စည်းမျဉ်းသတ်မှတ်မိန့်၊ ကြီးကြပ်မိန့်၊ ကာကွယ်မိန့်နှင့် လိုအပ်သလိုဆောင်ရွက်စေသည့် အမိန့်ထုတ်ပြန်နိုင်ခွင့်ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအား အပ်နှင်းခဲ့သဖြင့် ဝန်ကြီးဌာနက ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်သည့်အမိန့်ကို ၂၀၂၄ ခုနှစ် ၊ အောက်တိုဘာ ၊ ၂၅ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၀၃၈/ ၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှစတင်၍ ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီမှ သိပ်သည်းဆ ၁၉ဒသမ၂၅ ဂရမ်/ကုဗစင်တီမီတာ နှင့်အထက်ရှိသော စံချိန်မီရွှေတစ်ကျပ်သား (၁၆ဒသမ၃၂၉၃၂၅ ဂရမ်) ၏ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယို၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.mining.gov.mm နှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း(YGEA) ၏ ဖေ့စ်ဘွတ်လူမှုကွန်ရက်စာမျက်နှာတို့တွင် နေ့စဉ် ထုတ်ပြန်လျက်ရှိကြောင်း သိရသည်။

ရွှေလိုင်စင် လျှောက်ထားရန် သတ်မှတ်ထားသည့် ကာလ နှစ်လကျော်အတွင်း လျှောက်လွှာစောင်ရေ ၁၀၀၀ ကျော်ထုတ်ပေးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်း ကနဦးစိစစ်ရေးအဖွဲ့မှ သိရသည်။

**ကိုတိုး**

Vol: 25, No.4 Monday April 7 2025





# ကြက်သွန်နီမျိုးစေ့ (အနှံ့ယူ) စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ပိုမိုရရှိလာ

သင်းသင်းအေး(မုံရွာ)၊ မြင့်မြင့်သန်း (ပခုက္ကူ)

ကြက်သွန်နီသည် နေ့စဉ်စားသုံးရသော အစားအစာတို့တွင် မပါမဖြစ် အလွန်အရေးပါသော ဆေးဖက်ဝင် သီးနှံတစ်မျိုးဖြစ်သည်။ ကြက်သွန်နီကို မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ဒေသစီးပွားဖြစ် အများဆုံး စိုက်ပျိုးကြသည်။ ထိုသို့ စိုက်ပျိုးရာတွင် ဥစားကြက်သွန်နီကိုယူ၍ စိုက်ပျိုးခြင်း၊ အမြိတ်စား ကြက်သွန်နီကိုယူ၍ စိုက်ပျိုးခြင်း၊ အစေ့ပက် မျိုးဥကိုယူ၍ စိုက်ပျိုးခြင်း၊ ဥစိုက် ကြက်သွန်နီမျိုးစေ့ကိုယူ၍ စိုက်ပျိုးခြင်းများကို ရာသီအလိုက် စနစ်တကျ စိုက်ပျိုးကြသည်။ အရည်အသွေးကောင်းပြီး အထားခံသော ပိတောက်ပွင့်မျိုးကို အများဆုံး စိုက်ပျိုးကြသည်။ ကြက်သွန်နီ မျိုးစေ့များမှ ပျိုးထောင်ပြီး ပျိုးပင်များကို စိုက်ပျိုးကာ ထွက်ရှိသော ကြက်သွန်နီများသည် နောင်လာမည့်ရာသီ ကြက်သွန်ပေါ်ချိန်အထိ သိုလှောင်အထားခံသဖြင့် ကြက်သွန်နီ(ပင်စိုက်) စိုက်ပျိုးမှုများ၍ ကြက်သွန်နီမျိုးစေ့ (အနှံ့ယူ) စိုက်ပျိုးမှုကို ဒေသခံ တောင်သူများ စီးပွားဖြစ် တစ်ပိုင်တစ်နိုင် စိုက်ပျိုးလာကြကြောင်း သိရသည်။

## ကြက်သွန်နီ အနှံ့ယူစနစ်ဖြင့် စိုက်ပျိုးခြင်း

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ကွဲရဲကျေးရွာတွင် ကြက်သွန်နီမျိုးစေ့(အနှံ့ယူ)စနစ်ဖြင့် စိုက်ပျိုးမှုကို နှစ်စဉ် စိုက်ပျိုးကြကြောင်း၊ မျိုးစေ့ (အနှံ့ယူ)စိုက်ပျိုးမှုမှာ စိုက်ဧကနည်းပြီး တစ်ပိုင်တစ်နိုင် စီးပွားဖြစ် စိုက်ပျိုးကြကြောင်း၊ ယခင်နှစ်များက စိုက်ဧကနည်းပါးသော်လည်း ယခုနှစ်တွင် ကွဲရဲကျေးရွာတွင် မျိုးစေ့(အနှံ့ယူ)စိုက်တောင်သူ ၁၀၀၀ ဦးခန့်ရှိပြီး စိုက်ဧက ၃၀၀-၄၀၀ ခန့်စိုက်ပျိုးထားရှိကြောင်း၊ ဈေးကွက်ခိုင်မာ၍ မျိုးစေ့ယူစိုက်ခင်းများ များပြား လာခြင်းဖြစ်ကြောင်း သိရသည်။ ကြက်သွန်နီ (မျိုးစေ့)အနှံ့ယူ စိုက်ပျိုးရာတွင် မျိုးစေ့အရည်အသွေးနှင့် အထွက်နှုန်း ကောင်းမွန်စေရန်အတွက် မျိုးကောင်းမျိုးသန့် ကြက်သွန်နီ(ဥ)ကို ရွေးချယ်စိုက်ပျိုးရကြောင်း၊ ကြက်သွန်နီသည် အပူအအေး သင့်တင့်မျှတသော ရာသီဥတုကို ကြိုက်နှစ်သက်၍ ဒီဇင်ဘာလတွင် စတင်စိုက်ပျိုးပြီး ဧပြီလတွင် ပွင့်နှံ့ခူး၍ မျိုးစေ့ရရှိကြောင်း သိရသည်။

## မျိုးစေ့ဈေးနှုန်းဈေးကွက်

ကြက်သွန်နီပင်စိုက်များ စိုက်ပျိုးချိန်တွင် ပျိုးခုံများပြုလုပ်ရန် ပြင်ဆင်ကြပြီး ကြက်သွန်နီမျိုးစေ့များလည်း ဒေသတွင်း လိုင်လိုင်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပိတောက်ပွင့် ကြက်သွန်နီမျိုးစေ့ တစ်ပြည်လျှင် ဒေသပေါက်ဈေး ကျပ်နှစ်သိန်းခန့်၊ မျိုးစေ့တစ်တင်းလျှင် ကျပ် ၃၂ သိန်းခန့်ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ ယခင်နှစ် မျိုးစေ့ရောင်းချချိန်တွင် တစ်ပြည်လျှင် ကျပ် ၁၅၀၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ကြက်သွန်နီ ဈေးနှုန်းဈေးကွက်နှင့် ဝယ်လိုအားအပေါ် မူတည်ပြီး မျိုးစေ့ဈေးကွက်မှာလည်း ပြောင်းလဲမှုရှိကြောင်း၊ ဈေးနှုန်းဈေးကွက် ခိုင်မာမှုရှိ၍ ယခုအချိန်အတွင် မျိုးစေ့ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

## တစ်ဧက ကုန်ကျစရိတ် ဝင်ငွေနှင့် အကျိုးအမြတ်ရရှိမှု

ယခုနှစ်တွင် ကြက်သွန်နီမျိုးစေ့ (အနှံ့ယူ) စနစ်ဖြင့် စိုက်ပျိုးလျှင် စိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းချိန်ထိ ကုန်ကျစရိတ်မှာ ကြက်သွန်နီမျိုးစေ့ (အနှံ့ယူ)တစ်ဧကစိုက်ပျိုးလျှင် မျိုးစေ့လေးပြည် ကုန်ကျပြီး တစ်ပြည်လျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် ကျပ်ရှစ်သိန်း၊ မြေဆီတစ်လုံးလျှင် ကျပ် ၁၅၀၀၀၀ နှုန်းနှင့် ကျပ်သုံးသိန်း ကုန်ကျကြောင်း၊ မြေပြုပြင်ခ၊ သွင်းအားစု အမျိုးမျိုး ဝယ်ယူခ၊ အလုပ်သမားငှားရမ်းခနှင့် ရေသွင်းခြင်းနှင့်ဓာတ်ဆီဖိုး သုံးသိန်းကျပ် ကုန်ကျခဲ့ပြီး ကြက်သွန်ပေါ်ချိန်တွင် စိုက်ခင်းမှ ဂိုဒေါင်အရောက် ငှားရမ်းခ ၆၀ ဦးအား ကျပ်သိန်း ၂၀ ဝန်းကျင်ခန့်နှင့် ငှားရမ်းပြီး တစ်ဧကဝင်ငွေမှာ ကျပ် ၈၂ ကျပ်သိန်းခန့်ရရှိ၍ ကျပ် ၆၂ သိန်းကျော် အကျိုးအမြတ်ရရှိကြောင်း၊ ယခုနှစ်တွင် ကြက်သွန်နီမျိုးစေ့(အနှံ့ယူ) စိုက်တောင်သူများ အကျိုးအမြတ် များစွာရရှိကြပြီး မြေငှားစိုက်ပျိုးလျှင် ကျပ် ၁၀ သိန်းပေး၍ စိုက်ပျိုးရကြောင်း သိရသည်။

## ကြက်သွန်နီ ဈေးနှုန်းဈေးကွက်

ဈေးနှုန်းဈေးကွက်အနေဖြင့် အနှံ့ယူ ကြက်သွန်နီ တစ်ဧက စိုက်ပျိုးလျှင် ပိဿာ ၅၅၀၀ ဝန်းကျင်ခန့် ထွက်ရှိပြီး တစ်ပိဿာလျှင် ဒေသပေါက်ဈေး ကျပ် ၁၅၀၀ မှ ကျပ် ၃၀၀၀ နှုန်း ရရှိကြောင်း သိရသည်။ လက်ကားဈေးမှာ ကြက်သွန်နီဈေး တစ်ပိဿာလျှင် ကျပ် ၁၅၀၀/ ၂၀၀၀/ ၂၅၀၀ ဖြင့် ရောင်းချရပြီး လက်လီရောင်းချသည့် ဈေးနှုန်းမှာ အရည်အသွေးကိုလိုက်၍ ထိပ်စ တစ်ပိဿာလျှင် ကျပ် ၃၀၀၀ အလတ်စ တစ်ပိဿာလျှင် ကျပ် ၂၅၀၀ အနိမ့်စ တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

## ကြက်သွန်နီ(မျိုးစေ့)ထုတ်ယူ ထိန်းသိမ်းပုံအဆင့်ဆင့်

အရည်အသွေးပြည့်ဝသော ကြက်သွန်နီမျိုးစေ့များရရှိရန်အတွက် ပန်းပွင့်ခိုင်ချိုးပြီး အခြောက်ခံခြင်းနှင့် ထားသိုသိမ်းဆည်းခြင်းမှာ အဓိကဖြစ်သည်။ ပွင့်ခိုင်များ ခူးပြီးလျှင် ပီနံအိတ်ဖြင့်ထည့်၍ လေလုံအောင်ထုပ်ပိုးပြီး အရိပ်အောက်တွင် သုံးရက်ခန့် ထားရှိရပြီး မိုးကာပေါ်တွင် ပွင့်နှံ့များ ဖြန့်ခင်းပြီး ငါးရက်ခန့် နေလှန်းရသည်။ ပန်းပွင့်ခိုင်များ အစိုဓာတ်ကင်းပြီး ခြောက်လျှင် ကျွမ်းကျင် အလုပ်သမားငှားရမ်းပြီး မျိုးစေ့များ အလေအလွင့်မရှိစေရန် လက်ဖြင့် ညင်သာစွာ ပွင့်ဖတ်ကို ခြွေပြီး ရိုးတန် အသေးလေးများကို တုတ်ဖြင့် ညင်သာစွာ ရိုက်ပုတ်ရသည်။ ရရှိသော မျိုးစေ့များကို အရိပ်တွင် သုံးရက်ခန့်နေလှန်းပြီး သိမ်းရသည်။ သိမ်းဆည်းရာတွင် မျိုးစေ့များသည် လေထဲမှ အစိုဓာတ်များကို စုပ်ယူ နိုင်ခြင်းကြောင့် လေလုံသော အိတ်များ၊ ပလတ်စတစ်ဘူး၊ သံပုံးများဖြင့် သိမ်းဆည်းရကြောင်း သိရသည်။ လေဝင်ပြီး အစိုဓာတ်ရရှိပါက မျိုးစေ့များ စိုက်ပျိုးချိန်တွင် အပင်ပေါက် မစုံလင်ကြောင်း သိရသည်။

အလားတူ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်အတွင်းရှိ ရွာသစ်ရပ်ကွက်နှင့် ကိုးတောင့်၊ ရေလယ်ကျွန်း၊ အောက်ဆိပ်၊ ကူရှည်၊ ရွာမ၊ ရွာသာအေးအုပ်စုနှင့် အခြားနီးစပ်ရာ ကျေးရွာများတွင် နှစ်စဉ်ကြက်သွန်နီဥစိုက်၊ ပင်စိုက် အပြင် မျိုးစေ့အနှံ့ယူစိုက်ခင်းများကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းအပြင် ဒေသစီးပွားဖြစ်လည်း စိုက်ပျိုးကြသည်။ ယခင်နှစ်များက မျိုးစေ့ယူစိုက်ခင်းများကို တောင်သူများအနေဖြင့် မိမိစိုက်ခင်းတွင် စိုက်ပျိုးရန် မျိုးအဖြစ်သာ စိုက်ပျိုးမှုများပြီး ယခုအခါတွင် ကြက်သွန်နီ ဈေးကွက်ခိုင်မာမှုရှိ၍ တောင်သူများမှ ကြက်သွန်နီသီးနှံသည် အကျိုးအမြတ်များစွာရရှိသည့် သီးနှံဖြစ်သောကြောင့်မျိုးစေ့ယူ စိုက်ခင်းများကိုလည်း တိုးချဲ့စိုက်ပျိုးလာကြောင်း သိရသည်။

ဆိပ်ဖြူမြို့ ရွာသစ်ရပ်ကွက်တွင် ကြက်သွန်နီမျိုးစေ့ အနှံ့ယူစိုက်ဧက ၇၀ ခန့် စိုက်ပျိုးထားရှိကြောင်း၊ ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ကိုင်းကျွန်းမြေမာများတွင် စိုက်ပျိုးကြောင်း၊ မျိုးစေ့အရည်အသွေးနှင့် မျိုးကောင်းမျိုးသန့် ကြက်သွန်နီကို စိုက်ပျိုးကြောင်း၊ ဒီဇင်ဘာလဆန်းပိုင်းတွင် စတင်စိုက်ပျိုး၍ ဖေဖော်ဝါရီလကုန် မတ်လတွင် ပွင့်နှံ့များဆွတ်ခူးပြီး အပြီးရိတ်သိမ်းကြောင်း၊ တစ်ဧကလျှင် ကြက်သွန်နီမျိုးဥ အရွယ်အစားလိုက်၍ ပိဿာချိန် ၃၅၀-၄၀၀ ထိစိုက်ပျိုးရပြီး တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဈေးဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း၊ အထွက်တင်း(၄-၅)တင်းထွက်ရှိပြီး ကုန်ကျစရိတ်မှာ ကျပ်သိန်း ၄၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ် ကြက်သွန်နီမျိုးစေ့ ရောင်းချချိန် ဈေးကွက်ကောင်း၍ စိုက်တောင်သူများ အကျိုးအမြတ်များစွာ ရရှိခဲ့ကြောင်း သိရှိရသည်။

ဈေးနှုန်းအနေဖြင့် ကြက်သွန်နီမျိုးစေ့များကို တောင်သူများမှ ရောင်းချရာတွင် မျိုးစေ့တစ်ပြည်လျှင် ၂၀၂၂ ခုနှစ်တွင် ကျပ် ၂၅၀၀၀-၃၀၀၀၀၊ ၂၀၂၃ ခုနှစ်တွင် ကျပ် ၄၀၀၀၀-၅၀၀၀၀၊ ၂၀၂၄ ခုနှစ် တွင် ကျပ် ၁၀၀၀၀၀-၁၃၀၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခင်နှစ် ကြက်သွန်နီမျိုးစေ့ ရောင်းချချိန်တွင် ကြက်သွန်နီဈေးကွက် ပြည်ပဝယ်လိုအား ကောင်းခြင်းကြောင့် ကြက်သွန်နီ တစ်ပိဿာ လျှင် ကျပ် ၂၅၀၀-၃၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့၍ ကြက်သွန်နီမျိုးစေ့ ဈေးကွက်မှာလည်း စံချိန်တင်သည်အထိ ဈေးအမြင့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ကျပ်သိန်း ၉၀ ခန့် ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း စိုက်တောင်သူများမှ ထွက်ရှိသော မျိုးစေ့များ ရောင်းချချိန်တွင် ကြက်သွန်နီဈေးကွက် ခိုင်မာပြီး မျိုးစေ့ဈေးနှုန်းကောင်းမွန်ပါက ယခင်နှစ်ကဲ့သို့ အကျိုးအမြတ် ရရှိမည်ဖြစ်ကြောင်း၊ ဆိပ်ဖြူမြို့မှ ထွက်ရှိသော ကြက်သွန်နီမျိုးစေ့များကို ဒေသတွင်း ရောင်းချမှုအပြင် ပွင့်ဖြူ စလင်း၊ တညောင်၊ တောင်တွင်းကြီး၊ ချောက်မြို့နယ်အတွင်းရှိ စိုက်တောင်သူများမှ လာရောက်ဝယ်ယူကြောင်း ဒေသခံ တောင်သူများထံမှ သိရသည်။

ကြက်သွန်နီသီးနှံသည် ပြည်တွင်းစားသုံးမှုအပြင် ပြည်ပဝယ်လိုအား ဈေးကွက်ကောင်းမွန်ခြင်းကြောင့် စိုက်တောင်သူများအတွက် အကျိုးအမြတ်ရရှိသော သီးနှံတစ်မျိုးဖြစ်သည်။ ကြက်သွန်နီဈေးကွက် ခိုင်မာခြင်းကြောင့် မျိုးစေ့အနှံ့ယူ စိုက်တောင်သူများမှာလည်း ဈေးကောင်းရရှိ၍ အကျိုးအမြတ်များစွာ ရရှိခြင်းကြောင့် နှစ်စဉ်မပြတ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။


စည်တော်ကြီး
4 မျိုးစုံ
3 မျိုးစုံ
ပုစွန် ချဉ်စပ် လက်ဖက်ထောင်း
စည်တော်ကြီး
ရှူးရှဲ
အမှတ် (၁၁၁) ၊ ရတနာသိင်္ဂီလမ်း ၊ လှိုင်သာယာမြို့နယ်
09 501 0201 - 09 443 146 525


Royal-D
ချွေးထွက်များလို့ ရေဓာတ်ဆုံး
ရွိုင်ရယ် – ဒီ သာ
အကောင်းဆုံး
Royal-D

# ASIA WORLD PORT TERMINAL

**Myanmar's Marine Gateway to the World**

www.asiaworldport.com





SP Bakery
We Bake For You Every Day
THE PERFECT BAKERY
FOR YOUR FAMILY
+95 9 777 762488
digital.marketing@spbakery.com.mm
SP Bakery (ဆရာစံဆိုင်ခွဲ)
အမှတ်(၅၆)၊ ဆရာစံလမ်း၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ 09-265388880
SP Bakery (လမ်း ၈၀ ဆိုင်ခွဲ)
အကွက်(၅၇၀)၊ ၃၂လမ်းနှင့် ၈၀လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊
မန္တလေးမြို့။ 09-977182241, 09-762377558
SP Bakery (ပုဗ္ဗသီရိ ဆိုင်ခွဲ)
(ဆိုင်ခွဲ - ၂)၊ ရာဇသင်္ဂဟလမ်း၊ အင်ကြင်းပန်းဝိုင်းအနီး၊ ပုဗ္ဗသီရိမြို့နယ်၊
နေပြည်တော်မြို့။ 09-949213271





အောင်ထွန်းခေါင် ထရေးဒင်း ကုမ္ပဏီ လီမိတက်
အိန္ဒိယနိုင်ငံထုတ် ကြွေအိုး၊ ကြွေထည်၊ ကြွေပြား နှင့် တိုင်ကပ်နာရီ အမျိုးမျိုးဖြန့် ချိရေး
09 - 502 5988/ 09 - 785 025 988/ 09 767 200 442
ဘိုထိုင်
ဘိုထိုင်
ရေလောင်းအိုးကြီး (ဘဲနှုတ်သီး)
ရေလောင်းအိုးသေး (ဘဲနှုတ်သီး)
ရေဆွဲအိုး (လိပ်ပြာ)
အိန္ဒိယအိုး (Orissapan)
ခြေနင်းပြား
ကျားဆီးအိုးကြီး
(15".18")
(20".16")
(2' x 2')
Dessert Wood Brown
အခန်းအမှတ် (N.33,34)၊ သီရိရတနာ လက်လီ၊ လက္ကားဈေးဝန်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

# International Bulk Terminal (Thilawa) Co., Ltd.






Wheat



Corn



Soybean



Soybean meal



Urea



Clinker



Slag



GC (Steel)

**Bulk Cargo Export & Import Services**

IBTT provide extensive cargo handling services, including open storage yards for general cargo, conveyor system hall-type warehouses, and bonded/non-bonded silos for grain crops. We use moveable hoppers, grabs, net slings, and rope slings for cargo handling, supported by equipment such as wheel loaders, excavators, dump trucks, forklifts, weigh bridges and a full set of cargo gears. Third party supported as well for mobile cranes, material handlers, and barge services in land transportation as per operation requirements.

**Address:** Plot (30/31,A), Thilawa Port Area, Kyauk Tan Township, Yangon.
**Email:** info@ibtt.com.mm, 09 954488913

---

Furniture ဆို အဆန်း၊ Decoration ဆို အလန်း ဘာပဲလိုလို Jupiterမှာ ရပြီနော် 😊

# JUPITER FURNITURE

**CONSTITUTED BY MY POWER GROUP OF COMPANIES**



Shrine Cabinet



Wall Unit TV



Varieties of Bed

လူကြီးမင်းတို့၏ နေအိမ်/တိုက်ခန်း/ကွန်ဒို/ရုံးခန်း/ဆိုင်ခန်း/Hotel များအတွက်

- Customized Furniture များ One-stop Service ပြုလုပ်ခြင်း
- Interior Decoration ပြုလုပ်ခြင်း
- Renovation ပြုလုပ်ခြင်း
- Exterior & Interior Design ဆွဲခြင်း များကို သက်မှတ်ချိန်အတွင်း

လက်ရာဝန်ဆောင်မှု အရည်အသွေး ပြည့်မီ ကောင်းမွန်စွာ ကျွမ်းကျင်သောအတတ်ပညာရှင်များ ကြီးကြပ်၍ လူကြီးမင်းတို့ စိတ်တိုင်းကျ ဝန်ဆောင်မှု ပေးနေပါသည်။



*Wardrobe*



*Kitchen Cabinet*



*Dinning Table*



*Study Table*



*Bar Counter*



*Shoe Cabinet*



*Laminate Door*

Contact - 09 254881011, 09 774881011, 09 250677105, 09 740878749
No. 209 / 210, Aung Taghon 1st Street, 48 Ward, North Dagon Township, Yangon.

# ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်း ရည်မှန်းချက်



စိုင်းပညား

အရှေ့တောင်အာရှ နိုင်ငံများအနက် ခရီးသွားလုပ်ငန်း အဖွံ့ဖြိုးဆုံးဖြစ်သည့် ထိုင်းနိုင်ငံသည် ယခု ၂၀၂၅ ခုနှစ်တွင် ခရီးသွားလုပ်ငန်း ရည်မှန်းချက်ကို ကြီးကြီးမားမားထားရှိကာ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိနေသည်။

ထိုင်းနိုင်ငံသည် ယခုနှစ်တွင် ခရီးသွားဧည့်သည် ၃၉ သန်း ဝင်ရောက်ရန် မျှော်မှန်းထားသည်။ အဆိုပါပန်းတိုင်ဆီသို့ ရောက်ရှိရေးအတွက် ခရီးသွားများ ဘေးကင်းရေးနှင့် ကြောက်ရွံ့မှုကင်းရေးက လွန်စွာ အရေးပါနေသည်။ အဘယ်ကြောင့်ဆိုသော် ထိုင်း-မြန်မာ နယ်စပ် မြန်မာဘက်ခြမ်းတွင် ဖြစ်ပေါ်ခဲ့သည့် ကျားဖြန့်လုပ်ငန်းက ထိုင်းနိုင်ငံမှအစပြုသည့် လူကုန်ကူးမှုများကြောင့် ထိုင်းခရီးသွားလုပ်ငန်းကို များစွာ အဟန့်အတားဖြစ်ပေါ်စေခဲ့သည်။

ပြင်းထန်သော ပြိုင်ဆိုင်မှုများနှင့် နိုင်ငံ၏ လုံခြုံရေးအပေါ် ယုံကြည်မှုကင်းမဲ့ခြင်းသည် ထိုင်းနိုင်ငံအတွက် များစွာ နစ်နာခဲ့ရသည်။ ယင်းကို ပြန်လည်ကုစားနိုင်ရေးအတွက် ထိုင်းနိုင်ငံဝန်ကြီးချုပ်အပါအဝင် ထိပ်တန်းတာဝန်ရှိသူများက ခရီးသွားများအတွက် အာမခံချက် ပေးထားမှုနှင့်အတူ ဝန်ကြီးချုပ်ကိုယ်တိုင် တရုတ်နိုင်ငံသို့ သွားရောက်ပြီး တရုတ်ခရီးသွားများ ဝင်ရောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ယခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှု ၃၉ သန်းကို မရောက်ရှိစေရန် ကျားဖြန့်လုပ်ငန်းက တားဆီးသလို ဖြစ်ခဲ့ရသည်။ ထိုင်းခရီးသွားအေးဂျင့်များအသင်း (ATTA) မှ ဥက္ကဋ္ဌဖြစ်သူ Sisdivachr Cheewarattanaporn က ယခုနှစ်တွင် နိုင်ငံခြားဧည့်သည် ၃၇ သန်းထက်ပိုနိုင်ကြောင်း မတ် ၁၆ ရက်တွင် ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် နိုင်ငံခြားဧည့်သည်များကို ဆွဲဆောင်ရန် ၎င်းတို့၏ ခရီးသွားလုပ်ငန်းကို အပြင်းအထန် မြှင့်တင်နေသည်။ ဂျပန်၊ တရုတ်နှင့် ဗီယက်နမ်ကဲ့သို့ နိုင်ငံများနှင့် ပြိုင်ဆိုင်နေရချိန်တွင် ထိုင်းနိုင်ငံ၏ ခရီးသွားလာရေးပန်းတိုင်ကို အပျက်သဘောဆောင်သည့် အကြောင်းရင်းများစွာက ဟန့်တားသလို ဖြစ်ခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောဆိုခဲ့သည်။

“ဂျပန်နိုင်ငံကို တရုတ်နိုင်ငံသားတွေ ဝင်ရောက်မှုဟာ လူပေါင်း ၆ ဒသမ ၉၈ သန်း ရှိခဲ့ချိန်မှာ ထိုင်းနိုင်ငံကို လာရောက်လည်ပတ်သူက ၆ ဒသမ ၇ သန်းသာ ရှိခဲ့တာကြောင့် ဂျပန်က ကျွန်တော်တို့ ထိုင်းနိုင်ငံကို ကျော်တက်ခဲ့ပါတယ်”ဟု ထိုင်းခရီးသွား အေးဂျင့်များအသင်း (ATTA) မှ ဥက္ကဋ္ဌဖြစ်သူ Sisdivachr Cheewarattanaporn က ပြောသည်။

ATTAက ယခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ တရုတ်ခရီးသွားဧည့်သည် ခုနစ်သန်း ရောက်ရှိမည်ဟု ခန့်မှန်းထားပြီး ကိုဗစ်(၁၉)ကပ်ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ်တွင် စံချိန်တင်အဖြစ် ၁၁ ဒသမ ၁၃ သန်းကျော် ဝင်ရောက်ခဲ့ဖူးသည်ဟု ပြောသည်။ တရုတ်အစိုးရသည် ၎င်း၏နိုင်ငံသားများအား ပြည်တွင်းခရီးသွားလာရန် တိုက်တွန်းနေချိန်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးနှေးကွေးမှုနှင့် ကုန်သွယ်ရေးစစ်ပွဲအသစ် ဖြစ်နိုင်ခြေတို့ကိုလည်း ၎င်းတို့က စိုးရိမ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုထားသည်။

ထိုင်းနိုင်ငံ၏ ဘေးကင်းရေးနှင့် လုံခြုံရေးအတွက် ဧည့်သည်များ၏ ယုံကြည်မှုကို ပြန်လည်ရရှိရန် အစိုးရက ဦးစားပေးလုပ်ဆောင်ရမည်ဟု Sisdivachr က ပြောကြားခဲ့သည်။ နိုင်ငံတော်အတွင်း ခရီးသွားလာသူအားလုံး အဆင်ပြေချောမွေ့စေရန်အတွက် တရားဥပဒေစိုးမိုးရေးသည် ရှင်းလင်းပြတ်သားပြီး တစ်သမတ်တည်းဖြစ်ရန် လိုအပ်ကြောင်း ၎င်းက ပြောသည်။

ထိုင်းအစိုးရသည် ခရီးသွားလုပ်ငန်းမှ ဝင်ငွေ ၇ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ထိုင်းဘတ် ၃ ဒသမ ၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၅ ဘီလီယံ)ဖြင့် နိုင်ငံတကာ ခရီးသွား သန်း ၄၀ ကို ဆွဲဆောင်နိုင်ရန် ကြီးမားသော ခရီးသွားမဟာဗျူဟာကို ၂၀၂၅ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

“Amazing Thailand Grand Tourism Year 2025” လှုပ်ရှားမှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်ရန်အတွက် အစိုးရသည် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ ရည်ရွယ်ချက်မှာ ခရီးသွားလုပ်ငန်းမှ ဝင်ငွေ စုစုပေါင်း ဘတ် ၃ ဒသမ ၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၅ ဘီလီယံ) နှင့် ညီမျှသော ခရီးသွားလုပ်ငန်းဝင်ငွေ ၇ ဒသမ ၅ရာခိုင်နှုန်း တိုးမြင့်လာစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်း စွမ်းဆောင်ရည်မှာ ယခုနှစ်သည် ၂၀၂၄ ခုနှစ်ထက် သိသိသာသာ တိုးတက်လာမည်ဟု မျှော်လင့်ရသည်။ ခရီးသွားလာရေးနှင့် အားကစားဝန်ကြီးဌာန၏ အချက်အလက်များအရ ခရီးသွားလုပ်ငန်းသည် ၂၀၂၄ ခုနှစ်တွင် ထိုင်းဘတ်ငွေ ၂ ဒသမ ၆ ထရီလီယံခန့် ရရှိပြီး ယခုနှစ်တွင်မူ ၂၅ ရာခိုင်နှုန်းခန့် တိုးလာမည်ဟုဆိုသည်။ ပြည်တွင်းခရီးသွားများ ၇ ဒသမ ၀၆ ရာခိုင်နှုန်း တိုးလာမှုကြောင့် ပြည်တွင်းခရီးသွား ၃၅ ဒသမ ၃၂သန်း (၂၆ ဒသမ ၇၇ ရာခိုင်နှုန်း) နှင့် ပြည်တွင်းခရီးသွားကဏ္ဍမှ ဝင်ငွေဘတ် ၉၅၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၅ ဘီလီယံ) ရာခိုင်နှုန်းအားဖြင့် ၁၁ ဒသမ ၆၄ ရာခိုင်နှုန်း တိုးလာခဲ့သည်။ သို့သော်လည်း ယင်းမှာ အစိုးရ၏ ရည်မှန်းချက်ကို ပြည့်မီခြင်းမရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် မကြာသေးမီက ကျင်းပခဲ့သော နှစ်သစ်အခမ်းအနားများသည် ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် ဖျော်ဖြေရေးလုပ်ငန်းများအပါအဝင် ခရီးသွားလုပ်ငန်းဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင် ဘတ်ငွေ ၆၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ) ကျော်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်နိုင်ခဲ့ကြောင်း ထိုင်းခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ အုပ်ချုပ်ရေးမှူး Thapanee Kiatphaiboon က ပြောသည်။

အဆိုပါပွဲများသည် ထိုင်းနိုင်ငံသို့ နိုင်ငံခြားခရီးသွား ၁ ဒသမ ၅၆ သန်းကို ဆွဲဆောင်နိုင်ခဲ့ပြီး ၁၆ ရာခိုင်နှုန်း တိုးလာကာ ဝင်ငွေ ဘတ် ၄၅ ဘီလီယံ ရရှိခဲ့ခြင်းကြောင့် ၂၀ ရာခိုင်နှုန်း တိုးခဲ့သည်။

**Source; Nation Thailand, Khaosod English**

စာမျက်နှာ (၆) ဆောင်းပါးမှအဆက်

### ဆေးဖက်ဝင်သည့်သနပ်ခါး

သနပ်ခါးသည် အရွက်၊ အသီး၊ ပင်စည်၊ အမြစ်(ပဥ္စင်းပါး) အားလုံးကို အသုံးပြုနိုင်သည်။ အပူနာ၊ အအေးနာ နှစ်မျိုးလုံးအတွက် သင့်လျော်ပြီး ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်သည့်အတွက် သနပ်ခါးသည် ပူပြင်းသည့်နွေရာသီတွင် မိတ်ဖုများထွက်ခြင်း၊ အပူကန်ခြင်းများကိုလည်း သနပ်ခါးသွေး၍ လိမ်းကျံခြင်း၊ သနပ်ခါးအရည်သွေး၍ သောက်ပေးခြင်းဖြင့် သက်သာပျောက်ကင်းစေ၍ သနပ်ခါးကို ဆေးအဖြစ်လည်း အသုံးပြုနိုင်သည်။

### သနပ်ခါးဈေးကွက်

ယခုအခါ သနပ်ခါးကို အတုံးတင်မက အမှုန့်အဖြစ်ပြုလုပ်၍ သနပ်ခါးခဲ၊ သနပ်ခါး Lotion၊ သနပ်ခါးရေမွှေး၊ သနပ်ခါး မိတ်ကပ်၊ သနပ်ခါးရနံ့ ရေချိုးဆပ်ပြာရည်၊ သနပ်ခါးရနံ့ အမွှေးတိုင် သနပ်ခါးပေါင်ဒါ အစရှိသဖြင့် တီထွင်ဖန်တီး ထုတ်လုပ်လျက်ရှိပြီး ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သနပ်ခါးစစ်စစ် အခဲတစ်ခဲလျှင် ကျပ် ၅၀၀၀ မှ ၆၅၀၀၊ သနပ်ခါးအမြစ်ခဲ တစ်ခဲလျှင် ကျပ် ၃၄၀၀၊ သနပ်ခါး ပေါင်ဒါတစ်ဘူးလျှင် ကျပ် ၈၅၀၀၊ သနပ်ခါးတုံး အသေးအရွယ်မှစ၍ အပွေးထူထူသနပ်ခါး တုံးအကြီးအထိ ကျပ် ၁၅၀၀-၂၀၀၀-၃၅၀၀-၅၀၀၀ မှစ၍ ကျပ် ၁၆၀၀၀ မှ ၂၀၀၀၀ အထိ ရောင်းချရကြောင်း၊ သနပ်ခါးအတုံးအရှည်အနေဖြင့် အသေး ကျပ် ၂၀၀၀၀ မှအကြီးအရွယ် ကျပ် ၅၀၀၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ထိတွေ့ကိုင်တွယ်၍မရသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များစွာ ရှိသော်လည်း ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံထားရခြင်းမရှိသေးသည့်အတွက် လွန်ခဲ့သည့် နှစ်တစ်ထောင်ကျော်ကာလကတည်းက ရိုးရာယဉ်ကျေးမှုဓလေ့အဖြစ် လိမ်းခြယ်ခဲ့ကြပြီး ယနေ့တိုင် ဆက်လက်ရှင်သန်နေသည့်အပြင် တစ်မျိုးသားလုံး၏ ယဉ်ကျေးမှု လက္ခဏာအဖြစ် ကိုယ်စားပြုဖြစ်သော မြန်မာ့သနပ်ခါးကို UNESCO မှ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ်သတ်မှတ်သည့် စံနှုန်း(၅)ချက်နှင့်လည်း ကိုက်ညီမှုရှိနေသဖြင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရေးအတွက် အမည်စာရင်း တင်သွင်းနိုင်ရန်လည်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ကြကြောင်း လေ့လာသိရှိရသည်။

မြန်မာ့ရိုးရာသနပ်ခါးကို နောင်လာနောက်သားတို့ ဆက်လက်၍ အမွေထိန်းသိမ်းနိုင်စေရန် သနပ်ခါး လှပျိုမေပြိုင်ပွဲများ ကျင်းပခြင်း၊ တပို့တွဲ လပြည့်နေ့တွင် မြတ်စွာဘုရားရှင်အား ရည်စူး၍ သနပ်ခါးသားဖြင့် မီးပူဇော်ခြင်းတို့ကို အကြောင်းပြု၍ တပို့တွဲလပြည့်နေ့ကို မြန်မာ့သနပ်ခါးနေ့အဖြစ် မြန်မာနိုင်ငံ သနပ်ခါးအသင်းက သတ်မှတ်ပြီး သနပ်ခါးနေ့ အခမ်းအနားများ ကျင်းပခြင်း၊ သနပ်ခါးအကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တန်ခိုးကြီး ဘုရားများတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများလိမ်းကျံနိုင်စေရန်အတွက် သနပ်ခါးကျောက်ပျဉ်များထားရှိပြီး လိမ်းကျံစေခြင်း၊ သနပ်ခါး ဈေးရောင်းပွဲတော်များ ကျင်းပခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်စေရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့နှင့် ပတ်သက်သည့် လှုပ်ရှားဆောင်ရွက်မှု အခမ်းအနားများ၊ ပြပွဲ ပြိုင်ပွဲများ၊ မြန်မာ့ သနပ်ခါးအလှမယ်ပြိုင်ပွဲများ၊ ပြည်သူတစ်ဦးချင်းဆီမှ Vote ပေးနိုင်ရေးတို့ကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။ မြန်မာ့သနပ်ခါးသည် မြန်မာလူမျိုးတို့ ဘိုးဘွားအစဉ်အဆက် ထိန်းသိမ်းလက်ဆင့်ကမ်းလာခဲ့ကြသည်မှာ ယနေ့ထိတိုင်ဖြစ်ရာ မြန်မာတစ်မျိုးသားလုံး အနေဖြင့် မြန်မာ့သနပ်ခါးကို တန်ဖိုးထား ပျောက်ကွယ်မသွားစေရေး နိုင်ငံတော်အစိုးရနှင့် ပြည်သူများ၊ သနပ်ခါးစိုက်ပျိုးထုတ်လုပ် ရောင်းဝယ်သူများက တစ်ဦးနှင့်တစ်ဦး လေးစားချစ်ခင်စွာဖြင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု စာရင်းဝင်နိုင်ရေး ကျရာအခန်းကဏ္ဍမှ ပူးပေါင်း ဆောင်ရွက်သွားရေးသည် မြန်မာနိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

# Investment Management Exhibition(IME) 2025 ရင်းနှီးမြှုပ်နှံမှုပြပွဲ ကျင်းပမည်

Investment Management Exhibition (IME)-2025 (ရင်းနှီးမြှုပ်နှံမှုပြပွဲ-၂၀၂၅) အား ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့၌ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်မှ ၁၈ ရက်အထိ ပြသသွားမည်ဖြစ်ပြီး မြန်မာသံရုံးအပါအဝင် မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့်ပတ်သက်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပါဝင်တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

ယင်းပြပွဲအား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများအတွက် ပြခန်းများလာရောက်ပြသနိုင်ပြီး ရင်းနှီးမြှုပ်နှံမှုပြပွဲသည် အမျိုးမျိုးသော နယ်ပယ်များနှင့် ကဏ္ဍပေါင်းစုံတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရေးအတွက် ရည်မှန်းကျင်းပသော နိုင်ငံတကာအဆင့်မီပြပွဲကြီးဖြစ်ကာ နိုင်ငံအသီးသီးမှ ရင်းနှီးမြှုပ်နှံသူများနှင့် ထိတွေ့ဆွေးနွေးနိုင်ကာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလို အပ်ချက်များကို တစ်နေရာတည်းတွင် လေ့လာနိုင်သည့် Global Platform တစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါ IME ပြပွဲသည် နိုင်ငံအလိုက်၊ ဒေသအလိုက် ရင်းနှီးမြှုပ်နှံမှုများ၊ စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေး အခွင့်အလမ်းများအတွက် ဝန်ကြီးဌာနများ၊ ရင်းနှီးမြှုပ်နှံသူများ၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာအဖွဲ့အစည်းများ (Investment Promotion Agencies) များနှင့် အခြားသော Stakeholder များအကြား အကျိုးရှိစေမည့် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကွန်ရက်တစ်ခုလည်းဖြစ်ကြောင်း၊ IME သို့ ဂျာမနီ၊ ပြင်သစ်နှင့် အခြားသော ဥရောပနိုင်ငံများ၊ အမေရိကန်နှင့် အာရှနိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ အာဖရိကနိုင်ငံများ အပါအဝင် နိုင်ငံများစွာမှ ဝန်ကြီးချုပ်များ၊ စီးပွားရေးဝန်ကြီးများနှင့် နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသော Investment and Technology Promotion Office of United Nations Industrial Development Organization (UNIDO ITPO)၊ European Investment Bank (EIB)၊ OECD နှင့် The German Society for International Cooperation (GIZ) တို့မှ ကိုယ်စားလှယ်များ၊ Investment Promotion Agency များ၊ ဂျာမနီအခြေစိုက် သံရုံးများနှင့် ကောင်စစ်ဝန်ချုပ်ရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ Industry Expert များ၊ မိသားစုစီးပွားရေးလုပ်ငန်းများ၊ အိမ်ခြံမြေနှင့် အခြေခံ အဆောက်အဦဆိုင်ရာ ရင်းနှီးမြှုပ်နှံလိုသူများနှင့် SMEs လုပ်ငန်းရှင်များ၊ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ တက်ရောက်လေ့ရှိကြကြောင်း သိရသည်။

ယခုနှစ်ကျင်းပမည့် IME ရင်းနှီးမြှုပ်နှံမှုပြပွဲ ပြပွဲကို Investing in Tomorrow, Pathways to a Sustainable Future ဆောင်ပုဒ်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း၊ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းတို့၏ Website ဖြစ်သော http://ime-europe.eu/exhibitors/ သို့ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

ထို့ပြင် ပါဝင်တက်ရောက်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပါဝင်တက်ရောက်လိုပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း-၀၆၇-၄၀၈၆၂၂၊ E-mail: event.td.myantrade@gmail.com သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

# စပါးတင်း သိန်း ၁၅၀ နှင့် ညှိမထဆန် အိတ်လေးသိန်း ဝယ်ယူရေး ဆောင်ရွက်မည်



မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ပို့ကုန်ကုမ္ပဏီများ၊ အသင်းဝင် ဆန်စက်ကြီးများနှင့် ညှိနှိုင်းပေါင်းစပ်၍ စပါးတင်း သိန်း ၁၅၀ နှင့် ညှိမထဆန်အိတ် လေးသိန်း ဝယ်ယူရေးကို ၂၀၂၅ ခုနှစ် ဧပြီလနှင့် မေလတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ မတ် ၂၂ ရက်တွင် ကျင်းပပြုလုပ်သော လုပ်ငန်းညှိနှိုင်း အစည်းအဝေးများ၊ ဆွေးနွေးပွဲများနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယင်းအစည်းအဝေးတွင် ပေါင်းဆန်ထုတ်လုပ်မှုနှင့် တင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ ကျင်းပခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပေါင်းဆန်တန်ချိန် သုံးသိန်း တင်ပို့နိုင်ရေး လျာထားလျက် ပေါင်းဆန်စက် ၃၀ အား အဆင့်မြှင့်တင်ခြင်း၊ လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ခြင်း၊ ပေါင်းဆန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုရေရှည် ဆောင်ရွက်ရန် ကိစ္စရပ်များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

Solar Energy တပ်ဆင်သုံးစွဲမှုဆိုင်ရာနှင့် စပ်လျဉ်း၍ အသင်းချုပ်နှင့် MoU ရေးထိုးထားသည့် Solar Energy ကုမ္ပဏီ ၁၁ခုနှင့် Export ဆောင်ရွက်လျက်ရှိသည့် ဆန်စက်ကြီးများတွင် Solar Energy စက်တပ်ဆင်အင်အား (၄၁ဒသမ၅) မဂ္ဂါဝပ်ကို စတင်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း၊ Solar Energy တပ်ဆင်မည့် စနစ်အမျိုးမျိုးအပေါ် ညှိနှိုင်းဆွေးနွေးခြင်း၊ Solar ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ရရှိမည့် လျှပ်စစ်ဓာတ်အားကို ဝယ်ယူသုံးစွဲရေး၊ လယ်ယာသီးနှံများတွင် စိုက်ပျိုးရေရရှိရေးဆောင်ရွက်မည့်ကိစ္စများ စသည်တို့ကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့ပြင် စပါး၊ ဆန် ရောင်းချရန် အခက်အခဲရှိပါက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ရုံးဖုန်းနံပါတ် ၀၁-၂၃၀၁၁၂၈-၂၉၊ ၀၁-၂၁၈၂၆၆-၆၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

# အမေရိကန်ဒေါ်လာ သုံးသန်းကျော်တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံလုပ်ငန်း နှစ်ခု ခွင့်ပြု

ရန်ကင်းမြို့နယ်၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ မတ် ၂၂ရက်က ကျင်းပခဲ့သည့် ရန်ကုန်တိုင်း ဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးတွင် အမေရိကန်ဒေါ်လာ သုံးသန်းကျော်တန်ဖိုးရှိ ရင်းနှီး မြှုပ်နှံမှုနှစ်ခုကို လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း သိရသည်။

ယင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီး ဝန်ကြီးများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များ၏ ထုတ်လုပ်သည့် ပစ္စည်းနမူနာ ပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုကို အတည်ပြုပေးပြီး လုပ်ငန်းများမှာ CMP စနစ်ဖြင့် wearing apparel အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းများဖြစ်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၆၉ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၂၈၀၂ ဦးအတွက် ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

# ၂၀၂၅ ခုနှစ်အတွက် အာဆီယံဆု လျှောက်ထားနိုင်

အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးတို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ပေးအပ်သည့် ၂၀၂၅ ခုနှစ် အာဆီယံဆု (ASEAN Prize 2025)ကိုပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူထားပြီး ဝင်ရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

ယင်းဆုတံဆိပ်သည် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံနှင့် ကမ္ဘာ့တစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပေါင်းစည်းရေးနှင့် စံနှုန်းများ မြှင့်တင်ရေး ဆောင်ရွက်မှုများ၊ အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများကို အကဲဖြတ်သွားမည်ဖြစ်သည်။

အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် အကဲဖြတ်အဖွဲ့ကို လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများ အပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကို ဗဟိုပြုသည့် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ် ရေးသားဖော်ပြရမည်ဖြစ်သည်။

အကျဉ်းချုပ်တွင် ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean. org/nomination-form/တွင် download ရယူဖြည့်စွက်ပြီး အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်(သို့မဟုတ်) amns.mofa@gmail.com သို့ ၂၀၂၅ ခုနှစ်ဧပြီ ၁၁ ရက် နောက်ဆုံးထား၍ လိပ်မူလျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကိုတိုး-စုစည်းသည်

# “ဒေသခံတွေရဲ့ အခြေခံလူမှုစီးပွားဘဝ မြှင့်တင်ရေးကို ရည်ရွယ်ပြီးတော့ လိုက်လံဆောင်ရွက်နေခြင်း ဖြစ်ပါတယ်”

## Bajaj လူစီး သုံးဘီးကုမ္ပဏီ Project Manager ဦးမျိုးသီဟနှင့် တွေ့ဆုံမေးမြန်းခြင်း

**ရန်ကုန်တိုင်းဒေသကြီးတွင် အခြေခံလူမှုစီးပွားဘဝ မြှင့်တင်ရေးကိုရည်ရွယ်၍ ဘေးကင်းလုံခြုံသော သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် Bajaj အမှတ်တံဆိပ် လူစီးသုံးဘီးကုမ္ပဏီမှ ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူစီးသုံးဘီးယာဉ်မောင်းနှင့် ယာဉ်ပိုင်ရှင်များအား ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင် ကျင်းပလျက်ရှိသည်။ ယင်းသို့ ဒေသခံများ၏ လူမှုစီးပွားဘဝများ မြင့်မားလာစေရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေမှုများနှင့် စပ်လျဉ်း၍ ကရင်ပြည်နယ်၊ ဘားအံမြို့တွင် စက်ရုံတည်ထောင်ထားပြီး အိန္ဒိယနိုင်ငံမှထုတ်လုပ်ကာ ပြည်တွင်းတွင် ပြန်လည်ဖြန့်ဖြူးပေးလျက်ရှိသည့် Bajaj လူစီးသုံးဘီးကုမ္ပဏီ Project Manager ဦးမျိုးသီဟနှင့် တွေ့ဆုံမေးမြန်း ထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲတွေ တိုင်းနဲ့ပြည်နယ်အသီးသီးမှာ ကျင်းပနေတာနဲ့ ပတ်သက်ပြီး ပြောပြပေးပါဦး။**

ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးဧရိယာပြင်ပ ၁၃ မြို့နယ်မှာရှိတဲ့ လူစီးသုံးဘီးယာဉ်တွေဟာ အခုဆိုလို့ရှိရင် ခေါက်တိုသယ်ယူပို့ဆောင်ရေးစနစ်အနေနဲ့ မိသားစုဝင်ငွေကို တိုးတက်ရှာဖွေနိုင်တယ်။ ဒီလို တိုးတက်ရှာဖွေလာနိုင်တဲ့အချိန်မှာ ယာဉ်စည်းကမ်း လမ်းစည်းကမ်းလေးတွေကို သိရှိခြင်းအားဖြင့် စနစ်တကျ မောင်းနှင်မယ်။ နောက်ပြီးတိုင်း ဒေသကြီးအစိုးရရဲ့ မူဝါဒ၊ ဒေသန္တရအစိုးရတွေရဲ့ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနဲ့အညီ မောင်းနှင်ခြင်းအားဖြင့် မိမိရဲ့ ဝင်ငွေရရှိမှုကို မလျော့ပါးဘဲ ပိုမိုတိုးတက်ရှာဖွေနိုင်စေဖို့၊ ဒေသခံတွေရဲ့ အခြေခံလူမှုစီးပွားဘဝမြှင့်တင်ရေးကို ရည်ရွယ်ပြီးတော့ လိုက်လံဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

**အသိပညာပေးဟောပြောပွဲတွေ ကျင်းပခြင်းအားဖြင့် ဒေသခံတွေအတွက် ဘယ်လိုအကျိုး ကျေးဇူးတွေ ရရှိနိုင်မှာပါလဲ။**

သုံးဘီးယာဉ်မှမဟုတ်ပါဘူး။ စက်တပ်ယာဉ်မောင်းနှင်တဲ့ သူတွေအားလုံး နေ့စဉ်ယာဉ်တွေနဲ့ သွားလာလှုပ်ရှားနေရတဲ့ အချိန်မှာ ယာဉ်အန္တရာယ်ဆိုတာ မဖြစ်ရင် အကောင်းဆုံးပါပဲ။ ဒီလို ယာဉ်စည်းကမ်း လမ်းစည်းကမ်းလေးတွေ သိရှိသွားခြင်းအားဖြင့် သတိမူပြီးတော့ သွားလာခြင်းအားဖြင့် မိမိရဲ့ မိသားစု၊ မိမိရဲ့ ပတ်ဝန်းကျင်၊ ကိုယ့်ရဲ့ နောင်အနာဂတ် ရည်မှန်းချက်တွေအတွက် မထိခိုက်အောင် ကြိုးစားရှာဖွေနိုင်ဖို့အတွက် ရည်ရွယ်ပြီးတော့ စီစဉ်ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။

**ဒီလိုမျိုး အသိပညာပေးဟောပြောပွဲတွေကို ဘယ်ဒေသတွေမှာ ဆက်လက်လုပ်ဆောင်သွားဖို့ရှိပါသလဲ။**

တိုင်းဒေသကြီးအနှံ့မှာ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲတွေကို နှစ်စဉ်အလိုက်ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးမှာဆိုရင် ယာဉ်လမ်းကြောကြပ်တည်းတဲ့ အခြေအနေအပေါ်မှာ စနစ်တကျ မောင်းနှင်နိုင်ဖို့ဆိုပြီးတော့ ဒီလိုမျိုး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲတွေ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကျန်တဲ့ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး စသဖြင့် အစဉ်သင့်တဲ့နေရာတွေ မှာလည်း ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**လူစီးသုံးဘီးယာဉ်တွေကို ရန်ကုန်မြို့အပြင် အခြားမြို့နယ်တွေမှာ တွင်တွင်ကျယ်ကျယ်အသုံးပြုလာတာ တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

မြန်မာနိုင်ငံမှာဆိုရင် သုံးဘီးယာဉ်လောကမှာ Bajaj အမှတ်တံဆိပ် လူစီးသုံးဘီးယာဉ်တွေဟာ ရောင်းအားအကောင်းဆုံးယာဉ်တွေဖြစ်ပါတယ်။ ဒီယာဉ်တွေကို အိန္ဒိယနိုင်ငံက ထုတ်လုပ်ပြီးတော့ မြန်မာနိုင်ငံမှာ ပြန်လည်တပ်ဆင်ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်။ စက်ရုံကတော့ ကရင်ပြည်နယ်၊ ဘားအံမြို့မှာ ဖြစ်ပါတယ်။ ဘားအံမြို့မှာ SKD စနစ်နဲ့ တပ်ဆင်ထုတ်လုပ်ပြီးတော့



နိုင်ငံဒေသ အနှံ့အပြားကို တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ဒီသုံးဘီးယာဉ်တွေက မူပိုင် DDSI စနစ်နဲ့ ပလပ်နှစ်လုံးထိုး System ကို အသုံးပြုထားတဲ့အတွက်ကြောင့် ဆီစားနှုန်း သာမန်သုံးဘီးယာဉ်တွေထက် ၂၀ ရာခိုင်နှုန်း သက်သာတဲ့အပြင် လုံခြုံစိတ်ချရမှုရှိတယ်။ ယာဉ်ကြံ့ခိုင်မှုကောင်းမွန်တယ်။ အင်ဂျင်အအေးပေးစနစ်တွေရှိတဲ့အတွက်ကြောင့်မို့ တာရှည်မောင်းနှင်သော်လည်း အဆွဲအရုန်းကျမသွားဘူးဆိုတာ ကျွန်တော်တို့ Brand ရဲ့ အထိမ်းအမှတ်တစ်ခုဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာဆိုရင် Dealer ၅၈ ဦး ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင်တော့ စည်ပင်သာယာဧရိယာပြင်ပ ၁၃ မြို့နယ်များဖြစ်တဲ့ သန်လျင်၊ မှော်ဘီ၊ တိုက်ကြီး၊ တွံတေး၊ ဒလ၊ လှိုင်သာယာအပြင် ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင် အရောင်းဆိုင်ရှစ်ဆိုင်ထိ ဖွင့်လှစ်ထားရှိပါတယ်။

**သုံးဘီးယာဉ်တွေနဲ့ပတ်သက်ပြီး လိုင်စင်ရရှိရေးအပိုင်းမှာ ဌာနဆိုင်ရာတွေနဲ့ ဘယ်လိုမျိုး ပူးပေါင်းဆောင်ရွက်လျက်ရှိပါသလဲ။**

ကျွန်တော်တို့ကတော့ ရောင်းချတဲ့အချိန်မှာ ဝယ်ယူသူ (Customer) တွေအနေနဲ့ ကိုယ့်ရဲ့ မိသားစုဝင်တွေအတွက် စိတ်အေးချမ်းသာစွာ အဆင်ပြေစွာ မောင်းနှင်နိုင်ဖို့အတွက် ယာဉ်လိုင်စင်တင်မကဘဲနဲ့ လုပ်ငန်းလိုင်စင်အပါနဲ့ပါ ဆောင်ရွက်ပေးနေတဲ့အပြင် အခုဆိုလို့ရှိရင် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီရဲ့အောက် Three Wheel Taxi Association ဆိုတဲ့ အသင်းနဲ့ စတင်ဆောင်ရွက်နေပါတယ်။ အသင်းဝင်ခြင်း၊ မှတ်ပုံတင်ခြင်းတွေ အားလုံးကို ကုမ္ပဏီကကျခံပြီးတော့မှ စနစ်တကျ ပြေးဆွဲနိုင်ရေး ကူညီဖေးမ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**စက်ရုံကနေ ဘယ်လိုအမျိုးအစား လူစီးသုံးဘီးယာဉ်တွေ ထုတ်လုပ်လျက်ရှိပါသလဲ။**

ဘားအံမှာရှိတဲ့ စက်ရုံကနေ လူစီးသုံးဘီးယာဉ်တွေ တစ်

**တိုပ္ပ**

ရက်ကို အစီးရေ ၇၅၀ တပ်ဆင်ထုတ်လုပ်နိုင်တာ ဖြစ်ပါတယ်။ အခုဆိုရင် အီးဗွီယာဉ်တွေနဲ့ ပတ်သက်ပြီး အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီရဲ့ ခွင့်ပြုချက်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုချက်လည်းရရှိပြီးဖြစ်ပါတယ်။ အဲဒီမှာလည်း အီးဗွီနဲ့ပတ်သက်ပြီး ဘားအံမှာ စက်ရုံတည်ဆောက်နေပါတယ်။ မကြာခင်မှာလည်း ကျွန်တော်တို့ အီးဗွီယာဉ်တွေကို ဈေးကွက်မှာ မိတ်ဆက်နိုင်တော့မှာ ဖြစ်ပါတယ်။ ဒီယာဉ်တွေဟာ တစ်နှစ်ကို သောင်းဂဏန်းအထိ ထုတ်လုပ်ပြီးတော့ ဖြန့်ဖြူးရောင်းချနေတာဖြစ်ပါတယ်။ အဲဒါတွေကလည်း ဒေသရဲ့ ဝယ်လိုအားမရှိဘဲနဲ့ မဖြစ်နိုင်ပါဘူး။ ဒေသအသီးသီးက ကြိုက်နှစ်သက်စွာနဲ့ တောင်းဆိုမှုတွေကြောင့် ရောင်းချပေးနေရခြင်း ဖြစ်ပါတယ်။

**ဒေသခံတွေအတွက် အရစ်ကျစနစ်နဲ့ ဝယ်ယူနိုင်ရေး ဆောင်ရွက်ပေးနေမှုအခြေအနေလည်း သိပါရစေ။**

ဒေသတွင်းမှာရှိနေတဲ့ အဲဒီဘေးတွဲလေးတွေကလည်း သူတို့ရဲ့ စားဝတ်နေရေးအတွက် ရှာဖွေနေရတာကို ကျွန်တော်တို့ နားလည်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ယာဉ်လေးတွေကိုလည်း သူတို့ကနေပြီးတော့ တရားဝင်ပြေးဆွဲလို့ရတဲ့ ယာဉ်လေးတွေ ဝယ်ယူမောင်းနှင်နိုင်ဖို့ အစီအမံတွေ ဆောင်ရွက်နေပါတယ်။ အရစ်ကျစနစ်နဲ့ ဝယ်ယူရရှိနိုင်ရေးကို ဘဏ်တွေနဲ့ ချိတ်ဆက်နေသလို Microfinance တွေနဲ့လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဘယ်ဆိုင်မှာမဆို လက်ငင်းမဟုတ်ရင်တောင်မှ အရစ်ကျစနစ်နဲ့ သွားရောက်ဆွေးနွေး ဝယ်ယူလို့ ရပါတယ်။ အချက်အလက်ကလည်း တစ်ရက်လောက်ပဲ စောင့်ရပြီး နောက်နေ့မှာ တန်းပြီးတော့ ခွင့်ပြုချက်ကျနိုင်တဲ့ အခြေအနေအထိ ဆောင်ရွက်ပေးထားတာ ဖြစ်ပါတယ်။ နောက်ပြီး Bajaj ဖေ့ဘွတ်ပေ့ဂျ်မှာလည်း အရစ်ကျဝယ်ယူနိုင်တဲ့အခြေအနေတွေနဲ့ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေကို တင်ပြကြေညာထားတာရှိပါတယ်။ တဖြည်းဖြည်းနဲ့ အသွင်ကူးပြောင်း လာစေရေးအတွက် စည်းရုံးဆွဲဆောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အရစ်ကျစနစ်နဲ့ပတ်သက်ပြီး Microfinance တွေနဲ့ ချိတ်ဆက်ထားပါ တယ်။ တိုင်းဒေသကြီးအတွင်းမှာ ခွင့်ပြုချက်ရရှိတဲ့ Microfinance တွေအပေါ် ရွေးချယ်ဝယ်ယူနိုင်အောင် ကုမ္ပဏီ လေးငါးခုနဲ့ MoU ထိုးပြီးတော့ ဆောင်ရွက်နေပါတယ်။ အခုချိန်မှာဆိုရင် Downpayment ၅၀ ရာခိုင်နှုန်း သွင်းပြီးတာနဲ့ ဒီနေ့လျှောက်ထား မနက်ဖြန် ယာဉ်ရရှိရေးအစီအစဉ်တွေကိုလည်း ဆောင်ရွက်နေလျက်ရှိပါတယ်။

**ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

တိုင်းဒေသကြီးအတွင်းမှာ သုံးဘီးယာဉ်တွေအနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ မောင်းနှင်နိုင်ဖို့အတွက် နွေရာသီကာလမှာ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးတွေ ဆောင်ရွက်ဖို့လည်း စီစဉ်ထားတာရှိပါတယ်။ ပြီးတော့ နိုင်ငံတော်မှာလိုအပ်တဲ့ ဘယ်အခြေအနေမှာမဆို ပူးပေါင်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

# ဈေးကွက်ပုံစံပြောင်းနေသည့် တနင်္သာရီတိုင်းဒေသကြီး မှ ကွမ်းသီး

စိုးဖြိုး(ဒွယ်)

တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံတောင်ဘက်အကျဆုံးဖြစ်ပြီး တောင်ကုန်း၊ တောင်တန်း၊ တောင်စွယ်များ ပေါများပြီး ၁၆၇၃၅ ဒသမ ၆ စတုရန်းမိုင် ကျယ်ဝန်းကာ လူဦးရေ ၁၅ သိန်းခန့် နေထိုင်လျက်ရှိပြီး တောနေ တောင်သူအများစုမှာ ဥယျာဉ်ခြံမြေ လုပ်ငန်းဖြင့် မိသားစု အသက်မွေးဝမ်းကျောင်းနေထိုင်သူများ ဖြစ်ကြသည်။ အဆိုပါ ဥယျာဉ်ခြံမြေလုပ်ငန်းများအနက် ကွမ်းသီးပင်များအား တောင်ကုန်း၊ တောင်တန်း၊ တောင်စွယ်များနှင့် တောင်ကြားမြေပြန့်လွင်ပြင်များတွင် အများအပြားစိုက်ပျိုးကြပြီး ဒေသ ထွက်ကုန်အဖြစ်သာမက ပြည်တွင်း၊ ပြည်ပသို့ပင် တင်ပို့ရောင်းချလျက်ရှိသည့် လုပ်ငန်းတစ်ခုအဖြစ် ထင်ရှားလျက်ရှိသည်။

ကွမ်းသီးပင်စိုက်ပျိုးမှုအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်တွင် စိုက်ဧက ၅၃၇၇၅ ဧက၊ မြိတ်ခရိုင်တွင် ၄၅၇၂၂ ဧက၊ ဘုတ်ပြင်းခရိုင်တွင် ၃၃၄၆၁ ဧက၊ ကော့သောင်းခရိုင်တွင် ၅၇၈၄ ဧကစိုက်ပျိုးထားရှိပြီး တနင်္သာရီတိုင်း ဒေသကြီးတစ်ခုလုံးတွင် စိုက်ဧက ၁၃၈၇၄၂ ဧကရှိသည်။ တစ်ဧက ကွမ်းသီးအထွက်နှုန်းမှာ ၅၉၅ဒသမ၈၁ ပိဿာခန့်ထွက်ရှိပြီး စုစုပေါင်းအထွက် ပိဿာချိန် ၈၂၆၆၁၈၇၁ ပိဿာခန့် တစ်နှစ်ပတ်လည် ထွက်ရှိသည်။ ယခုအချိန်ထိ ကွမ်းသီးဧက ၁၀၈၇၄၄ ဧက အသီးဆွတ်ခူးရရှိပြီး ပိဿာပေါင်း ၆၄၇၉၀၇၆၂ ပိဿာခန့်ရရှိကြောင်း သိရသည်။

ကွမ်းသီးပင်စိုက်ပျိုးမှုအနေဖြင့် ဇွန်လ မိုးဦးကျကာလတွင် စတင်စိုက်ပျိုးရပြီး စိုက်ပြီးသက်တမ်း ရှစ်နှစ်ခန့်တွင် အသီးများစတင်ဆွတ်ခူးရရှိကာ ပုံမှန်အားဖြင့် ကွမ်းသီးမှည့် များအား အောက်တိုဘာလတွင် စတင်ဆွတ်ခူးရပြီး ဧပြီလကုန်တွင် အသီးဆွတ်ခူးမှု ပြီးဆုံးကြောင်းနှင့် ကွမ်းသီးအမှည့်အခွံပါ အလုံး ၂၀၀ ခန့်လျှင် အခွံချွတ်နေလှန်းပြီး ကွမ်းသီးအခြောက် တစ်ပိဿာခန့်ရရှိကြောင်း သိရသည်။

ကွမ်းသီးရောင်းဝယ်မှုပုံစံမှာ တောင်သူများမှ ကွမ်းသီးပေါ်ချိန်တွင် ကွမ်းသီးအမှည့်များကို ဆွတ်ခူး၍ မြို့ပေါ်ရှိ ကွမ်းသီးအဝယ်ဒိုင်များသို့ သွားရောက်ရောင်းချသည်။ ကွမ်းသီးအဝယ်ဒိုင်များအနေဖြင့် သုံးမျိုးသုံးစားရှိကြောင်း ပထမတစ်မျိုးမှာ အခွံပါကွမ်းသီးအမှည့်များအား ဝယ်ယူခြင်း၊ ဒုတိယတစ်မျိုးမှာ အခွံမပါ ကွမ်းသီးခြောက်လုံးများအား ဝယ်ယူခြင်းနှင့် တတိယတစ်မျိုးမှာ ကွမ်းသီးခြောက်ခွဲခြမ်းများသာ ဝယ်ယူခြင်းတို့ဖြစ်သည်။ အချို့ကွမ်းသီး အဝယ်ဒိုင်များမှလည်း သုံးမျိုးစလုံး ဝယ်ယူကြောင်း သိရသည်။ ယခင်နှစ် ကွမ်းသီးပေါ်ချိန်တွင် ကွမ်းသီးအမှည့် အခွံပါဈေးမှာ တစ်လုံးလျှင် ၁၅ ကျပ်နှင့် ၂၀ ကျပ်ခန့်ဈေးရှိခဲ့ပြီး အခွံမပါ ကွမ်းသီးအခြောက်လုံးများမှာ တစ်ပိဿာ ကျပ် ၃၀၀၀ ခန့်နှင့် အခွံမပါကွမ်းသီးအခြောက်အခြမ်း တစ်ပိဿာ ကျပ် ၂၈၀၀ ဖြင့် ဧပြီလကွမ်းသီးအမှည့် အသီးရာသီ ကုန်ဆုံးချိန် အထိအရောင်းအဝယ်ဖြစ်ခဲ့သည်။

အဆိုပါရာသီချိန်၌ အဝယ်ဒိုင်များမှဝယ်ယူပြီး ကွမ်းသီးများအား လာမည့်နှစ် ကွမ်းသီးပေါ်ချိန်အထိ ပြည်တွင်းနှင့်ပြည်ပ(အိန္ဒိယ)သို့ရောင်းချလျက်ရှိပြီး ပြည်ပ ဈေးကွက်ဝယ်လိုအားအပေါ် မူတည်၍ ဈေးနှုန်း အနိမ့်အမြင့်များ ဖြစ်ပေါ်လျက်ကြောင်း သိရသည်။ သို့ရာတွင် ယမန်နှစ် ကွမ်းသီးပင်များမှ ကွမ်းသီးအနု စတင်ချိန် ဇူလိုင်လ၊ ဩဂုတ်လများတွင် အဆိုပါကွမ်းသီးအနုများအား တရုတ်၊ ဗီယက်နမ် နိုင်ငံများမှ ဈေးကောင်းပေးပြီး ဝယ်ယူမှုများရှိလာသဖြင့် ကွမ်းသီး အဝယ်ဒိုင်များမှ ဝယ်ယူခဲ့ရာ တောင်သူများမှလည်း ဒေသ အခက်အခဲများကြောင့် ကွမ်းသီးရင့်မှည့်ချိန် အထိမစောင့်ဘဲ တနင်္သာရီတိုင်းဒေသကြီးတွင် ကွမ်းသီးအနုရောင်းချသည့် ဈေးကွက် တစ်ခုဖြစ်လာကြောင်း ဈေးနှုန်းအနေဖြင့်လည်း ယခင်အခွံပါ ကွမ်းသီးအမှည့် တစ်လုံး ၁၅-၂၀ ကျပ်မှ ယခုအခွံပါ ကွမ်းသီး အနုတစ်လုံးလျှင် ကျပ် ၅၀-၆၀ ခန့် ရရှိခဲ့သည်။ အဆိုပါ အခွံပါ ကွမ်းသီး အနုဈေးပေါ်မူတည်၍ အခွံမပါကွမ်းသီးအခြောက် အလုံးနှင့် ခွဲခြမ်းများလည်း တစ်ပိဿာ ကျပ် ၁၀၀၀၀-၁၂၀၀၀ ခန့် ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရှိရသည်။

အဆိုပါကွမ်းသီးအနုများကို တရုတ်၊ ဗီယက်နမ် နိုင်ငံများတွင် စက်ဖြင့်အခြောက်ခံ၍လည်းကောင်း၊ ဂျယ်လီအဖြစ် လည်းကောင်း ပြန်လည်ပြုပြင်ရောင်းချလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ကွမ်းသီးအမှည့်ပေါ်ချိန်တွင် ကွမ်းသီးအနုများရောင်းချခဲ့သဖြင့် တောင်သူများ ကွမ်းသီးအမှည့် လက်ကျန် များနည်းပါးကာ ကျန်ရှိသည့်အခွံပါကွမ်းသီးအမှည့်တစ်လုံးလျှင် ကျပ် ၁၀၀-၁၂၀ မှ ယခုအခါ ကွမ်းသီးအမှည့်ရှားပါးသဖြင့် ကျပ် ၂၀၀ အထိ ကွမ်းသီးအဝယ်ဒိုင်များမှ ဈေးဖွင့်ဝယ်ယူလျက်ရှိသော်လည်း ရောင်းအားနည်းပါးလျက်ရှိကြောင်း သိရသည်။ အခွံမပါ ကွမ်းသီးခြောက်အခြမ်းမှာ ယခုလက်ရှိဈေး ကျပ် ၁၈၀၀၀၊ အခွံမပါ ကွမ်းသီးအခြောက်အလုံးမှာ ကျပ် ၁၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ထို့ကြောင့် တနင်္သာရီတိုင်းဒေသကြီးတွင် ကွမ်းသီး ရောင်းဝယ်မှုဈေးကွက် ပုံစံပြောင်းလျက်ရှိပြီး တောင်သူများ ကွမ်းသီးအဝယ်ဒိုင်များမှ ဇူလိုင်လ၊ ဩဂုတ်လ ကွမ်းသီးအနု ထွက်ချိန်ကို စောင့်စားလျက်ရှိပြီး အဆိုပါအချိန်တွင် ပြည်ပဝယ်လက်များမှ ဝယ်ယူမည့် အလားအလာများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း တနင်္သာရီတိုင်းဒေသကြီး ကွမ်းသီးအရောင်းအဝယ်ဈေးကွက် ပြောင်းလဲမှုအား ရေးသားလိုက်ပါသည်။

# ဘက်စုံအသုံးဝင် ဝါးပင်နှင့် မြန်မာ့စီးပွားရေး ဝါးထုတ်ကုန်

ကိုကျော်စွာ(ကျိုက်ပိ)

ဝါးပင်သည် မြန်မာလူမျိုးတို့ အသုံးများသောအပင်တစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် ပေါက်ရောက်လေ့ရှိသည်။မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဝါးပေါက်ရောက်မှု တတိယအများဆုံးနိုင်ငံဟုသိရသည်။ ဝါးကို ရှေးယခင်ကတည်းကယနေ့အချိန်အထိ အသုံးပြုနေကြဆဲဖြစ်သည်။ ဝါးကို လူသုံးကုန်ပစ္စည်းအမျိုးမျိုးအဖြစ်လည်းကောင်း၊ အိမ်ဆောက်ပစ္စည်းများအဖြစ်လည်းကောင်း၊ ဝါးလက်မှု ထုတ်ကုန်များအဖြစ်လည်းကောင်း ပြုလုပ်အသုံးပြုနေကြသည်။ ကမ္ဘာပေါ်တွင် ဝါးပင်သည် အရေးပါသော အပင်တစ်မျိုးဖြစ်သည်။

**ဝါးမျိုးစိတ်နှင့် ဝါးပင်၏ သဘာဝ**

ကမ္ဘာပေါ်တွင် ဝါးမျိုးစိတ် ၁၂၅၀ ခန့်ရှိပြီး မြန်မာနိုင်ငံတွင် ဝါးမျိုးစိတ် ၁၀၀ ကျော်ခန့် အလေ့ကျ ပေါက်ရောက်ရှင်သန်ကြသည်။

**သဘာဝပတ်ဝန်းကျင်နှင့်ဝါးပင်**

ဝါးပင်သည်သဘာဝပတ်ဝန်းကျင်ကို များစွာအကျိုးပြုသည်။ လေထုကိုညစ်ညမ်းစေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူပြီး သက်ရှိတို့အတွက် အောက်ဆီဂျင်ကိုပြန်လည်ထုတ်လွှတ်ပေးသည်။ ပတ်ဝန်းကျင်အစိုဓာတ်ရှိနေချိန်တွင် ထိုအစိုဓာတ်ကို စုပ်ယူထားပြီး ပတ်ဝန်းကျင်ခြောက်သွေ့နေချိန်တွင် စုပ်ယူထားသော အစိုဓာတ်ကို ပြန်လည်ထုတ်လွှတ်ပေးသည်။ ရေမှုန့်လေးများကို ထုတ်ပေးကြောင်းလည်းသိရသည်။ ဝါး ၂ ဒသမ ၄၇၁ဧကရှိသော ဝါးစိုက်ခင်းတစ်ခင်းသည် လေထုကိုညစ်ညမ်းစေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ကာဗွန် ၆၂ တန်အထိနှစ်စဉ် စုပ်ယူပေးနိုင်သည်။ တချို့က ၁၂ တန်ဟုဆိုကြသည်။ မည်သို့ပင်ဆိုစေ ဝါးပင်သည် ပတ်ဝန်းကျင်ကို အကျိုးပြုသည်ကတော့ အမှန်ဖြစ်သည်။ အခြားသောအပင် ၂ ဒသမ ၄၇၁ ဧကသည် နှစ်စဉ် ကာဗွန် ၁၅ တန်ခန့်သာ စုပ်ယူနိုင်သည်။ ထို့ပြင်ဝါးပင်သည် အမြစ်ဖွဲ့စည်းမှုသည် အခြားအပင်များနှင့်မတူ အမြစ်ကျစ်လျစ်သည်။ ထို့ကြောင့်မြေဆီလွှာကို ရေတိုက်စားမှုမှ ကာကွယ်ပေးသည်။ ဝါးပင်သည် အစိုဓာတ်ကို ထုတ်လွှတ်ပေးသလို ရာသီဥတုပူနွေးမှုကိုလည်း လျှော့ချပေးနိုင်သည်။ အကြောင်းမှာ ကာဗွန်ဒိုင်အောက်ဆိုဒ် စုပ်ယူမှုများသောကြောင့်ဖြစ်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးသည့်ဝါးပင်ကို တိုးချဲ့စိုက်ပျိုးသင့်သလို ဝါးပင်များကိုလည်းထိန်းသိမ်းပေးသင့်သည်။ ထိုကဲ့သို့ အရေးပါသော ဝါးပင်ကို လေးစားဂရုပြုသည့်အနေဖြင့် နှစ်စဉ် စက်တင်ဘာလ ၁၈ ရက်နေ့ကို ကမ္ဘာ့ဝါးပင်များနေ့အဖြစ်သတ်မှတ်ထားကြသည်။ ထို့ပြင် ဝါးပင်သည် ဂေဟဗေဒစနစ်ဖြင့် ကိုက်ညီသည့်အချက်များရှိသည်။ လျင်မြန်စွာ ကြီးထွားခြင်း၊ ထွက်ရှိနှုန်းများခြင်း၊ ဝါးနှင့် ပတ်သက်သော အသက်မွေးမှုရှိခြင်း၊ မြေဆီလွှာကိုကာကွယ်ပေးခြင်း၊ လေထုကို သန့်စင်ပေးခြင်းစသည်တို့ဖြစ်သည်။

**စီးပွားဖြစ်စိုက်ပျိုးသင့်သော မြန်မာတို့၏ဝါး**

ဝါးကို ယခုအခါစနစ်တကျစိုက်ပျိုးလာကြသည်။ ဝါးစိုက်ပျိုးရာတွင် မျိုးပွားစိုက်ပျိုးနည်းနှင့်အစေ့မှလည်း မျိုးပွားယူကြသည့်ဟုသိရသည်။ စီးပွားဖြစ်ဝါးစိုက်ပျိုးမည်ဆိုပါက ဝါးပင်ကြိုက်နှစ်သက်သော မြေ၊ ရာသီဥတုအပြင် သင့်လျော်သော ဝါးမျိုးစိတ်ကို ရွေးချယ်စိုက်ပျိုးရန်လည်းလိုသည်။ ဝါးစိုက်ပျိုးမည့်မြေကို ရွေးချယ်မည်ဆိုပါက ဝါးစိုက်မြေကို လမ်းပန်းဆက်သွယ်ရေးကောင်းသည့် မြေနေရာမျိုး ဝါးထုတ်ကုန်များ ထုတ်လုပ်သည့် နေရာနှင့်နီးသော နေရာမျိုးကိုလည်း ရွေးချယ်စိုက်ပျိုးသင့်ပါသည်။ ထိုအခါ သယ်ယူစရိတ်သက်သာမည်ဖြစ်သည်။ ဝါးကိုအများအားဖြင့် အမြစ်ဆုံမှ ပျိုးပွားစိုက်ပျိုးနည်းနှင့်အဆစ်မှ မျိုးပွားစိုက်ပျိုးနည်းဟူ၍ နှစ်မျိုးရှိသည်။

**မြန်မာ့စီးပွားရေးနှင့်ဝါးထုတ်ကုန်**

ဝါးကို လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ဝါးလက်မှုပစ္စည်းအမျိုးမျိုး ထုတ်လုပ်ရောင်းချကြသည်။ ဝါးလက်မှုပစ္စည်းများမှာ ဝါးခမောက်၊ ဝါးပုလွေ၊ ဝါးပတ္တလား၊ ဝါးလက်ခုပ်၊ စပါးထည့်သည့် ဝါးပုတ်၊ငါးဖမ်းရာတွင် အသုံးပြုသည့် ယင်း၊ ဝါးမြှုံးအမျိုးမျိုး၊ ဆန်ကော၊ ဆန်ခါ၊ ပုသိမ်ထီး၊ နှီးကြောဖျာ၊ မြန်မာ့ယွန်းထည်နှင့် ဝါးကုလားထိုင်အမျိုးမျိုးတို့ဖြစ်သည်။ မြန်မာ့ပုသိမ်ထီးနှင့် မြန်မာ့ယွန်းထည်ဆိုလျှင် ကမ္ဘာသိ မြန်မာ့ဝါးလက်မှု အနုပညာ ယဉ်ကျေးမှုပင်ဖြစ်သည်။ ဝါးပင်သည် ကုန်ကြမ်းသာဖြစ်သည်။ အဆိုပါဝါးကို လက်မှုပစ္စည်းများဖြစ်သည့် ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရန်လိုအပ်သည်။ မြန်မာ့ယွန်းထည်နှင့် မြန်မာ့ရိုးရာပုသိမ်ထီးဆိုလျှင် ကမ္ဘာသိဝါး လက်မှုကုန်ချောပစ္စည်းဖြစ်သည်။ ထိုကဲ့သို့ ဝါးလက်မှုအခြေခံထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်ကလည်းအားပေးလျက်ရှိသည်။ ဝါးလက်မှုထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်လာပါက လူမှုစီးပွားရေးလည်း တောင့်တင်းခိုင်မာလာမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့်လည်း ဝါးအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးများ ထုတ်ပေးပြီး အားပေးဆောင်ရွက်လျက်ရှိသည်။ ဒေသအသီးသီးမှာလည်း MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး လိုအပ်ချက်များကိုဖြည့်ဆည်း ပေးလျက်ရှိကြောင်း တွေ့ရသည်။



ထို့ကြောင့် ယခုအခါ စိုက်ပျိုးရေးတောင်သူများအနေဖြင့် မြေကြီးက ရွှေသီးဟုဆိုရမည့်အချိန်ပင်ဖြစ်သည်။ အဆိုပါစိုက်ပျိုးရေးလုပ်ငန်းအသီးသီးတွင် ဝါးစိုက်ပျိုးရေးသည်လည်း ပါဝင်သည်။ ဝါးသည် ယဉ်ကျေးမှုအရလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်အရလည်းကောင်း၊MSME အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအရလည်းကောင်း ဘက်စုံ အသုံးဝင်သော အပင်ဖြစ်သည်။ ထို့ကြောင့်ဘက်စုံအသုံးဝင်သည့် ဝါးပင်ကို စိုက်ပျိုးသင့်သလို အစဉ်ထိန်းသိမ်းသင့်ပါကြောင်း ရေးသားလိုက်ပါသည်။



# ရော်ဘာပင်အိုများ၏ အသုံးဝင်ပုံ

**မိုးမိုး(မွန်)**

ရော်ဘာပင်သည် ဈေးကွက်တွက်ခြေကိုက်မှုရှိသော သီးနှံဖြစ်ပြီး ရော်ဘာပင်မှ အစေးထုတ်လုပ်ခြင်း၊ ရော်ဘာ အစေးမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းများကို ထုတ်လုပ်နိုင်သည် သာမက ရော်ဘာအစေးမထွက်တော့သည့် ရော်ဘာပင်အိုများမှ တန်ဖိုးမြှင့်ထုတ်ကုန်များပါ ထုတ်လုပ်လာကြသည်။

ရော်ဘာပင်ကို စတင်စိုက်ပျိုးချိန်မှ ၇-၈ နှစ်ကြာလျှင် ရော်ဘာ အစေးစတင် ထုတ်ယူနိုင်သည်။ ရော်ဘာ အစေးမထွက်တော့သည့် ရော်ဘာပင်အိုများကို ယခင်က ထင်း၊ လောင်စာအဖြစ်သာ အသုံးပြုခဲ့ကြသော်လည်း နောက်ပိုင်းတွင် ရော်ဘာပင်အိုများအား ခုတ်လှဲပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ရော်ဘာသစ်၊ ပရိဘောဂ၊ သစ်ပါးလွှာ၊ အထပ်သားများထုတ်လုပ်ပြီး အချို့ထုတ်ကုန်များကို ပြည်တွင်း၌လည်းကောင်း၊ အချို့ထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းဖြင့် လည်းကောင်း နှစ်စဉ် နိုင်ငံခြားဝင်ငွေရလျက်ရှိသည်။ မွန်ပြည်နယ်တွင် ရော်ဘာ သစ်ပါးလွှာ/ခွဲသားစက်ရုံ ၂၀ ရုံရှိပြီး ရော်ဘာသစ်ခွဲသား၊ ရော်ဘာ သစ်ပါးလွှာ၊ အထပ်သားပြားများ ထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။

### ရော်ဘာသစ်ခွဲသား ထုတ်လုပ်ခြင်း

ရော်ဘာသစ်ခွဲသားများထုတ်လုပ်ရန် ရော်ဘာပင်အို သစ်လုံးများကို မွန်ပြည်နယ်အတွင်းရှိ ရော်ဘာခြံများမှ ရော်ဘာသစ်လုံး တစ်တန်လျှင် ၄ ဒသမ ၅သိန်းကျပ်ဖြင့် ဝယ်ယူ ပြီး စက်ရုံများ၌ အတန်းအစားခွဲကာ လွှစက်ဖြင့် အခွံခွာ၍ သစ်လုံးများကို ခွဲခြမ်းသည်။ ထို့နောက် ရော်ဘာသစ်ခွဲသားများ ကြာရှည်စွာ အသုံးပြုနိုင်စေရန် ပေါင်းကန် (ဆေးစိမ်ကန်)တွင် နာရီဝက်ခန့် ဆေးစိမ်ရသည်။ ဆေးစိမ်ပြီးနောက် အခြောက်ခံစက် (Dryer Machine) ဖြင့် သစ်အထူအပါးပေါ် မူတည်၍ ၇ ရက်မှ ၁၅ ရက်ထိ အခြောက်ခံရသည်။

အခြောက်ခံ၍ ရရှိလာသော ရော်ဘာသစ်ခွဲသားများကို ပါကင်ထုပ်ပိုးခြင်း ပြုလုပ်၍ ပါကင်ထုပ်ပိုးပြီး ရော်ဘာသစ်ခွဲသားများကို 1cbm (1 Cubic Meter) လျှင် ဒေါ်လာ (၁၈၀-၂၀၀) ဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ ရောင်းချကြောင်း သိရသည်။ အဆိုပါ သစ်ခွဲသားများကို ပရိဘောဂများ၊ လူသုံး ကုန်များထုတ်လုပ်ကြောင်း သိရသည်။

### ရော်ဘာသစ်ပါးလွှာ ထုတ်လုပ်ခြင်း

ရော်ဘာသစ်ပါးလွှာပြုလုပ်ရန် ရော်ဘာသစ်လုံးများကို (သုည ဒသမ၅ mm) အချိန်အဆဖြင့် လွှာစက်ဖြင့် လွှာ၍ ၁၀-၁၅ မိနစ်ခန့် အခြောက်ခံရသည်။ တစ်ဝက်တစ်ပျက်ထုတ်ကုန် (Semi Goods) ဖြစ်သော သစ်ပါးလွှာများကို အထပ်သားပြားပြုလုပ်ခြင်း၊ လူသုံးကုန်ပြုလုပ်ခြင်းတွင် အသုံးပြုကြောင်း သိရှိရသည်။ သစ်ပါးလွှာများကို တရုတ်နှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့ကြောင်း သိရှိရပြီး 1cbm (1 Cubic Meter) လျှင် ဒေါ်လာ ၁၃၀-၁၄၀ ဈေးနှုန်းရရှိကြောင်း သိရှိရသည်။

### အထပ်သား ထုတ်လုပ်ခြင်း

အထပ်သားပြုလုပ်ရာတွင်(သုညဒသမ၅ mm)ရှိသော သစ်ပါးလွှာများကို အလွှာလိုက် ကော်ဖြင့် သုတ်လိမ်းဖိကပ်ပြီး ဖိစက်ဖြင့် ဖိခြင်း၊ သေသပ်မှုမရှိသော နေရာများကို ဖာထေးပြုပြင်ခြင်း၊ စက်ဖြင့် အပူပေးခြင်းဖြင့် ရရှိလာသော အထပ်သားအကြမ်းပြားများကို Flim ဖြင့် အပေါ်/အောက် ဖုံးအုပ်ခြင်း၊ သေသပ်မှုမရှိသော နေရာများအား ကော်ပတ်စားခြင်း၊ နောက်ဆုံးအဆင့်အနေဖြင့် အထပ်သားပြားကို ဆေးမှုတ်ခြင်းဖြင့် အထပ်သား(Ply Wood) အချောကို ရရှိသည်။ အဆိုပါ အထပ်သားပြားများကို ဆောက်လုပ်ရေးလုပ်ငန်းများတွင် တိုင်ပုံ လောင်းခြင်း၊ အောက်ကြမ်းခင်း Slab လောင်းခြင်း၊ ကွန်တိန်နာ ကြမ်းခင်းပြုလုပ်ခြင်းနှင့် ပရိဘောဂများပြုလုပ်ခြင်းနှင့် လူသုံးကုန် ပစ္စည်းများထုတ်လုပ်ရာ တွင် အသုံးပြုကြသည်။ အဆိုပါအထပ်သား ပြားများကို ပြည်တွင်းရှိ ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်များ၊ Pro1 Global Home Center များသို့ တင်ပို့ရောင်းချပြီး အလျား ၈ ပေ၊ အနံ ၄ ပေ၊ ထု 9mm ရှိသော အထပ်သားပြားတစ်ပြားလျှင် ကျပ် ၄၀၀၀၀ ကျော်ရှိကြောင်း သိရှိရသည်။

အထက်ဖော်ပြပါပစ္စည်းများထုတ်လုပ်ခြင်းမှ ထွက်ရှိလာသော ဘေးထွက်ပစ္စည်းများဖြစ်သည့် ဘေးကာသစ်များကို ထင်းအဖြစ် ရောင်းချခြင်း၊ လွှစာများကို သဘာဝမြေသြဇာအဖြစ် အသုံးပြုခြင်း အပြင် လောင်စာတောင့်များကိုလည်း စမ်းသပ်ထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။

မွန်ပြည်နယ်တွင် ရော်ဘာ သစ်ပါးလွှာ/ခွဲသား၊ အထပ်သား စက်ရုံများမှာ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ဘီးလင်းမြို့နယ်များတွင် တည်ရှိပြီး စုစုပေါင်းစက်ရုံ ၂၀ ရုံရှိရာ အဆိုပါ စက်ရုံများမှ ၂၀၂၄-၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ ရော်ဘာသစ်ပါးလွှာ/ ခွဲသား ၁၅၂၅၂၄ ဒသမ ၄၃ တန်၊ ရော်ဘာအထပ်သားထုတ်လုပ်မှု ၁၂၀၈၇ ဒသမ၅ တန် ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ ပြည်တွင်း၊ ပြည်ပ ဈေးကွက်ခိုင်မာပြီး ဘေးထွက် စွန့်ပစ္စည်းများမရှိဘဲ တစ်ပင်လုံး အသုံးဝင်သည့် ရော်ဘာပင်အား တိုးချဲ့စိုက်ပျိုးသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

## မြန်မာ့ထောပတ်သီး တရုတ်နိုင်ငံသို့ တရားဝင် တင်ပို့ခွင့်ရရှိ

ပြည်တွင်းတွင် စိုက်ပျိုးထွက်ရှိသည့် မြန်မာ့ထောပတ်သီးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင် တင်ပို့ခွင့်ရရှိပြီဖြစ်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှစ၍ အစိုးရအချင်းချင်းကုန်သွယ်ရေးစနစ်ဖြင့် တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့သွားရန် စီစဉ်ထားကြောင်း သိရသည်။

မတ်လ ၂၄ ရက်တွင် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ မြန်မာ့ထောပတ်သီးများသည် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)၏ ကျန်းမာရေး စံချိန်စံညွှန်းစစ်ဆေးမှုကို အောင်မြင်ခဲ့ကြောင်း ကြေညာခဲ့သည်။

မြန်မာ့ထောပတ်သီးသည် ဖရဲသီး၊ သရက်သီးတို့ပြီးနောက် တရုတ်ဈေးကွက်အတွင်းသို့ ထပ်မံဝင်ရောက်ခွင့်ရခဲ့သည့် တတိယမြောက် မြန်မာ့အပူပိုင်းဒေသ သစ်သီးဝလံဖြစ်ကာ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထုတ်လုပ်မှု တန်ဖိုးအား ၁၂ ရာခိုင်နှုန်း မြှင့်တက်စေမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**ကိုတိုး**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၂ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ် စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး

ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။

ဖုန်း - ၀၆၇(၃)၄၀၈၅၀၅

အီးမေးလ် - mmcc.office@commerce.gov.mm

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# ဗီယက်နမ်၏ ပုစွန်တင်ပို့မှု ဆက်လက်ကောင်းမွန်နေ

၂၀၂၅ ခုနှစ်၏ ပထမနှစ်လတွင် ဗီယက်နမ်၏ ပုစွန်တင်ပို့မှုသည် အထင်ကြီးဖွယ် ကြံ့ကြံ့ခံနိုင်စွမ်းပြသနေပြီး ပင်လယ်စာလုပ်ငန်း နယ်ပယ်တွင် အဓိကပို့ကုန်အဖြစ် ၎င်းတို့၏ တည်ရှိမှုကို အခိုင်အမာ ပြသနေကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၏ ပထမနှစ်လတွင် ဗီယက်နမ်သည် ပင်လယ်စာတင်ပို့မှုမှတစ်ဆင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ဒသမ၄ ဘီလီယံ ရရှိခဲ့ပြီး ထိုတန်ဖိုးထဲမှ အမေရိကန် ဒေါ်လာ ၅၄၂ သန်းသည် ပုစွန်တင်ပို့မှုမှတစ်ဆင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ပင်လယ်စာ တင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း (VASEP) ၏ အဆိုအရ သိရသည်။ ထိုသို့ ပုစွန်တင်ပို့မှုဆက်လက်အားကောင်းခြင်းသည် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူ ညီချက်များ (FTA) ကို ဗီယက်နမ်က ထိရောက်စွာ အသုံးချနိုင်မှု၊ မဟာဗျူဟာမြောက်ဈေးကွက်တိုးချဲ့မှုနှင့် စနစ်ကျစွာ ပြုပြင်ထုတ်လုပ်ခြင်းအားဖြင့် တန်ဖိုးမြင့်ထုတ်လုပ်မှု မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်၏ နိုင်ငံ ၆၀ ကျော်နှင့် FTA ကွန်ရက်များကလည်း ပင်လယ် စာလုပ်ငန်းများ နိုင်ငံတကာဈေးကွက်များသို့ တိုးချဲ့ရန်အတွက် ခိုင်မာသော အခြေခံအုတ်မြစ်ဖန်တီးရာတွင် အဓိကကျခဲ့ကြောင်း သိရသည်။ VASEP ၏ အတွင်းရေးမှူးချုပ် Nguyen Hoai Nam က ဗီယက်နမ်၏ ပင်လယ်စာသည် ယခုအခါ ကမ္ဘာပေါ်ရှိ ဈေးကွက်ပေါင်း ၆၀ ကျော်သို့ ရောက်ရှိပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။ သိသာထင်ရှားသော သဘောတူညီချက်များတွင်ပါဝင်သည့် ဗီယက်နမ်-ဥရောပသမဂ္ဂလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်သည် ဥရောပသမဂ္ဂသို့ ပုစွန်တင်ပို့မှု တိုးချဲ့ရန် တည်ငြိမ်သောအလားအလာကို ပိုင်ဆိုင်ထားသည်ဟု ကျွမ်းကျင်သူများက ယုံကြည်လျက်ရှိကြောင်း သိရသည်။ ဥရောပသမဂ္ဂသည် ကမ္ဘာ့အကြီးမားဆုံး ပင်လယ်စာ စားသုံးသူဖြစ်သော်လည်း ထိုဈေး ကွက်တွင် ဗီယက်နမ်၏ ဈေးကွက်ဝေစုသည် အတော်အသင့် သေးငယ်သေးသည့်အတွက် အနာဂတ်တွင် သိသာထင်ရှားစွာ ကြီးထွားရန် အလားအလာများကို ပိုင်ဆိုင်ထားကြောင်း သိရသည်။

ဗီယက်နမ် ပုစွန်အတွက် ခြောက်ခုမြောက် အကြီးမားဆုံးတင်ပို့ရာဈေးကွက်ဖြစ်သည့် ယူကေသည်လည်း စုစုပေါင်းဝင်ငွေရရှိမှု၏ ၅ဒသမ၅ ရာခိုင်နှုန်းရှိပြီး ယခုနှစ် ဇန်နဝါရီလတင်ပို့မှုမှာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ယူအေအီးနိုင်ငံနှင့် ၂၀၂၄ နှစ်ကုန်ပိုင်းတွင် လက်မှတ်ရေးထိုးခဲ့သည့် ဘက်ပေါင်းစုံစီးပွားရေး မိတ်ဖက်သဘောတူညီချက်သည် အရှေ့အလယ်ပိုင်းဒေသသို့ ဗီယက်နမ်၏ ပင်လယ်စာတင်ပို့မှုအတွက် အခွင့်အလမ်းသစ်များ ဖွင့်လှစ်ပေးနိုင်ကြောင်း သိရသည်။

Sao Ta Food Joint Stock Company ၏ ဥက္ကဋ္ဌ ဖြစ်သူ Ho Quoc Luc က စီးပွားရေးလုပ်ငန်းများ၏ အားထုတ်မှုနှင့် FTA များ၏ ပံ့ပိုးမှုကြောင့် ဗီယက်နမ်ပုစွန်သည် ဂျပန်၊ တောင်ကိုရီးယားနှင့် ဥရောပသမဂ္ဂကဲ့သို့သော ကမ္ဘာ့အဓိက ဈေးကွက်များတွင် အားကောင်းစွာ တည်ရှိနေကြောင်း သိရသည်။ သို့သော် ဈေးကွက်သစ်များ တိုးချဲ့ ရာတွင် စိန်ခေါ်မှုများရှိလာကြောင်း VASEP က ထောက်ပြခဲ့သည်။

ပင်လယ်စာလုပ်ငန်းနယ်ပယ်သည် အီကွေဒေါ၊ အိန္ဒိယနှင့် ထိုင်း အစရှိသည့် ထိပ်တန်း ပုစွန်ထုတ်လုပ်သည့် နိုင်ငံများထံမှ ပြင်းထန်သည့် ယှဉ်ပြိုင်မှုများကို ရင်ဆိုင်နေရကြောင်း သိရသည်။ ထို့ပြင် အမေရိကန်နှင့် ဥရောပသမဂ္ဂကဲ့သို့သော အဓိကဈေးကွက်များတွင် အရည်အသွေးထိန်းချုပ်မှုနှင့် စံနှုန်းနှင့် ပတ်သက်သည့် တင်းကျပ်သည့် စည်းမျဉ်းများအား ပြည်တွင်းလုပ်ငန်းများက အလိုက်သင့်ချိန်ညှိနိုင်ရန် လိုအပ်ကြောင်း သိရသည်။ ယှဉ်ပြိုင်နိုင်စွမ်းကို ဆက်လက်ထိန်းသိမ်းရန် ဗီယက်နမ် ပုစွန်တင်ပို့မှုသည် ထုတ်ကုန် အရည်အသွေး တိုးမြှင့်ခြင်း၊ တန်ဖိုးမြှင့် ပြုပြင်ထုတ်လုပ်ခြင်းကိုမြှင့်တင်ခြင်းနှင့် တင်းကျပ်သော ဈေးကွက်လိုအပ်ချက်များကို လိုက်နာခြင်းတို့အပေါ် အဓိက အာရုံစိုက်သင့်ကြောင်း သိရသည်။ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနသည်လည်း ဗီယက်နမ်ပင်လယ်စာအတွက် ပို့ကုန်လမ်းကြောင်းသစ်များ ဖွင့်လှစ်ပေးနိုင်ရန် နည်းပညာ အတားအဆီးများ ဖယ်ရှားရန်နှင့် အကောက်ခွန် လျှော့ချရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**Source- Vietnam Plus**

**(DOCA-YGN)**

# ၂၀၂၅ ခုနှစ် ပထမနှစ်လအတွင်း ဆန်စပါးတင်ပို့မှုမှ ဝင်ငွေ ဒေါ်လာသန်း ၄၂၀ ကမ္ဘောဒီးယားရရှိ

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ် ပထမနှစ်လအတွင်း ဆန်နှင့်စပါးတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၄၂၀ ခန့်ရရှိခဲ့သည်ဟု ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ်က အစီရင်ခံဖော်ပြခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ ဆန် ၁၃၅၀၇၄ တန် တင်ပို့နိုင်ခဲ့ရာ ယခင်နှစ် အလားတူကာလ၌ တင်ပို့မှု ၉၀၁၅၃ တန်အပေါ် ၄၉ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ပြီး ဝင်ငွေအားဖြင့် ၆၂ ရာခိုင်နှုန်း တိုးတက်လျက် အမေရိကန်ဒေါ်လာ ၁၀၆ သန်းရရှိခဲ့ကြောင်း CRF ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆန်တင်ပို့သည့် ကုမ္ပဏီ ၄၄ ခုမှ ဈေးကွက်နေရာဒေသ ၅၁ ခုသို့ တင်ပို့ခဲ့ခြင်းဖြစ်ပြီး ယင်းတို့အနက် ဥရောပရှိ ၂၅ နိုင်ငံသို့ စုစုပေါင်း ဆန်တန်ချိန် ၇၃၀၄၈ တန်၊ တန်ဖိုးအားဖြင့် ဒေါ်လာ ၅၈ ဒသမ ၅၃ သန်း၊ ဟောင်ကောင်နှင့် မကာအိုအပါအဝင် တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ တန်ချိန်အားဖြင့် ၁၆၅၀၀ တန်နှင့်တန်ဖိုးအားဖြင့် ဒေါ်လာ ၁၀ ဒသမ ၄၇ သန်း၊ အာဆီယံ ၄ နိုင်ငံသို့ ဒေါ်လာ ၁၆ ဒသမ ၆၆ သန်းတန်ဖိုးရှိ ဆန် ၂၃၂၉၇ တန်နှင့် အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသ၊ အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျနှင့် နယူးဇီလန်တို့ အပါအဝင် အခြားနိုင်ငံပေါင်း ၂၀ သို့ တန်ဖိုးအားဖြင့် ဒေါ်လာ ၁၉ ဒသမ ၈၇ သန်းရှိသော ဆန် ၂၂၂၂၉ တန်တို့ကို အသီးသီး တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ပြည်ပသို့ တင်ပို့သည့် ဆန်များအနက် ဆန်မွှေး ၈၆ ဒသမ ဝ၃ ရာခိုင်နှုန်း၊ ဆန်ဖြူ ၈ ဒသမ ၆၅ ရာခိုင်နှုန်း၊ ပေါင်းဆန် ၂ ဒသမ ၉၉ ရာခိုင်နှုန်း၊ အော်ဂဲနစ်ဆန် ၁ ဒသမ ၈၇ ရာခိုင်နှုန်းနှင့် အခြားဆန် မျိုးကွဲ သုည ဒသမ ၄၆ ရာခိုင်နှုန်းတို့ ဖြစ်ကြောင်း သိရသည်။

CRF အသင်းချုပ် ဥက္ကဋ္ဌ Chan Sokheang က ဆန်တင်ပို့မှု တိုးတက်လာခြင်းသည် လက်ရှိ ရရှိထားသည့်ဈေးကွက်နှင့် ဈေးကွက်အသစ်များတွင် အပြုသဘောဆောင်သည့် ပြောင်းလဲမှုကို ပြသနေကြောင်း၊ ၎င်းတို့အနေဖြင့် လက်ရှိဈေးကွက်များသို့ ကုန်ပစ္စည်းတင်ပို့မှု တိုးချဲ့သည့်နည်းတူ ဈေးကွက်အသစ်များ ရယူနိုင်ရန်လည်း ကြိုးစားလုပ်ဆောင်ခဲ့ကြောင်း၊ ဆန်တင်ပို့မှု တိုးမြှင့်ရေး အကောင်းဆုံးဖြစ်အောင် ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ အနေဖြင့် ၂၀၂၅ ခုနှစ် ပထမနှစ်လအတွင်း နယ်စပ်ဖြတ်ကျော်၍ စပါးတန်ချိန် ၁ ဒသမ ၃၉ သန်း တင်ပို့ခဲ့ရာ ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ သို့သော်လည်း တန်ဖိုးအားဖြင့်မူ ယခင်နှစ် အလားတူကာလတွင် စပါးတင်ပို့မှုမှ ဒေါ်လာ ၃၉၅ သန်းရရှိခဲ့ရာမှ ယခုနှစ် တွင် ဒေါ်လာ ၃၁၃ သန်းသာ ရရှိလျက် ၂၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဆန်ဖြူ တင်ပို့မှု ဈေးကွက်၌ အကျပ်အတည်းဖြစ်ပေါ်မှုကြောင့် ကမ္ဘောဒီးယား၏ စပါးတင်ပို့မှုလည်း ကျဆင်းလာကြောင်း၊ ဗီယက်နမ်နိုင်ငံသည် ယခုနှစ် အစောပိုင်းတွင် စပါးတင်သွင်းမှုကို ခေတ္တရပ်ဆိုင်းခဲ့ရာ ကမ္ဘောဒီးယား လယ်သမားများသည် ၎င်းတို့၏ စပါးများကို ဈေးကွက် ပေါက်ဈေးထက် လျှော့ချ၍ ရောင်းချခဲ့ကြရကြောင်း၊ လယ်သမားများထံမှ စပါးများဝယ်ယူခြင်းဖြင့် အဆိုပါပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ကမ္ဘောဒီးယားအစိုးရသည် ဆန်စက်လုပ်ငန်းရှင်များသို့ အမေရိကန်ဒေါ်လာ သန်း ၁၅၀ အား ရန်ပုံငွေခွဲဝေပေးအပ်ခဲ့ကြောင်း၊ ထို့အပြင် အစိုးရသည် နိုင်ငံတကာဈေးကွက်များသို့ တိုက်ရိုက်တင်ပို့မှု မြှင့်တင်နိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက် ခြင်းကို ပိုမိုအလေးထားဆောင်ရွက်ရန် CRF အား တိုက်တွန်းထားကြောင်း သိရသည်။

**Source: Khmer Times**

**DHTSN, DOCA**

# ၂၀၂၅ ခုနှစ်တွင် ကော်ဖီတန်ချိန် ၈၀၀၀၀ အထိ ထိုင်းတင်သွင်းရဖွယ်ရှိ



ထိုင်းနိုင်ငံတွင် ကော်ဖီစေ့ဈေးနှုန်းများ မြင့်တက်လျက်ရှိမှုနှင့်အတူ စိုက်ပျိုးထုတ်လုပ်မှု ဧရိယာကို တိုးချဲ့လျက်ရှိသော်လည်း အထွက်ပမာဏ သိသာစွာ ကျဆင်းလျက် ကော်ဖီစေ့ ပြတ်လပ်မှုနှင့် ကြုံတွေ့နေရသဖြင့် ၂၀၂၅ ခုနှစ်တွင် ကော်ဖီစေ့၊ အသင့်သောက်သုံးနိုင်သောကော်ဖီနှင့် အခြားသော ကော်ဖီထုတ်ကုန်များ အပါအဝင် ကော်ဖီတန်ချိန် ၈၀၀၀၀ ခန့်အထိ တင်သွင်းရဖွယ်ရှိသည်ဟု အစိုးရအဆင့်မြင့်အရာရှိတစ်ဦးက မတ် ၁၈ ရက်တွင် ပြောဆိုကြောင်း The Nation Thailand သတင်းဌာနက ဖော်ပြသည်။

လယ်ယာထွက်ကုန် စီးပွားရေးရာရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Thantita Boonyamaneekul က ၂၀၂၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ ကော်ဖီစေ့ထုတ်လုပ်မှုမှာ စုစုပေါင်း တန်ချိန် ၁၅၆၅၁ တန်ရှိပြီး အာရေးဗီးကာ ကော်ဖီ ၁၀၆၈၂ တန်နှင့် ရိုဘတ်စတာ ကော်ဖီ ၄၉၆၉ တန် ပါဝင်ကြောင်း၊ ၎င်းပမာဏသည် ယခင်နှစ်ထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ပါက ၉၇၂ တန် လျော့နည်းလျက်ရှိကြောင်း၊ ကော်ဖီစိုက် ဧရိယာများကို တိုးချဲ့လျက်ရှိနေသော်လည်း ထုတ်လုပ်မှုမှာ ကျဆင်းလျက်ရှိကြောင်း၊ ပြည်တွင်း၌ နှစ်စဉ် ကော်ဖီစေ့သုံးစွဲမှုမှာ တန်ချိန် ၉၅၅၀၀ ခန့်ရှိသဖြင့် ယခုနှစ်တွင် ပြည်တွင်း ဝယ်လိုအားကို ဖြည့်ဆည်းနိုင်ရန်အတွက် အနည်းဆုံး ကော်ဖီတန်ချိန် ၈၀၀၀၀ ခန့်ကို တင်သွင်းရန် လိုအပ်ကြောင်း၊ ကော်ဖီဈေးနှုန်းများ မြင့်တက်လျက်ရှိမှုအရ ကော်ဖီစိုက်ခင်းများကို ဆက်လက်တိုးချဲ့ စိုက်ပျိုးမှုရှိနေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၌ ၂၀၂၄ ခုနှစ် မတ်လအထိ အာရေးဗီးကာ ကော်ဖီစိုက် ဧရိယာ ၁၃၉၉၉၈ ရိုင်နှင့် ရိုဘတ်စတာကော်ဖီစိုက်ဧရိယာ ၈၀၅၅၅ ရိုင်တို့ကို တောင်သူများက စိုက်ပျိုးထားပြီးဖြစ်ကြောင်း၊ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၄၀၃၆ ရိုင် တိုးတက်လာခဲ့ကြောင်း သိရှိရသည်။ (၁ ရိုင်သည် သုည ဒသမ ၃၉၅၃၆၉ ဧကနှင့် ညီမျှသည်။)

ထိုင်းဈေးကွက်တွင် မတ်လအတွင်း ဖြစ်ပေါ်လျက်ရှိသော ကော်ဖီစေ့ပျမ်းမျှဈေးနှုန်းများမှာ အာရေးဗီးကာကော်ဖီစေ့ တစ်ကီလိုဂရမ်လျှင် ၁၆၃ ဘတ်ရှိပြီး ငါးနှစ်တာကာလ ပျမ်းမျှဈေးနှုန်း ဘတ် ၁၆၀ ၏အထက်တွင်ရှိနေသည်။

ရိုဘတ်စတာကော်ဖီစေ့ တစ်ကီလိုဂရမ်၏ ပျမ်းမျှဈေးနှုန်းမှာမူ ၁၈၈ ဘတ်နှုန်းအထိရှိပြီး ငါးနှစ်တာကာလ ပျမ်းမျှဈေးနှုန်းဖြစ်သော တစ်ကီလိုဂရမ်လျှင် ဘတ် ၈၀ နှုန်းထားထက် နှစ်ဆကျော် မြင့်မားလျက်ရှိကြောင်း သိရသည်။

**Source: The Nation Thailand**

**UNAL, DOCA**

# ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပို့ကုန် ၁၄ ရာခိုင်နှုန်း ထိုင်းနိုင်ငံအနေဖြင့် တိုးမြှင့်တင်ပို့နိုင်ခဲ့

(မြိတ်ကုန်သွယ်ရေးစခန်း)

ထိုင်းနိုင်ငံ၏ ဖေဖော်ဝါရီလအတွက် ပို့ကုန်တင်ပို့မှုများသည် တစ်နှစ်ထက် တစ်နှစ် ၁၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၇ ဘီလီယံထိ ရောက်ရှိခဲ့ကြောင်း၊ ပို့ကုန်ရာခိုင်နှုန်း ဆက်တိုက်တိုးမြင့်လာခြင်းမှာ ရှစ်လဆက်တိုက် တိုးမြင့်လာခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်အရ သိရသည်။

ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Pichai Naripthaphan က ဖေဖော်ဝါရီလ၏ သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၇ ဘီလီယံရှိပြီး တစ်နှစ်ထက်တစ်နှစ် ၄ ရာခိုင်နှုန်း တိုးလာကာ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၉၉ ဘီလီယံအထိ ရှိလာသည်ဟုဆိုသည်။ "ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာပြီး လွတ်လပ်စွာ ကုန်သွယ်မှုပြုနိုင်ရေး ညှိနှိုင်းမှုတွေက ပို့ကုန်တိုးမြှင့်တင်ပို့ ရာမှာ အထောက်အကူဖြစ်စေပါတယ်" ဟု Mr Pichai က ပြောကြားခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်လာခြင်းနှင့် ပို့ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ တင်သွင်းမှု များပြားလာခြင်းကြောင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ပို့ကုန် ၁၃ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ခြင်းဖြစ်သည်။

ကုန်သွယ်မှုမူဝါဒနှင့် မဟာဗျူဟာရုံး၏ ညွှန်ကြားရေးမှူးချုပ် Poonpong Naiyanapakorn က ဖေဖော်ဝါရီလ၏ ပို့ကုန် တိုးတက်မှုသည် စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးကဏ္ဍများကြောင့် ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ရော်ဘာတင်ပို့မှု ၃၅ ဒသမ ၇ ရာခိုင်နှုန်း၊ ဂျုံထုတ်ကုန်များနှင့် အဆင်သင့်စားသောက်ကုန်ပစ္စည်းများ ၂၇ ဒသမ ၇ ရာခိုင်နှုန်း၊ သကြား ၂၅ ဒသမ ၈ ရာခိုင်နှုန်း၊ စည်သွတ်ဘူးဖြင့် ပြင်ဆင်ထားသည့် ပင်လယ်စာ ၂၂ ဒသမ ၅ ရာခိုင်နှုန်း၊ အိမ်မွေးတိရစ္ဆာန် အစားအစာ ၁၄ ဒသမ ၄ ရာခိုင်နှုန်းနှင့် အေးခဲကြက်သားမှာ ၉ ဒသမ ၃ ရာခိုင်နှုန်းတို့ဖြစ်ပြီး ရော်ဘာတင်ပို့မှုအပါအဝင် အခြားထုတ်ကုန်အများအပြား၏ တင်ပို့မှုရာခိုင်နှုန်း တိုးတက်မှုရှိသည်ကို သိရသည်။

သို့သော် ဆန်အပါအဝင် ထုတ်ကုန်အချို့များဖြစ်သည့် ပီလောပီနံထုတ်ကုန်များ၊ လတ်ဆတ်သော အေးခဲထားသည့် အသီးခြောက်များ၊ အသားနှင့် ပြုပြင်ထားသော အသားထွက်ကုန်များ တင်ပို့မှု အနည်းငယ် ကျဆင်းခဲ့သည်။

ဖေဖော်ဝါရီလ တွင် ဆန်တင်ပို့မှု ပမာဏသည် နှစ်စဉ် ၃၃ ဒသမ၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အိန္ဒိယပြီးလျှင် ကမ္ဘာ့ဒုတိယ အကြီးဆုံး ဆန်တင်ပို့သည့် ထိုင်းနိုင်ငံသည် အိန္ဒိယ၏ ဆန်တင်ပို့မှုပြန်လည်စတင်ပြီးနောက် ၂၀၂၄ ခုနှစ်တွင် ဆန်တန်ချိန် ၉ ဒသမ၉၅ သန်းမှ ယခုနှစ်အတွင်း တန်ချိန် ၇ ဒသမ၅ သန်း တင်ပို့နိုင်မည်ဟု မျှော်လင့်ထားကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

တစ်ချိန်တည်းမှာပင် မော်တော်ယာဉ်၊ စက်ကိရိယာနှင့် မော်တော်ယာဉ်အစိတ်အပိုင်းများကြောင့် ဖေဖော်ဝါရီလ၏ စက်မှုထုတ်ကုန်တင်ပို့မှုမှာ တစ်နှစ်ထက်တစ်နှစ် ၁၇ ဒသမ၂ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ (ကွန်ပျူတာများ၊ ဆက်စပ်ပစ္စည်းများနှင့် ကွန်ပျူတာ အစိတ်အပိုင်းများ၊ ကျောက်မျက်နှင့် လက်ဝတ်လက်စားများ (ရွှေမပါ)၊ ရော်ဘာထုတ်ကုန်များ၊ လေအေးပေးစက်များနှင့် အစိတ်အပိုင်းများ၊ စက်ယန္တရားများနှင့် အစိတ်အပိုင်းများနှင့် အီလက်ထရွန်နစ် ဆားကစ်များ ပါဝင်သည်။)

ညွှန်ကြားရေးမှူးချုပ် Mr. Poonpong က အဓိက ဈေးကွက်အများစုတွင် တင်ပို့မှုများ တိုးတက်လာခဲ့ကြောင်း၊ အထူးသဖြင့် ထုတ်လုပ်ရေးကဏ္ဍ တိုးတက်မြင့်မားလာသည့်အတွက် ဝယ်လိုအား များပြားလာခြင်းကြောင့် တရုတ်နိုင်ငံသို့ ပို့ကုန်များ ၂၂ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးမြှင့်တင်ပို့နိုင်လာသည်ဟု ပြောကြားခဲ့သည်။

ဖေဖော်ဝါရီလအတွင်း ထိုင်းနိုင်ငံ၏ အကြီးဆုံး ဈေးကွက်ဖြစ်သည့် အမေရိကန်သို့တင်ပို့မှုများမှာ တစ်နှစ်တာနှိုင်းယှဉ်မှုအရ ၁၈ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ထို့ပြင် တောင်အာရှနိုင်ငံများမှ ထိုင်းနိုင်ငံ၏ ကျောက်မျက်ရတနာများနှင့် လက်ဝတ်ရတနာများအပေါ် ဝယ်လိုအား မြင့်တက်ခဲ့သည်။

၂၀၂၅ ခုနှစ် ပထမသုံးလပတ်တွင် ခိုင်မာသော ကုန်ထုတ်လုပ်မှု၊ အီလက်ထရွန်နစ်ပစ္စည်းဝယ်လိုအား မြင့်တက်လာမှုနှင့် ပထဝီနိုင်ငံရေး တင်းမာမှုများကို ဖြေလျှော့ပေးခြင်းဖြင့် ပို့ကုန်တိုးတက်မှုနှုန်း အနည်းဆုံး ၁၀ ရာခိုင်နှုန်း တိုးတက်လာမည်ကို ခန့်မှန်းခဲ့သည်ဟု သိရှိရသည်။

၂၀၂၄ ခုနှစ်တွင် ထိုင်းပို့ကုန်သည် ၅ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၀၁ ဘီလီယံရှိခဲ့သည်။ ယခုနှစ် ၂၀၂၅ ခုနှစ် တွင် ၂ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းအထိ တိုးလာမည်ဟု ဝန်ကြီးဌာနက ခန့်မှန်းထားခဲ့ပြီး လယ်ယာထွက်ကုန် အထူးသဖြင့် သစ်သီးဝလံများသည် ဒုတိယသုံးလပတ်တွင် တိုးလာမည်ဟု မျှော်လင့်ထားကြောင်း၊ အမေရိကန်၏ ကုန်သွယ်မှုမူဝါဒ အပြောင်းအလဲများကို စောင့်ကြည့်ရန် လိုအပ်ကြောင်းနှင့် အဆိုပါ ပြောင်းလဲမှုသည် ယခုနှစ် လက်ကျန်လများအတွက် စိန် ခေါ်မှုများ ရှိလာနိုင်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**(Bangkok Post သတင်း Website မှ သတင်း ၂၀၂၅ဖြစ်သည့် ၂၂-၃-၂၀၂၅ ရက်နေ့ Exports grow by 14% as momentum continues နှင့် ၂၁-၃-၂၀၂၅ ရက်နေ့ Thai February exports jump 14%, beating forecast တို့အား စုစည်းဘာသာပြန် တင်ပြထားခြင်းဖြစ်ပါသည်။)**

# ပို့ကုန်အဟောင်းနှင့် ပို့ကုန်အသစ်များ ဈေးကွက်ပိုမိုရရှိရေး ကြိုးပမ်းဆောင်ရွက်

တနင်္သာရီတိုင်းဒေသကြီးရှိမြိတ်ကုန်သွယ်ရေးစခန်းသည် မြန်မာ့ပို့ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့နိုင်ရေးအတွက် တွန်းအားပေး ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည်။ ရေထွက်ကုန်ပစ္စည်းများ အဓိကတင်ပို့ခဲ့သည့် မြိတ်စခန်းသည် ကော့သောင်းစခန်းအား Check point အဖြစ်သတ်မှတ်ပြီးသည့် နောက်ပိုင်းတွင် မြိတ် ပင်လယ်ပြင်မှ ဖမ်းဆီးရမိသည့် ရေထွက်ပို့ကုန်များကို ကုန်ကျစရိတ်၊ အချိန်သက်သာစေရေးအတွက် ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ထွက်ပေါက်ဖြင့် ထိုင်းနိုင်ငံသို့ တင်ပို့နေကြခြင်းဖြစ်သဖြင့် မြိတ်စခန်းအနေဖြင့် ရေထွက်ပို့ကုန် သိသိသာသာ လျော့နည်းခဲ့သည်။

ထို့ကြောင့် မြိတ်ကုန်သွယ်ရေးစခန်းသည် အခြား ပို့ကုန်ပစ္စည်းများကို ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ရေး ကြိုးပမ်းရှာဖွေ၍ ဘက်စုံတွန်းအားပေး ကြိုးပမ်းဆောင်ရွက်ရသည့် ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ အမှန်ဆောင်ရွက်နိုင်မှုအနေဖြင့် ပို့ကုန် အမေရိကန်ဒေါ်လာ ၆၃ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ပို့ကုန်စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းသည် ရော်ဘာကုန်ကြမ်း၊ ၃၅ ရာခိုင်နှုန်းသည် ငါးအမှုန့်တို့ အဓိကတင်ပို့လျက်ရှိသည်။ ယခင်နှစ်ကာလတူက ပို့ကုန်အမေရိကန်ဒေါ်လာ ၄၃ သန်းနှင့် တင်ပို့နိုင်သဖြင့် ကာလတူထက် အမေရိကန်



ဒေါ်လာ သန်း ၂၀ ပိုမိုတင်ပို့နိုင်ခဲ့သည်။

ထိုကဲ့သို့ ပို့ကုန်နှုန်းဆ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် မြိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ယခင်နှစ်များက တင်ပို့မှုရှိခဲ့ပြီး ယခုနှစ်တွင် ကွယ်ပျောက်လျက်ရှိသည့် ပို့ကုန်အမယ်များ ဖော်ထုတ်ခြင်း၊ ပို့ကုန်အမယ်သစ်အတွက် ဈေးကွက်ရရှိရေး ချိတ်ဆက် ကြိုးပမ်းဆောင်ရွက်ခြင်းအပြင် ပို့ကုန်များတင်ပို့ရာတွင် လွယ်ကူလျင်မြန် ချောမွေ့စွာ တင်ပို့နိုင်ရေး စဉ်ဆက်မပြတ် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် မန္တလေးတိုင်းဒေသကြီးမှ ထွက်ရှိသည့် ကြက်သွန်နီများကို မြိတ်မှ ရေလမ်းဖြင့် ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ရေး ကြက်သွန်နီ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးကာ မြိတ်မှ ကြက်သွန်နီ ပြည်ပ ပို့ကုန်တင်ပို့နိုင်ရေး ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် လွန်ခဲ့သည့် နှစ်နှစ်နီးပါးခန့်မှစ၍ ဈေးကွက်ဝယ်လိုအား ကွယ်ပျောက်ခဲ့သည့် မြန်မာ့တံမြက်စည်း ပို့ကုန်အမယ်ကို ပြန်လည် တင်ပို့နိုင်ရေးအတွက် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ပထမပတ်တွင် ကုန်သည် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ တစ်ဖက်နိုင်ငံ ဈေးကွက်နှင့် ပြန်လည်ချိတ်ဆက်တင်ပို့နိုင်ရေး စည်းရုံးဆွေးနွေးမှုများ လုပ်ဆောင်ခဲ့သည်။

အဆိုပါ ဆွေးနွေးညှိနှိုင်းမှုများကြောင့် ထိုင်းနိုင်ငံ ရနောင်းဝယ်လက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလထိ နှစ်လအတွင်း မြန်မာ့တံမြက်စည်း ၁၈၁၀၀၀ ဝယ်လိုအားရှိခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၀၀၀၀ နီးပါး ပို့ကုန်ဝင်ငွေ ရရှိခဲ့သည်။

မြန်မာ့တံမြက်စည်းသည် သဘာဝ ပစ္စည်းများဖြစ်သည့် မြက်၊ ဝါးတို့ဖြင့် ပြုလုပ်ထားခြင်းဖြစ်သဖြင့် အဆောက်အအုံ၏ အတွင်း၊ အပြင် လှည်းကျင်းနိုင်သည့်အပြင် ပေါ့ပါးခြင်း၊ ကြာရှည်ခံခြင်းတို့ကြောင့် ထိုင်းနိုင်ငံသည် မြန်မာ့တံမြက်စည်းအား နှစ်သက်ကြသည်။ ထို့ပြင် ထိုင်းနိုင်ငံသည် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် ကမ္ဘာလှည့်ခရီးသွားများ တည်းခိုမှု ၊ စားသောက်မှု ၊ Public နေရာများ အတွက် အဓိက အရေးပါဆုံးဖြစ်သည့် သန့်ရှင်းမှု ရှိစေရေးကို အထူးအလေးထား ဆောင်ရွက်ကြသည်။ ထို့ကြောင့် သန့်ရှင်းရေး ပြုလုပ်ရာတွင် လိုအပ်သည့် တံမြက်စည်းကို ထိုင်းနိုင်ငံဘက်မှ ဝယ်လိုအား မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

နောင်လာမည့် ကာလများအတွက်လည်း ထိုင်းနိုင်ငံဘက်မှ ဝယ်လိုအား အမှာစာ ရရှိထားပြီးဖြစ်သဖြင့် လစဉ် တင်ပို့သွားမည် ဖြစ်ကြောင်းကို ပို့ကုန်လုပ်ငန်းရှင်ထံမှ သိရသည်။ ထိုင်းနိုင်ငံဘက်မှ ဝယ်လိုအားအရ မိမိနိုင်ငံတွင်လည်း တံမြက်စည်း ပြုလုပ်သူများနှင့် ထပ်မံချိတ်ဆက် ဆောင်ရွက်နိုင်ရေး မြိတ်ကုန်သွယ်ရေးစခန်းက ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ့ထွက်ကုန်ပို့ကုန်ပစ္စည်းများ ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေး ဈေးကွက်ပျောက်ကွယ်သွားသည့် မြန်မာ့တံမြက်စည်းကဲ့သို့ပင် အခြားပို့ကုန်အမယ်များကို ထပ်မံဖော်ထုတ်၍ ပြန်လည်တင်ပို့နိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ပို့ကုန်အမယ်သစ်များ တင်ပို့နိုင်ရေးအတွက် ဈေးကွက်သစ်များ ရှာဖွေချိတ်ဆက်ပေးခြင်းများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

**မြိတ်ကုန်သွယ်ရေးစခန်း**

# စတုတ္ထစက်မှုတော်လှန်ရေးနှင့် ဒစ်ဂျစ်တယ်အသိပညာမြင့်မားရေး

ထွန်းသက်ထွန်း

ရိုးရှင်းစွာဆိုရလျှင် 4-IR ဟုခေါ်သည့် စတုတ္ထစက်မှုတော်လှန်ရေးဆိုသည်မှာ ဒစ်ဂျစ်တယ်၊ ရုပ်ပိုင်းဆိုင်ရာနှင့် ဇီဝဗေဒ နည်းပညာများ ပေါင်းစည်းမှု၏ သွင်ပြင်လက္ခဏာဖြစ်သည်။ ဤနည်းပညာများ ပေါင်းစည်းမှုသည် ဉာဏ်ရည်တုနည်းပညာ (AI)၊ စက်ရုပ်နည်းပညာ၊ ဘိုင်အိုနည်းပညာနှင့် Internet of Things (IoT) ဟု ခေါ်သည့် အင်တာနက်ဆက်စပ်ပစ္စည်းများနှင့် အာရုံခံ နည်းစနစ် ပေါင်းစည်းသည့် နည်းပညာများ၏ အောင်မြင်မှုများကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ဤကဲ့သို့ အလိုအလျောက် စနစ် automation နှင့် AI ပေါင်းစည်းမှုသည် တစ်ကမ္ဘာလုံးဆိုင်ရာ လုပ်သားအင်အားစုအတွက် စိန်ခေါ်မှုများ ဖြစ်ပေါ်စေခဲ့သည်။

သမားရိုးကျ အလုပ်အကိုင် ပုံစံများပြောင်းလဲလာခြင်း (သို့) ခေတ်ကုန်သွားခြင်း မှတစ်ဆင့် အလုပ်အကိုင် အခွင့်အလမ်းများ ဆုံးရှုံးနိုင်ခြေများအတွက် စိုးရိမ်ဖွယ်ဖြစ်လာပြီးနောက် ပြောင်းလဲလာသည့် အလုပ်အကိုင် နည်းစနစ်၊ အခင်းအကျင်းများနှင့် လိုက်လျောညီထွေဖြစ်နိုင်စေရေးအတွက် လုပ်သားများ၏ ကျွမ်းကျင်မှုများကိုမြှင့်တင်ရန်၊ အရည်အချင်းများကိုမြှင့်တင်ရန် အချိန်ကျရောက်လာပြီဖြစ်သည်။

အာဆီယံဒေသသည် အင်တာနက် အသုံးပြုသူလျင်မြန်စွာ တိုးတက်လာသည့် ဒေသတစ်ခုဖြစ်ပြီး တစ်နေ့လျှင် အင်တာနက် သုံးစွဲသူ အသစ် ၁၂၅၀၀၀ ဝင်ရောက်လျက်ရှိသည်။ ဤနေရာတွင် နည်းပညာ လက်လှမ်းမီသူများနှင့် မမီသူများကြား ဒစ်ဂျစ်တယ်ကွာဟမှုသည် ပိုမိုနက်ရှိုင်းလာကာ ပညာရေး၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် သတင်းအချက်အလက် ရယူနိုင်မှု ကွာဟချက်များကို ဖြစ်ပေါ်စေသည်။ ကျေးလက်ဒေသများ နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများတွင် ဆက်သွယ်ရေးစနစ်များ၊ ဒစ်ဂျစ်တယ် ကိရိယာများ အကန့်အသတ်ရှိမှုကြောင့် ဒစ်ဂျစ်တယ်စီးပွားရေးစနစ်တွင် ပါဝင်နိုင်ရန် အဟန့်အတားများ ဖြစ်ပေါ်လျက်ရှိသည်။

ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး ရေလှိုင်းကြီးသည် ကုန်စည်နှင့် ဝန်ဆောင်မှုကဏ္ဍကို သိသာထင်ရှားသည့် ပြောင်းလဲမှုများဖြစ်စေရုံသာမက ဆန်းသစ်သည့်အလုပ်အကိုင်ပုံစံသစ်များ၊ အနာဂတ်အတွက် အလုပ်အကိုင် အခင်းအကျင်းသစ်များကိုလည်း ပြောင်းလဲစေမည်ဖြစ်သည်။ ဌာနနှင့် ဝေးကွာသည့် အရပ်မှ လှမ်း၍ တာဝန်ထမ်းဆောင်မှုများသည် မရှိမဖြစ် စံနှုန်းတစ်ခုဖြစ်လာပြီး ကိုဗစ်ကပ်ရောဂါသည် "Gig Economy" ဟု ခေါ်သည့် လုပ်ငန်းရှင်များနှင့် လုပ်သားများအတွက် လွတ်လပ်သည့် လုပ်ငန်းပုံစံအသစ်တစ်ခုကိုဖြစ်ပေါ်စေခဲ့ကာ အာဆီယံဒေသအတွက် သိသာထင်ရှားသည့် အပြောင်းအလဲတစ်ခုကိုဖြစ်ပေါ်စေခဲ့သည်။

ဤအပြောင်းအလဲကာလအတွင်း လူတစ်ဦးချင်းစီအတွက် အလုပ်နှစ်ခု သို့မဟုတ် သုံးခု တစ်ပြိုင်နက် ဆောင်ရွက်သည့် အလေ့အထလည်း ပေါ်ပေါက်လာခဲ့သည်။ ထို့အပြင် ပုဂ္ဂလိက အငှားယာဉ်မောင်းများ၊ အစားအသောက် ပို့ဆောင်ပေးသူများနှင့် အွန်လိုင်းဝန်ဆောင်မှုပေးသူများစသည့် ကဏ္ဍအသီးသီးတွင် စွန့်ဦးတီထွင်သူ အရေအတွက်လည်း တိုးပွားလာသည်။

### အနာဂတ် အာဆီယံလုပ်သားအင်အားစုကို အကာအကွယ်ပေးမှု

စတုတ္ထစက်မှုတော်လှန်ရေး 4-IR ကို ထိရောက်စွာ အသုံးချနိုင်ရေးအတွက် အာဆီယံအနေနှင့် ဤပြောင်းလဲနေသည့် ခေတ်ကြီးနှင့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည့် ခိုင်မာပြီး ကျွမ်းကျင်မှုပြည့်ဝသည့် လုပ်သားအင်အားစုကို ဦးစားပေး ဖန်တီးရန် လိုအပ်မည်ဖြစ်သည်။ 4-IR သည် ဒစ်ဂျစ်တယ်တော်လှန်ရေး အရ ပေါ်ပေါက်လာသည့် အီးကောမတ်စ်၊ Fintech၊ ဒစ်ဂျစ်တယ် ဖျော်ဖြေရေးများအတွက် စီးပွားရေးမော်ဒယ်အသစ်များကို ဖန်တီး ပေးနိုင်သည့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးမည်ဖြစ်သည်။

ထိုင်းနိုင်ငံတွင် အစိုးရအနေဖြင့် "Thailand 4.0" စီးပွားရေးမူဝါဒကိုချမှတ်ကာ နိုင်ငံ၏ စီးပွားရေးစနစ်ကို အသစ်တီထွင်မှုများဖြင့်မောင်းနှင်သည့် စနစ်ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ၎င်း၏ အဓိကလုပ်ဆောင်မှုများအတက် တစ်ခုမှာ စမတ်-ကုန်ထုတ်လုပ်မှု အပါအဝင် စမတ်စက်မှုလုပ်ငန်းမြှင့်တင်ရေးများဖြစ်သည်။ အဆိုပါ "Thailand 4.0" ၏ အစိတ်အပိုင်းတစ်ခုမှာ "အရှေ့ဘက်ခြမ်း စီးပွားရေးကော်ရစ်ဒါ" Eastern Economic Corridor (EEC) ကို ထူထောင်ခြင်းဖြစ်ပြီး ထိုင်းနိုင်ငံအရှေ့ဘက်ခြမ်းများတွင် အထူးစီးပွားရေးဇုန်များ ထူထောင်ကာ နည်းပညာမြင့်မားပြီး တီထွင်မှုများပါဝင်သည့် စီးပွားရေးဗဟိုချက်ကို ထူထောင်ခြင်းဖြစ်သည်။ အဆိုပါ EEC တွင် ထိုင်းအရှေ့ဘက်ခရိုင်သုံးခု ပါဝင်မည်ပြီး ၁၃၀၀၀ စတုရန်းမိုင်အကျယ်အဝန်းရှိသည်။

၂၀၂၄ နှစ် ပထမဆယ်လ (ဇန်နဝါရီ-အောက်တိုဘာလ) အတွင်း (EEC) တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၂၅၁ ခုသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအားလုံး၏ ၃၂ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်ဟု စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနမှ ထုတ်ပြန်ခဲ့သည်။ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ဘတ် ၄၅၇၃၉ သန်း (အမေရိကန်ဒေါ်လာ ၁. ၃၂ ဘီလီယံ) ဖြစ်ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုး၏ ၂၈ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။ အဆိုပါ ပမာဏမှာ ယမန်နှစ် အလားတူကာလထက် လုပ်ငန်း ၁၄၁ ခု တိုးတက်လာပြီး ရာခိုင်နှုန်းအားဖြင့် ၁၂၈ ရာခိုင်နှုန်း ရှိသည်။

၂၀၂၄ ခုနှစ်စာရင်း အရ ထိုင်း EEC တွင် ရင်းနှီးမြှုပ်နှံမည့် အကြီးဆုံး ရင်းနှီးမြှုပ်နှံမည့်သူများမှာ ပထမ ဂျပန်နိုင်ငံဖြစ်ပြီး လုပ်ငန်းပေါင်း ၈၆ ခု USD ၄၆၈ သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ဒုတိယအနေနှင့် တရုတ်နိုင်ငံမှ လုပ်ငန်းပေါင်း ၅၉ ခု တန်ဖိုး USD ၂၃၂ သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး တတိယအနေနှင့် ဟောင်ကောင်မှ လုပ်ငန်းပေါင်း ၁၈ ခု မှ USD ၁၅၁ သန်းဖိုး ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

အာဆီယံနိုင်ငံများအနေနှင့် 4IR ၏ တောင်းဆိုချက် များနှင့်အညီ ၎င်းတို့၏ ပညာရေးစနစ်များကို ပြန်လည် အကဲဖြတ်ရန်လိုအပ်မည်ဖြစ်သည်။ "STEM" ဟုခေါ်သည့် (သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာ) အတတ်ပညာများကို တိုးတက်လာသည့် ဒစ်ဂျစ်တယ်နည်းပညာများဖြင့်ပေါင်းစပ်သင်ကြားရေးကို အလေးပေးသင်ကြားရန်နှင့် ပြည်သူတို့ အား ယင်းလုပ်ငန်းများနှင့်ဆက်နွယ်သည့် ဘွဲ့ရများဖြစ်စေရေးတို့ကို အထူးအာရုံစိုက်သွားရန် လိုအပ်သည်။ အာဆီယံ အစိုးရများအနေနှင့် ၎င်းတို့၏အသက်မွေးဝမ်းကျောင်း သက်တမ်းတစ်လျှောက် ကျွမ်းကျင်မှုကိုမြှင့်တင်ရေး (Upskilling)၊ ပြောင်းလဲနေသည့် နည်းစနစ်များနှင့်အညီ ဆောင်ရွက်နိုင်ရေး (Reskilling) တို့အတွက် တာဝန်ယူဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။

စမတ်ကျသည့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တွန်းအားပေးသည့်အနေနှင့် အထူးပြုလေ့ကျင့်ရေး သင်တန်းကျောင်းများဖွင့်လှစ်ရန် လိုအပ်သလို ပြည်တွင်းလုပ်သားအင်အားစုများအတွက် အိုင်စီတီနှင့် လုပ်ငန်းလည်ပတ်မှု စနစ်များနှင့်သက်ဆိုင်သည့် သင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်ရန်လိုအပ်သည်။ ထိုင်းနိုင်ငံတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများပိုမိုခေတ်မီလာသည်နှင့် အမျှ ယင်းလုပ်ငန်းများနှင့်လိုက်လျောညီထွေဖြစ်စေမည် အဆင့်မြင့်ဒေတာ-သိပ္ပံပညာရှင်များ၊ အော်တိုမေးရှင်းအင်ဂျင်နီယာများနှင့် IT-OT ပညာရှင်များအတွက် အခွင့်အလမ်းပေါင်းများစွာ ဖန်တီးပေးလျက်ရှိသည်။

စင်ကာပူနိုင်ငံသည် ၎င်းကိုယ်တိုင် "SkillFuture" ဆိုသည့် အစပျိုးမှုမှတစ်ဆင့် ကမ္ဘာ့နည်းပညာ ဗဟိုချက်မ ဖြစ်လာစေရန် မဟာဗျူဟာချမှတ်ဆောင်ရွက်လျက်ရှိသည်။ စင်ကာပူအစိုးရသည် ဒေတာသုတေသီများ၊ ဉာဏ်ရည်တုနည်းပညာများ၊ ဆိုက်ဘာ လုံခြုံရေးနည်းပညာများ အစရှိသည့် 4-IR နည်း ပညာများကို လူတစ်ဦးချင်းစီ တတ်ကျွမ်းနားလည်စေရေး၊ ပညာရပ်များ အဆင့်မြှင့်တင်နိုင်ရေးအတွက် စဉ်ဆက်မပြတ် သင်ကြားရေး စနစ်များ ပြုလုပ်ပေးခြင်း၊ ငွေကြေးထောက်ပံ့မှုများပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ဤသည်က စင်ကာပူ၏ လုပ်သားအင်အားကို နည်းပညာကျွမ်းကျင်သော ပညာရှင်များအဖြစ်သို့ ကူးပြောင်းနိုင်စေခဲ့ပြီး နိုင်ငံစုံကုမ္ပဏီများကို ဆွဲဆောင်နိုင်ကာ ဒေသတွင်း ဆန်းသစ်တီထွင်မှု၏ ဦးဆောင်လမ်းပြဖြစ်လာခဲ့သည်။

> ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး ရေလှိုင်းကြီးသည် ကုန်စည်နှင့် ဝန်ဆောင်မှုကဏ္ဍကို သိသာထင်ရှားသည့် ပြောင်းလဲမှုများ ဖြစ်စေရုံသာမက . . .

### ဒစ်ဂျစ်တယ် နည်းပညာရယူခြင်း၏ အရေးပါမှု

4-IR တွင် အပြည့်အဝပါဝင်နိုင်ရေးအတွက် ဒစ်ဂျစ်တယ် နည်းပညာကို ရယူသုံးစွဲရန် အရေးကြီးသည်။ အစိုးရများသည် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်မည်ဖြစ်ပြီး ကျေးလက်နှင့် ဘေးဖယ်ထားခြင်းခံရသည့် လူ့အသိုင်းအဝိုင်းများတွင် အင်တာနက်နှင့် ဒစ်ဂျစ် တယ်ကိရိယာများကို သုံးစွဲနိုင်စေရန် စီစဉ်ပေးရမည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ များပြားလှသည့် ကျွန်းစုများကြောင့် 4-IR အခွင့်အလမ်းများကို သာတူညီမျှရရှိစေရေးတွင် ထူးခြားသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ အစိုးရ၏ Indonesia Broadband Plan သည် ဝေးလံခေါင်သီသော ဒေသများတွင် အင်တာနက် အသုံးပြုခွင့်ရရှိရန်နှင့် ကျေးလက်နေလူထုအား ဒစ်ဂျစ်တယ်စီးပွားရေးတွင် ပါဝင်နိုင်စေရန်ရည်ရွယ်သည်။

ထို့အပြင် ပညာရေးကဏ္ဍနှင့် စက်မှုကဏ္ဍမှ တာဝန်ရှိသူများ နီးကပ်စွာပူးပေါင်းဆောင်ရွက်မှု လိုအပ်လျက်ရှိပြီး လက်တွေ့ကဏ္ဍမှ ကျွမ်းကျင်မှုများနှင့် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုများကို ပေါင်းကူးပေးသည့် အစီအစဉ်များကိုချမှတ်သွား ရန်လိုအပ်သည်။ လက်တွေ့လေ့လာရေးအစီအစဉ်များ၊ အလုပ်သင်အစီအစဉ်များနှင့် နည်းပညာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ကျောင်းသားများအနေနှင့် လက်တွေ့ဘဝတွင် ဖြစ်ပေါ်နေမှုများ၊ လုပ်ငန်းအတွေ့အကြုံများကို ရရှိစေမည်ဖြစ်သည်။ ထိုင်းနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် သို့မဟုတ် "Digital Thailand" သည် အစိုးရ- ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုများ၏ စွမ်းအားကို မီးမောင်းထိုးပြလျက်ရှိသည်။

အစိုးရ၊ တက္ကသိုလ်များနှင့် နည်းပညာကုမ္ပဏီများအကြား ပူးပေါင်းဆောင်ရွက်မှုများသည် စက်မှု လုပ်ငန်းလို အပ်ချက်များကို ဖြည့်ဆည်းပေးသည့် အထူးပြုသင်တန်းများ ဖန်တီးရာတွင် လွယ်ကူ ချောမွေ့စေမည်ဖြစ်သည်။ တက္ကသိုလ်များသည် ပညာသင်ကြားပေးသည့်ဌာနတစ်ခု ဖြစ်ရုံမက start up လုပ်ငန်းများ၊ entrepreneur များ လေ့ကျင့်မွေးထုတ်ရာ ဌာနများအဖြစ်ပါ ဆောင်ရွက်လာကြပြီဖြစ်သည်။ ယင်းက ထိုင်းတက္ကသိုလ်ဘွဲ့ရများသည် နည်းပညာဆိုင်ရာ နယ်ပယ်များတွင် ထူးချွန်ရန် လိုအပ်သော အရည်အချင်းများ ပိုင်ဆိုင်ကြောင်း သက်သေပြနိုင်သည့် လုပ်ငန်းစဉ်များဖြစ်သည်။

အာဆီယံဒေသတစ်ဝန်းရှိ အစိုးရများအနေနှင့် ၎င်းတို့၏ ပညာရေးစနစ်များကို ပြုပြင်ပြောင်းလဲရန်အတွက် ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရမည်ဖြစ်သလို လူတစ်ဦးချင်းစီအား ဒစ်ဂျစ်တယ်ခေတ်တွင် ရှင်သန်ရန်လိုအပ်သည့် ကျွမ်းကျင်မှုများကို ပေးဆောင်နိုင်ရန် အလေးပေးဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အတူ တစ်သက်တာ သင်ယူမှုစနစ်ကိုအားပေးခြင်းဖြင့် လုပ်သားအင်အားစုသည် ပြောင်းလဲနေသည့် နည်းပညာများကို မျက်ခြည်မပြတ်ထိတွေ့နိုင်သည့် အခွင့်အလမ်းများကို ရရှိစေမည်ဖြစ်သည်။

Reference: www.asianewsnetworks.com/https://thailand.go.th/

# MYANMAR KINAN

CONSTRUCTION MACHINERY **RENTAL SERVICE**

## လူကြီးမင်းတို့ အနာဂတ်တွေ အတွက် Forklift / Excavator(ဘက်ဟိုး) သင်တန်းတက်ဖို့ စဉ်းစားရခက်နေပြီလား?

## Myanmar Kinan ကို အမြန်ဆုံး ဆက်သွယ်လိုက်ပါ။

| | |
|---|---|
| သင်တန်းကာလ | တနင်္လာနေ့ မှ သောကြာနေ့ အထိ (၅ရက်) |
| သင်တန်း အချိန် | နံနက် ၉နာရီ မှ ညနေ ၄နာရီ အထိ |
| သင်တန်းနေရာ | အမှတ်(၁၅၃),မြတောင်ဝန်ကြီးဦးမှိုလမ်း,သီလဝါပြည်တွင်းစက်မှုဇုန် |

**⚠ မှတ်ချက် ⚠**

သင်တန်းကာလအတွင်း သင်တန်းသားများ အတွက် နေ့လည်စာ စီစဉ်ပေးထားပြီး
သင်တန်း အတွက် လိုအပ်သော ရောင်ပြန်၊ Helmet များ ကိုပါ စီစဉ်ပေးထားသည့် အပြင်
သင်တန်းပြီးဆုံးပါက သင်တန်းပြီးဆုံးကြောင်းလက်မှတ် ( Certificate ) ပါ ရရှိမှာ ဖြစ်ပါတယ်

ဆက်သွယ်ရန် ဖုန်းနံပတ် ၀၉-၄၅၈၆၈၈၈၀၄/၀၉-၇၆၂၂၇၁၉၀၃





## San brotherhood Co., Ltd. မှ

အာမခံအပြည့်ပါဝင်ပြီး After Sale & Service ကောင်းမွန်သော

Air-Con , Refrigerator , Washing Machine

Solar , Battery , Inverter , Power Station များ

ဝယ်ယူရရှိနိုင်ပါပြီ










Sale & Service - 09-5084831, 09-885084831, 09-421054080 ( Nawaday Commercial Area )

အမှတ်(၁၂၆၄/ဃ)၊ လမ်း(၂၀)၊ နဝဒေး Shop House,(Super One ကုန်တိုက်အနီး) လှိုင်သာယာမြို့နယ်။

Show Room - 09-421089555, 09-421166438 ( Nawaday Commercial Area )

တိုက်(၂၀)၊ အခန်း(၁၀)၊ နဝဒေး Shop House,(မန်းမြို့တော်ခေါက်ဆွဲဆိုင်သစ်ဘေး)လှိုင်သာယာမြို့နယ်။

Head Office - 09-421054050 ( FMI City )


No.H.24, အထက်ပဒေသာပင်လမ်းမကြီး၊ FMI City, လှိုင်သာယာမြို့နယ်။

https://www.facebook.com/sanbrotherhoodairconservice.

sanbrotherhood.enggroup@gmail.com


CITY WINNER CO., LTD.
EXPORT, IMPORT & MANUFACTURE
CITY WINNER CO., LTD.
" ENJOY HEALTHY LIFE WITH CITY WINNER "
Our Member
CITY FOOD
Rakhine Traditional Food, Indian Food, Chinese Food, Thai Food
Head Office
No.(186-188), 7th Floor(A), Pansodan Road (middle block), Kyauktada Township, Yangon, Myanmar.
+959 440645757, +959 979444111, +959 402327617
info@city-winner.com
www.city-winner.com


CANOPUS
Myanmar Company Ltd
COXWIN 200
Auginal
NERVE
Canogrow 3 1
Canogrow Syrup
CleaVit
Multivitamins & Minerals
ZEST AZ
MOXICOR C 625
Tablets
ATOR VPC 10
FEROFOL
SILOS
Imported and Marketed By:
CANOSTAR Ventures Co., Ltd
Room No.5, Building B, Shwe Nguwar Street,
Shwe Sable Yeik Mon Housing,
Kamayut T/S, Yangon, Myanmar.
+95 1 535399
canopusmyanmar@gmail.com


BOWLING
Experience the fun at Rock & Bowl
where every moment is a striking success!
ROCK & BOWL
Contact Info
09 6777 888 93
Taw Win Road, 9 Mile,
Mayangone Township,
Yangon.
(Royal Sportainment Complex 1st Floor)


BLESSING TRADING CO., LTD.
EXPORTER & IMPORTER
saf-instant
FROZEN YEAST
LESAFFRE
IBIS
RED
S.I.Lesaffre
magimix
S.I.Lesaffre
Office
No. 136, 27th Street, Pabedan Township,
Yangon, Myanmar.
Tel : 01-246605, 387456
Fax : 95-1-246605,
HP : 09-51 81289, 09 250515276
Email : tinhtwemaung92@gmail.com
Residence
No.1/3,2nd Street, Upper Mandalay Road,
Kandawgalay, Mingalar Taung Nyunt
Township, Yangon, Myanmar.


Perkins
Shwe Ein Machinery
Reliable and cost-effective way of
meeting your power generation needs
SEM is the Appointed Perkins Distributor for Myanmar
Telecom gensets with 4 years extended warranty
Shwe Ein Machinery Limited
No.20, Myaing Hay Wun Lane, Industrial Zone, Thaketa Township, Yangon, Myanmar
Ph : 09 777 049 522, 09 777 049 530, 09 777 049 532
Mail | PerkinsMyanmar@sem.com.mm Web | sem.com.mm

# SHWE WAH YAUNG Agriculture Production Co.,ltd.



Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
Warehouse : No(465/A), Corner of Yaw Ah Twin Wun U Pho Hlaing Street & Kannar Street, Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
website : www.swymyanmar.com, Email : eximdept@swymyanmar.com, thaungtike@swymyanmar.com





တက်တိုး
Your CropSustain Partner
အပင်တက် အထွက်တိုးမယ့်
တက်တိုး
15:7:8+TE
ပွင့်သီး
ပင်သာ
ပင်သန်
တက်တိုးဓါတ်သား
တက်တိုး
မြေပြင်
မြေသန်ဆေး
888
တက်တိုး 1
NPK
21:11:11+TE
N : 46%
ကောင်းတိုး
DAP
64%
789
ပိုတက်(ရှိ)
UREA
G-44
UniCrop Co.,Ltd.

# COMMERCE INTERNATIONAL

# ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ဘိုးအောက်ဖိုရမ် ကျင်းပ

ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို စည်းလုံးညီညွတ်စွာ ကိုင်တွယ်ရန် ဖြေရှင်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် အာရှဒေသဆိုင်ရာ ဘိုးအောက်ဖိုရမ်ကို မတ် ၂၇ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုးအောက်ဖိုရမ် နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ ရက်က တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်ရှိ ဘိုးအောက်မြို့တွင် ကျင်းပခဲ့ရာ အပြည်ပြည်ဆိုင်ရာမှ နိုင်ငံ့ခေါင်းဆောင်များနှင့် စီးပွားရေးကဏ္ဍများကို ဦးဆောင်နေသူများ တက်ရောက်ခဲ့ကြသည်။




အာရှဒေသဆိုင်ရာ ဘိုးအောက်ဖိုရမ်(BFA) ၂၀၂၅ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို "ကမ္ဘာ့အခင်းအကျင်း အပြောင်းအလဲများကြား အာရှအနာဂတ်ကို အတူတကွဖန်တီးမည်"ဟူသည့် ခေါင်းစဉ်ဖြင့် တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ် ဘိုးအောက်မြို့တွင် မတ် ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့ခြင်း ဖြစ်သည်။

တရုတ်နိုင်ငံမှ အရေးကြီး အတွေးအခေါ်နှင့် အဆိုပြုချက်များစွာကို အဆိုပြုခဲ့ရာ ကမ္ဘာကြီးအတွက် တည်ငြိမ်မှုနှင့် သေချာရေရာမှုများကို ဖြည့်တင်းခဲ့ကြောင်း ယင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ပနိုင်ငံများမှ ခေါင်းဆောင်များနှင့် ကုန်သည်စက်မှု ကိုယ်စားလှယ်များက ပြောကြားခဲ့သည်။

လက်ရှိ ကြုံတွေ့နေရသည့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို နိုင်နိုင်နင်းနင်း ရင်ဆိုင်ကိုင်တွယ်နိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံအသီးသီးက စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် အာရှနှင့်ကမ္ဘာကြီး၏ သာယာလှပသော အနာဂတ်ကို အတူတကွတည်ဆောက်ရေးရန်တို့ကို အလေးပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"လက်ရှိကမ္ဘာက ဘက်ပေါင်းစုံမှာ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ အာရှနိုင်ငံအသီးသီးက ဒေသတွင်းနဲ့ ကမ္ဘာလုံးဆိုင်ရာ အပြန်အလှန်ချိတ်ဆက်မှုတွေကို ဆက်လက် ပိုမိုမြှင့်တင်ဖို့လိုအပ်ပါတယ်။ အခြားတစ်ဖက်မှာ မူဝါဒညှိနှိုင်းမှုတွေကို ပိုမိုအားဖြည့်ပြီး တစ်နိုင်ငံနဲ့ တစ်နိုင်ငံ လူမှုယဉ်ကျေးမှုတွေကို ကူးလူးဖလှယ်ရေးကနေ တစ်ဆင့် နားလည်မှုရှိရှိနဲ့ အပြန်အလှန် ယုံကြည်မှုကို နက်ရှိုင်းအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါ့ပြင် တရုတ်နိုင်ငံဟာ အာရှဒေသကနိုင်ငံတွေနဲ့သာမကဘဲ ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ ပူးပေါင်းဆောင်ရွက်မှုကို တွန်းအားပေးတဲ့နေရာမှာ အောင်မြင်တဲ့ အတွေ့အကြုံများစွာ ရှိထားပြီးဖြစ်တာကြောင့် တရုတ်နိုင်ငံက ဦးဆောင်တဲ့ အခန်းကဏ္ဍက ပါဝင်တာကို လက်ခံ ယုံကြည်ပါတယ်"ဟု လာအိုနိုင်ငံဝန်ကြီးချုပ် Sonexay Siphandone က ပြောဆိုခဲ့သည်။

ထို့နောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ယာယီအစိုးရ အကြံပေး အကြီးအကဲဖြစ်သူMuhammad Yunus က အာရှနိုင်ငံများ၏ ကံကြမ္မာမှာ အတူရောယှက်လျက်ရှိရာ နိုင်ငံအသီးသီးအနေဖြင့် ဘဏ္ဍာရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် လူရည်ချွန်ဖလှယ်ရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို ရှိပြီးသားထက် ပိုမိုတိုးမြှင့်ဆောင်ရွက်ကာ ဘုံသာယာဝပြောပြီး တိကျရှင်းလင်းသော လမ်းပြမြေပုံကို အတူတကွ ရေးဆွဲသင့်ကြောင်း ပြောဆိုခဲ့သည်။

အဆိုပါ ဖိုရမ်တွင် "၂၀၃၀ ပြည့်နှစ် မျှော်မှန်းချက်"နှင့် "ရပ်ဝန်းနှင့် ပိုးလမ်းမ" အတူတကွ တည်ဆောက်ရေး အဆိုပြုချက်အကြောင်း၊ နိုင်ငံဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုများနှင့် နည်းပညာဖလှယ်ရေးအတွက် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ပါက စီးပွားရေးတိုးတက်မှုကို တွန်းအားဖြစ်စေကြောင်း၊ နိုင်ငံအသီးသီးအနေဖြင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများ တစ်ဆင့်တိုး အားဖြည့်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းကဏ္ဍဖြတ်ကျော်၊ ဒေသဖြတ်ကျော်သည့် နီးကပ်သောဆက်သွယ်မှုများ တည်ထောင်ရန်၊ ဒေသတွင်း နည်းပညာ၊ ကုန်စည်ပစ္စည်းနှင့် အရင်းအနှီးများ လွတ်လပ်စွာ စီးဆင်းမှုကို နက်ရှိုင်းအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်းတို့ကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**Source; Xinhua**

# ဆိုလာခေါင်မိုးပါသည့် လျှပ်စစ်ကားကို တိုယိုတာ မိတ်ဆက်

ကမ္ဘာကျော် မော်တော်ကားကုမ္ပဏီကြီးတစ်ခုဖြစ်သည့် တိုယိုတာသည် ဆိုလာခေါင်မိုးပါသည့် သေးငယ်သော လျှပ်စစ်(EV)ကားကို ထုတ်လုပ်မိတ်ဆက်လိုက်ကြောင်း သိရသည်။

လျှပ်စစ် မော်တော်ကားများကို နေရောင်ခြည်ဖြင့် အားသွင်းနိုင်အောင် မော်တော်ကားကုမ္ပဏီ အများစုက ကြိုးပမ်းနေသည်မှာ အချိန်ကာလ တစ်ခုပင် ရှိခဲ့ပြီဖြစ်ရာ ယခုအချိန်တွင် တိုယိုတာက အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်သည်။




တိုယိုတာ ၎င်းကားကို FT-Me ဟု အမည်ပေးထားပြီး ကားခေါင်မိုးတွင် တပ်ထားသည့် Solar Panel ကနေ ကားကို အားသွင်းပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် နေရောင်ခြည်မှ ရသည့် စွမ်းအင်နှင့် တစ်ရက်ကို ကီလိုမီတာ ၃၀ (၁၉မိုင်)အထိ မောင်းနှင်နိုင်ကြောင်းနှင့် အားအပြည့်သွင်းထားပါက ကီလိုမီတာ ၁၀၀ (၆၂မိုင်) အထိ မောင်းနှင်နိုင်ကြောင်း သိရသည်။

FT-Me လျှပ်စစ်ကားသည် ရုံးသွား၊ ရုံးပြန်နှင့် မြို့ထဲကဲ့သို့ နေရာမျိုး၌သာ စီးနင်းနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း၊ အရွယ်အစားသေးငယ်ပြီး အရှည်က ၂ ဒသမ ၅ မီတာ (၉၈ လက်မ)သာရှိကြောင်းနှင့် ကားအရွယ်အစားမှာ ဂေါက်ရိုင်တွန်းလှဲ (Golf Cart) အရွယ်အစားခန့်သာ ရှိခြင်းကြောင့် ကားပါကင်ထိုးရာတွင် အထူးပင်အဆင်ပြေကြောင်း တိုယိုတာကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။


FT-Me လျှပ်စစ်ကားကို စွန့်ပစ်ပစ္စည်းများဖြင့် တည်ဆောက်ထားပြီး သာမန် ကားများထက် ကာဗွန်ထုတ်လုပ်မှုကို ၉၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်မည်ဖြစ်သည်။ တိုယိုတာက ထုတ်လုပ်ထားပြီးဖြစ်သည့် အရွယ်အစားကြီး လျှပ်စစ်ကားများထက် စွမ်းအင်သုံးစွဲမှု သုံးဆနည်းပါးကြောင်း သိရသည်။

တိုယိုတာက အဆိုပါ FT-Me လျှပ်စစ်ကားကို နိုင်ငံပေါင်း ၅၃ နိုင်ငံအထိ တင်သွင်းရောင်းချရန် ရည်ရွယ်ထားကြောင်း၊ ၎င်းကားမှာ ခြေထောက်သုံးစရာမလိုဘဲ လက်ဖြင့်သာ မောင်းနှင်နိုင်သည့်အတွက် Wheelchair User များပါ အသုံးပြု မောင်းနိုင်မည်ဖြစ်ပြီး ရောင်းဈေးမှာ အတိအကျ မသတ်မှတ်ရသေးသော်လည်း ဒေါ်လာ ၁၀၀၀၀ ဝန်းကျင် ဖြစ်နိုင်ကြောင်း သိရသည်။

**Source; Toyota Europe Newsroom**

စိုင်းဗညား - စုစည်းသည်

# ၂၀၂၅ တွင် နေထိုင်ရန်နှင့် အလုပ်လုပ်ရန် အကောင်းဆုံးနိုင်ငံများတွင် ဆွစ်ဇာလန်ဦးဆောင်နေ



၂၀၂၅ ခုနှစ်တွင် နေထိုင်ရန်နှင့် အလုပ်လုပ်ကိုင်ရန် အကောင်းဆုံး နိုင်ငံများကို Henley Opportunity Index က စစ်တမ်းကောက်ယူခဲ့ရာတွင် ဆွစ်ဇာလန်နိုင်ငံက နံပါတ်(၁)နေရာတွင် ဦးဆောင်နေကြောင်း သိရသည်။

Henley Opportunity Index သည် အထူးသဖြင့် ရင်းနှီးမြှုပ်နှံသူများကို လုံခြုံစွာနေထိုင်ရန် သို့မဟုတ် နိုင်ငံသားဖြစ်ခွင့်ကို ကူညီပေးသည့် ကမ္ဘာ့ထိပ်တန်း ရင်းနှီးမြှုပ်နှံမှုအဆင့်များကို ဦးစားပေး သတ်မှတ်ထားခြင်းဖြစ်သည်။

Henley Opportunity Index သည် နိုင်ငံပေါင်း ၁၈၀ ကျော်ထံကို စစ်တမ်းကောက်ယူပြီး ဖော်ပြထားခြင်းဖြစ်သည်။ ၎င်း၏ အညွှန်းကိန်းသည် အဓိကအချက် ခြောက်ချက်ကို အခြေခံ၍ အကဲဖြတ်ထားခြင်းဖြစ်ရာ ယင်းတို့မှာ ဝင်ငွေအလားအလာ၊ အလုပ်အကိုင် တိုးတက်မှု၊ ထိပ်တန်း အလုပ်အကိုင် အလားအလာ၊ ပရိမီယံပညာရေး၊ စီးပွားရေးနှင့် လူနေမှုဘဝ မြင့်မားခြင်း စသည်တို့ကို အခြေခံ တွက်ချက်ထားခြင်း ဖြစ်သည်။

၂၀၂၅ ခုနှစ်တွင် နေထိုင်ရန်နှင့် အလုပ်လုပ်ကိုင်ရန် အကောင်းဆုံး နိုင်ငံများတွင် ဆွစ်ဇာလန်နိုင်ငံက ထိပ်ဆုံးမှ ဦးဆောင်နေပြီး စင်ကာပူနိုင်ငံက ဒုတိယနှင့် အမေရိကန်ပြည်ထောင်စုက တတိယနေရာတွင် ရပ်တည်နေသည်။ ၎င်းတို့၏ နောက်တွင် ဩစတြေးလျ၊ ကနေဒါ၊ ယူနိုက်တက်ကင်းဒမ်း၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဩစတြီးယား၊ နယူးဇီလန်၊ အီတလီ၊ တရုတ်(ဟောင်ကောင်)၊ လတ်ဗီယား၊ မော်လ်တာ၊ ဟန်ဂေရီ၊ ဂရိနှင့် ပေါ်တူဂီတို့က အစဉ်အလိုက် ရပ်တည်နေကြသည်။

**Source; Henley Global**